# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် ၂၀၂၃ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၁၉၆)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် ၁၃၈၅ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား

**နှစ်ဟောင်းမှ နှစ်သစ်ကိုကူးပြောင်းတဲ့ မြန်မာ့ရိုးရာအတာသင်္ကြန် ကာလဟာ မြန်မာနိုင်ငံသားတို့ရဲ့ ရိုးရာဓလေ့ပွဲတော်များအနက် ထူးခြား လေးနက်မှုရှိတဲ့ ပွဲတော်တစ်ရပ်ပဲဖြစ်ပါတယ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား ပြောကြားစဉ်။

နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးတဲ့ ဒီလိုအချိန်ခါမှာ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ၊ မင်္ဂလာရှိတဲ့ နေ့ရက်များကို ပိုင်ဆိုင်နိုင်ကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေ၊ COVID-19 ကပ်ရောဂါဘေးကြီးကလည်း ကျော်လွှားနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ဖြတ်သန်းခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ပြန်ကြည့်မယ်ဆိုရင် COVID-19 ကပ်ရောဂါဖြစ်ပွားလာခဲ့တဲ့ စိန်ခေါ်မှုနဲ့ အခက်အခဲတွေ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့တဲ့ ကြီးမားတဲ့ မဲစာရင်းမှားယွင်းမှုများကြောင့် နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံတော်အာဏာကို အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ တာဝန်ပေးအပ်လာတဲ့အတွက် တပ်မတော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ရပြီး ပုံမှန်ကာလမဟုတ်တဲ့ အခြေအနေကို ရင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်ရဲ့ တာဝန်ကို ထမ်းဆောင်နေစဉ်ကာလအတွင်း ပြည်သူတွေရဲ့ ဆန္ဒနှစ်ခုဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း မိဘပြည်သူများရဲ့ ဆန္ဒများ ပြည့်ဝစေရေးအတွက် အစွမ်းကုန် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီလိုလုပ်ဆောင်ရာမှာ အစိုးရအဖွဲ့တစ်ခုတည်းသာ မဟုတ်ဘဲ မဏ္ဍိုင်များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားဖို့ လိုပါမယ်။ အရေးကြီးဆုံးကတော့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို

*စာမျက်နှာ ၃ ကော်လံ ၁* ❄

# သင်္ကြန်အတက်နေ့ တာချီလိတ်မြို့နယ်ရှိ ရေချောင်းများတွင် အပန်းဖြေအနားယူသူများနှင့် ရေကစားသူများဖြင့် စည်ကား

**တာချီလိတ် ဧပြီ ၁၆**



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ ရေချောင်းများတွင် ယနေ့ (ဧပြီ ၁၆ ရက်) သင်္ကြန်အတက်နေ့၌ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူသူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ (ယာပုံ)

တာချီလိတ် မြို့နယ်တွင် နှစ်စဉ် မယ်ဟုတ်ရေချောင်း၊ ပုန်းထွန်ရေချောင်း၊ မယ်ခေါင်ရေဆိပ်တို့၌ ဈေးရောင်းသူများ၊ ပျော်ရွှင်စွာ ရေကစားသူများ၊ အပန်းဖြေ အနားယူသူများဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ပြောကြားသည့် ၁၃၈၅ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက် မင်္ဂလာစကားများ** စာ » ၆၊၇

. . . . . . . . . . . . . . . .

**ပိတောက်အတွေး ငုအတွေး**
*သင်္ကြန်ဆောင်းပါး* စာ » ၈၊၉

. . . . . . . . . . . . . . . .

**အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်နိုင်ဖို့ အချိန်မီ အိမ်ပြန်လာကြစေချင်တယ်**
*ဆောင်းပါး* စာ » ၂၄

# မေတ္တာခါတ်တို့ ဖုံးလွှမ်းစေရာ

မြန်မာသက္ကရာဇ်အားဖြင့် နှစ်ဟောင်းကုန်လွန်၍ ၁၃၈၃ ခုနှစ်၊ နှစ်သစ်သို့ ရောက်ရှိပြီဖြစ်သည်။ နှစ်ဟောင်းသည် အတိတ်ဟောင်းအဖြစ် ကျန်ရစ်ခဲ့ပြီဖြစ်သလို နှစ်ဟောင်းဆီမှ အနိဋ္ဌာရုံပုံရိပ်တို့ နှစ်သစ်ဆီ ကူးပြောင်းလိုက်ပါမလာစေလိုဘဲ နှစ်သစ်ကို မျှော်လင့်ချက်အသစ်တို့ဖြင့် ကြိုဆိုလိုကြသည်မှာ အေးချမ်းသာယာမှုကို လိုလားသည့် နိုင်ငံသူ နိုင်ငံသားအားလုံးတို့၏ ဆန္ဒအမှန်ပင်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကင်းရှင်းပျောက်ကွယ်သွားရေး၊ နိုင်ငံတစ်ဝန်းအေးချမ်းသာယာရေးနှင့် တရားဥပဒေ၏ အရိပ်အောက်တွင် လုံခြုံစိတ်ချစွာ အသက်မွေးနိုင်ရေး၊ ကျောင်းသားကျောင်းသူများ စာသင်ခန်းဆီ ပြန်လည်ဝင်ရောက်နိုင်ရေး၊ ရောင်းရေးဝယ်တာနှင့် စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းတို့ ပွင့်လန်းစည်ပင်ရေးတို့ကို ပြည်သူတစ်ရပ်လုံးက နှစ်သစ်နှင့်အတူ မျှော်လင့်နေကြမည်ဖြစ်သည်။

အနာဒိကာလ အစမထင်သော သံသရာတစ်လျှောက်လုံး သတ္တဝါတို့၏ သန္တာန်၌ လောဘ၊ ဒေါသ၊ မောဟတရားတို့က မပြတ်မလတ် အဖန်ဖန် ကျရောက်ကာ လိုက်ပါဖျက်ဆီးနေခြင်းကြောင့် ကမ္ဘာလောကကြီးတွင် ကပ်အမျိုးမျိုးတို့ ကျရောက်ရခြင်းတို့ကို ဉာဏ်ပညာဖြင့် ဆင်ခြင်ကြည့်ကြရန်ပင်ဖြစ်သည်။ “လောဘသည် ဖြည်းဖြည်းညင်းညင်း၊ ဖြားဖြားယောင်းယောင်း၊ သက်သက်သာသာ သတ္တဝါတို့၏ အကျိုးစီးပွားကို ဖျက်ဆီးတတ်၏။ အာယတမစ္ဆမည်သော ငါးကဲ့သို့ ကောက်ကျစ်စဉ်းလဲခြင်းသဘောရှိ၏။ ဒေါသသည်ကား ဆောဆောလျင်လျင်၊ ဟူးဟူးရားရား၊ ကြမ်းကြမ်းတမ်းတမ်းပြု၍ သတ္တဝါတို့၏ အကျိုးစီးပွားကို ဖျက်ဆီးတတ်၏။ ကြမ်းတမ်းသော သဘောဖြင့် ဖြောင့်စင်းသော လက္ခဏာရှိ၏။ မောဟသည်ကား ထိုတရားနှစ်ပါးတို့၏ ရှေးဦးစွာ ခရီးညွှန်သဖွယ်ဖြစ်၏ ” ဟူ၍ မောင်းထောင်ဆရာတော်ကြီးက ရေးသားခဲ့ရာ လောဘ၊ ဒေါသနှင့် မောဟတို့၏ ဖျက်ဆီးတတ်သည့် သဘောကို သိမြင်နိုင်မည် ဖြစ်သည်။ မိမိတို့ ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် အတိတ်ကာလတစ်လျှောက်တွင် ယင်းမူလတရားတို့၏ ဖျက်ဆီးမှုတို့ကို အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ကြရခြင်းဖြစ်သည်ကို ဆင်ခြင်ကြည့်ပါက သိမြင်နိုင်မည် ဖြစ်သကဲ့သို့ပင် အကုသိုလ်တရားတို့ တစ်နှစ်ထက်တစ်နှစ်၊ တစ်လထက်တစ်လ၊ တစ်ရက်ထက်တစ်ရက် နည်းသည်ထက်နည်းပါးအောင် အားထုတ်ကြိုးပမ်းသွားကြရမှာလည်း ဖြစ်သည်။ သို့မှသာ ကိလေသာမီးတို့ကြောင့် ပူလောင်နေရသည့် လောကကို အေးမြချမ်းသာစေနိုင်မည်ဖြစ်သည်။

စိတ်၏ကိလေသာမှ လွတ်မြောက်ကြောင်းဖြစ်သော မေတ္တာကို မှီဝဲအပ်သည်ရှိသော်၊ ပွားစေအပ်သည်ရှိသော်၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်၊ စီးသောယာဉ်ကဲ့သို့ ပြုအပ်သည်ရှိသော်၊ တည်ရာကဲ့သို့ ပြုအပ်သည်ရှိသော်၊ မေတ္တာမှ မကွာစေအပ်သည်ရှိသော်၊ လေ့ကျက်အပ်သည်ရှိသော်၊ ကောင်းစွာအားထုတ်အပ်သည်ရှိသော်၊ တစ်ဆယ့်တစ်ပါးကုန်သော အကျိုးဆက်တို့ကို အလိုရှိအပ်ကုန်၏။ ဟူ၍ ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားခဲ့သည်။ မေတ္တာခါတ်တို့ ကိန်းအောင်းကာ မေတ္တာဖြင့် နေခြင်းသည် “ဗြဟ္မဝိဟာရီ” ဟုခေါ်သော မြတ်သောနေခြင်းဖြစ်သည်။ မေတ္တာ၏ တန်ခိုးအရှိန်အဝါကို ဘာသာတရားတိုင်းက အလေးအမြတ်ထားကြသကဲ့သို့ပင် ဗုဒ္ဓဘာသာတွင် ကုသိုလ်ကောင်းမှု ပုညကိရိယာ (၁၀) ပါးတို့ထက် မေတ္တာပို့ခြင်းက ပို၍ကြီးကျယ်မြင့်မြတ်သည်ဟု အသိအမှတ်ပြုထားသည်။

မေတ္တာပို့သူသည် ကိုယ်နှုတ်နှလုံး ဖြောင့်မတ်ရန်၊ ဆိုဆုံးမမှု လွယ်ကူရန်၊ နူးညံ့သိမ်မွေ့ရန်၊ မာန်မာနမရှိရန်၊ ရောင့်ရဲလွယ်ရန်၊ အသက်မွေးမှု ပေါ့ပါးရန်၊ ဣန္ဒြေငြိမ်သက်ရန်၊ ပညာရင့်ကျက်ရန် စသည့်အချက်များနှင့် ပြည့်စုံသည့်အခါ ဗြဟ္မဝိဟာရီ ဖြစ်လာမည်ဖြစ်သည်။ ထိုနည်းတူစွာ မေတ္တာခါတ်တို့ လွှမ်းခြုံသည့် ရပ်ရွာဒေသတိုင်းနိုင်ငံသည်လည်း မြင့်သောမြတ်သော အေးချမ်းသာယာသည့် သန္တိသုခနှင့် ပြည့်စုံသော ပတိရူပဒေသဖြစ်လာမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း။ ။

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

**နေပြည်တော် ဧပြီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ (၃) စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www. issuu. com/ myanmarnewspaper ၊ https://www.moi.gov.mm/mal၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## အသိပေး ကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
(၁၄-၄-၂၀၂၁)

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်စာရင်းတွင် မိုလိုတော့ဗ် (Molotov) စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။

ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
(၁၂-၄-၂၀၂၁)

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဧပြီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဧပြီ ၁၇ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ပေတလူတို့သူငယ်ချင်းတစ်စု၏ နှစ်သစ်ကူးချိန်တွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ပုံအကြောင်းကို ရေးဖွဲ့ထားသည့် “သင်္ကြန်ကပေးသည့်အသိတရား” မျက်နှာဖုံးကာတွန်း၊ မြန်မာတို့အတွက် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန် နှစ်သစ်ကူးအခါသမယအကြောင်းကို ရွှေသွေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲ” သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့ လက်ရာ” ကဏ္ဍ၊ ဘဝအောင်မြင်တိုးတက်ရေး ဆောင်ရွက်ရာတွင် ရှေ့ဆုံးကရောက်ရန်အတွက် အမြဲကြိုးစားရန် လိုအပ်ကြောင်းရေးဖွဲ့ထားသည့် “အိမ့်နှစ်” နှစ်မျက်နှာကာတွန်း၊ ဖုန်းအလွန်အကျွံသုံးစွဲ၍ လမ်းမှားရောက်နေသော ကျောင်းသားလေး မောင်ဘုန်းမြတ်သူသည် အသိတရားရ၍ အချိန်မီပြန်လည်ပြုပြင်နိုင်လိုက်ခြင်းကြောင့် လမ်းမှန်သို့ ရောက်၍ ယခင်ကဲ့သို့ အောင်မြင်မှုကို ပြန်လည်ရယူနိုင်ခဲ့ပုံအကြောင်း တင်ဆက်ထားသည့် “ဖုန်းငတ်သူ” ဝတ္ထုကဏ္ဍ၊ မိမိအတွက် အန္တရာယ်မရှိသရွေ့ သတ္တိရှိပြရခြင်းသည် အလွန်လွယ်ကူသော အလုပ်ဖြစ်ကြောင်းကို တင်ဆက်ထားသည့် “သိုးနှင့်ဝက်” ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**




○ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

## အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာဖြစ်ပြီး အာဏာသိမ်းခြင်းမဟုတ်

မဲစာရင်းမသမာမှုကိစ္စကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရှင်းလင်းပေးရန် ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်း၊ တပ်တွင်းမဲရုံများ ပြင်ပ၌ထားရှိရန်ကိစ္စကိုလည်း မိမိအနေဖြင့် ချက်ချင်းသဘောတူခဲ့ကြောင်း၊ သို့သော်လည်း တပ်မဲရုံများပါဝင်သည့် မြို့နယ်၏ မဲစာရင်းအားကြည့်ရှုရန် တောင်းခံသည့်အခါ မပေးခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ် ဖွဲ့စည်းပြီးနောက် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ မြို့နယ် ၉၈ မြို့နယ်တွင် မဲစာရင်းများ စစ်ဆေးဆောင်ရွက်ခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မဲစာရင်းနှင့် လဝကမဲစာရင်း ၄ သန်းလောက် ကွာခြားနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးထားသူ ၁ သန်းကျော်ရှိပြီး ၉၈ မြို့နယ်အတွင်း မဲလက်မှတ်များ ရေတွက်ကြည့်ချိန်တွင် ထုတ်ယူမှု ၁၄ သန်း ကျော်ရှိသော်လည်း အသုံးပြုမှု ၉ သန်း ကျော်ရှိကြောင်း၊ မဲလက်မှတ် ၅ သောင်းကျော် ပျောက်ဆုံးနေသည်ကိုတွေ့ရကြောင်း၊ တပ်မတော်မှ တွေ့ရှိခဲ့သည့် မဲမသမာမှုနှင့်စပ်လျဉ်း၍ ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေးကိုခေါ်ယူ၍ ဖြေရှင်းပေးရန် စာပို့ခဲ့သော်လည်း ဥပဒေအရ ဆောင်ရွက်၍မရဟု အကြောင်းပြခဲ့ကြောင်း၊ အဓိကမှာ လွှတ်တော်ကျင်းပမှုကို ရက်ရွှေ့ပေးရန် တတိယအဖွဲ့အစည်း တစ်ခု အပါအဝင် စစ်ဆေးရေးအဖွဲ့ဖြင့် မဲစာရင်းစစ်ဆေးရန် တောင်းဆိုခဲ့သော်လည်း လက်မခံခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယာယီသမ္မတ၏ တာဝန်ပေးချက်အရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာဖြစ်ကြောင်း၊ အာဏာသိမ်းခြင်း မဟုတ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

❈ရှေ့ဖုံးမှ

ဆောင်ရွက်ပြီး ညင်သာတဲ့ အသွင်ကူးပြောင်းမှုကို ဆက်လက်လုပ်ဆောင်နိုင်ဖို့ အားလုံးက အမြင်ကျယ်ကျယ်၊ ဉာဏ်ပညာရှိရှိဖြင့် ဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း တိုက်တွန်းလိုပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝတည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးနဲ့ အတူတကွ လက်တွဲပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ စီးပွားရေးကို ပြန်လည်တည်ဆောက်တဲ့နေရာမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လွှမ်းခြုံစဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဓိကကတော့ စီးပွားရေးအခြေခံအဆောက်အအုံတွေ ခိုင်မာရေးအတွက် အရေးကြီးတဲ့ စီးပွားရေး အင်စတီကျူးရှင်းတွေကို အားပေးတာတွေ၊ သေချာတဲ့ ကုန်ထုတ်လုပ်မှုတွေကို အားပေးတာတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ယခုလို COVID-19 ကပ်ရောဂါနဲ့ ပတ်သက်ပြီး တိုင်းရင်းသား ပြည်သူလူထုအတွက် ကာကွယ်ရေး၊ ကုသရေးတို့တွင် မျက်ခြည်မပြတ် စောင့်ကြည့်ဆောင်ရွက်ပေးလျက်ရှိရာမှာ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံထုတ်၊ တရုတ်နိုင်ငံထုတ်၊ ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးများကို လူဦးရေ ၁၅ သန်းကျော်အား ဦးစားပေးအဆင့် ၃ ဆင့်၊ အုပ်စု ၅ စုခွဲ၍ ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

လက်ရှိတွင် ကာကွယ်ဆေး ၃ သန်းခွဲ ရောက်ရှိနေပြီး ထပ်မံ၍ ၂၈ သန်း ရောက်ရှိမှာဖြစ်ပြီး ပြည်သူလူထုအတွက် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး အလေးထား ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ကျန်းမာမှသာ မိမိတို့ရဲ့ အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးနိုင်မှာပဲ ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေနိုင်ဖို့အတွက် ငြိမ်းချမ်းရေးကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် မည်သည့်ကိစ္စမျိုးကိုမဆို ရှောင်ရှားပြီး ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်ရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နေကြတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအနေဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ဒီမိုကရေစီလမ်းစဉ်ကို နည်းမှန်လမ်းမှန် လျှောက်လှမ်းနိုင်စေဖို့အတွက် ပူးပေါင်းဆောင်ရွက်စေလိုပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိမှသာ တိုင်းပြည်ရဲ့ တိုးတက်မှုဟာ ဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။

ယခုလို ၁၃၈၃ ခုနှစ် ကျက်သရေမင်္ဂလာရှိတဲ့ နှစ်သစ်ဦးအချိန်ကာလ အခါသမယမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ နှစ်ဟောင်းတွေမှ အားနည်းချက်တွေကိုပြုပြင်၊ အားသာချက်တွေကို ဆင်ခြင်သုံးသပ်မြှင့်တင်ပြီး နိုင်ငံတော်နဲ့နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ကျွန်တော်တို့နှင့်အတူ ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်ကြပါစို့လို့ ဆန္ဒမွန်ပြုနှစ်သစ်ဦး အမှာစကားပါးလိုက်ပါတယ်၊ အားလုံးကျန်းမာရွှင်လန်းကြပါစေခင်ဗျာ။

❖ရှေ့ဖုံးမှ

စည်ကားခဲ့ရာ ယခုနှစ် သင်္ကြန်ကာလတွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ တာချီလိတ်ခရိုင်အတွင်းရှိ မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ ကျိုင်းလပ်မြို့ရှိ ရေချောင်းများတွင်လည်း ပျော်ရွှင်စွာ အနာယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။**ဝေဖြိုးလေး(တာချီလိတ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၁၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/ဇလ

# ဗန်းမော်ဆရာတော်၏ ဆန္ဒ

ယခုအခါ တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ရောဂါကူးစက်ပြီး ရောဂါဝေဒနာ သန်းချီပြီး ရောဂါရပြီး သေကျေသူများလည်း သိန်းချီပြီး ရှိနေလေပြီ၊ သေချာပေါက်ပျောက်စေနိုင်သည့် ဆေးစွမ်းကောင်းများ မတွေ့ရသေးချေ။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်က ဒိဋ္ဌပျောက်စေနိုင်သည့် ဆေးနည်းတစ်လက်ကို ပြောပြပါမည်၊ ယုံယုံကြည်ကြည် အကြိမ်များစွာ မှီဝဲပါက ဒိဋ္ဌပျောက်ပါသည်။


၎င်းဆေးနည်းအကျဉ်းချုပ်မှာ-

(၁) ရတနာ့သုတ် ပရိတ်ကို တစ်နေ့ (၃)ကြိမ်ရွတ်၊

(၂) မေတ္တာသုတ်ကို တစ်နေ့ (၃)ကြိမ်ရွတ်

(၃) ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်တို့ကို (၃)ကြိမ်ပွားများပါ။

ပုတီးစိပ်ပြီးလျှင် သတ္တဝါအားလုံးတို့အား အမျှဝေပါ။ ဘုရား တရား သံဃာ ရတနာ(၃)ပါးတို့၏ တန်ခိုးရှိန်ဖော် အာနုဘော်ကြောင့် ယခုဖြစ်ပေါ်ပြီး ဒုက္ခပေးနေသည့် ကိုဗစ်-၁၉ ရောဂါများ အမြန်ပျောက်ကွယ်ပါစေဟု ဆုတောင်းမေတ္တာပို့လိုက်ကြပါ။



ကမ္ဘာသူ ကမ္ဘာသားအားလုံး ရောဂါဝေဒနာ အပေါင်းကင်းရှင်း၍ ကျန်းမာချမ်းသာကြပါစေ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ။

**ဦးကုမာရာဘိဝံသ**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

# ဘဒ္ဒန္တဝိစိတ္တာဘိဝံသ ပန္နရသမရွှေကျင်သာသနာပိုင် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၏ သြဝါဒ

အပ္ပမာဒေါ အမတံ ပဒံ, ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။
(ဓမ္မပဒပါဠိ၊ အပ္ပမာဒဝဂ်၊ ၂၁။)

၁။ ကုသိုလ်ပြုရန်၊ မမေ့ပြန်၊ နိဗ္ဗာန်ရောက်ရန်၊ လမ်းကြောင်းမှန်။

၂။ ကုသိုလ်ပြုရန်၊ မေ့နေပြန်၊ သုသာန်ရောက်ရန်၊ လမ်းကြောင်းမှန်။

၃။ မမေ့သောသူ၊ သေစေမူ၊ သေရာမရောက်၊ သက်မပျောက်။

၄။ မေ့နေသောသူ၊ ရှင်စေမူ၊ ရှင်ရာမရောက်၊ အသက်ပျောက်။

ဤဒေသနာအရ ဗုဒ္ဓဘာသာတို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ရောက်နိုင်ရန် ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုများကို မမေ့မလျော့ ကြိုးစားအားထုတ် ပြုလုပ်ရန် အလွန်လိုအပ်၏။

ကုသိုလ်ကောင်းမှုများကို မေ့လျော့ပြီး မပြုဘဲနေက အသက်ပင်ရှင်နေသော်လည်း သေသူနှင့် မခြား တစ်သားတည်းဖြစ်ပေ၏။



ထို့ကြောင့် နှစ်သစ်အခါသမယမှစ၍ ကုသိုလ်ကောင်းမှုများကို မမေ့မလျော့ဘဲ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြပါစေ။



# "ဖြဟ္မစိုရ်လေးဖြာ ပွားများပါ"

"ဖြဟ္မစိုရ်လေးဖြာ၊ တည်ကြပါမှ၊ သတ္တဝါဟူ၊ ဦးမည်းဖြူတို့၊ ရှင်လူခပင်း၊ ရောဂါကင်းလျက်၊ ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်၊ ချမ်းသာခွန်အား၊ သက်ရှည်ပွား၏" - ဟူသော မဃဒေဝလင်္ကာ၌ မိန့်ဆိုတော်မူသည်နှင့်အညီ... ၁၃၈၃-ခုနှစ်ဟု ဆိုအပ်သော နှစ်သစ်မင်္ဂလာသို့ ရောက်ရှိသည် အချိန်အခါမှစ၍ မြန်မာနိုင်ငံတော်သူ, နိုင်ငံတော်သားများအားလုံး မင်္ဂလာအပေါင်း ခညောင်း၍ဘေးဆိုး,ကပ်ဆိုး,ရောဂါဆိုးအမျိုးမျိုးမှ ကင်းဝေးကြစေရန်, ရုပ်ဆင်းအင်္ဂါ ပြည့်ဖြိုးစွာဖြင့် ချမ်းချမ်းသာသာ နေထိုင်နိုင်ကြစေရန်, ဘောဂဗလ စသော ဗလငါးတန်ဖြင့် ပြည့်စုံကြပြီး အနာမဲ့ကင်း အသက်ရှည်ခြင်း-ဟူသော အကျိုးတရားများနှင့် ပြည့်စုံနိုင်ကြစေရန်

* သူတစ်ပါးတွေကို ချမ်းသာစေလိုတဲ့ မေတ္တာ၊

* ဒုက္ခရောက်နေသူတွေကိုကိုယ်ချင်းစာတရားနှင့် သနားကြင်နာတဲ့ ကရုဏာ၊

* ကိုယ့်ထက် ပြည့်စုံချမ်းသာတဲ့ သူတွေကို ချမ်းသာမြဲ ချမ်းသာကြပါစေလို့ ဝမ်းမြောက်စွာ နှလုံးသွင်းနိုင်တဲ့ မုဒိတာ၊

* သတ္တဝါတွေဟာ ကိုယ်တိုင်ပြုလုပ်ထားတဲ့ အမှုကံအားလျော်စွာ ဖြစ်ကြရတာပဲလို့ မျှမျှတတ နှလုံးသွင်းနိုင်တဲ့ ဥပေက္ခာ-ဟူသော ဖြဟ္မစိုရ်လေးပါး အစဉ်ပွား၍ နေနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုအပ်ပါသတည်း။

**သန်လျင်မင်းကျောင်းဆရာတော်**
**ဘဒ္ဒန္တစန္ဒိမာဘိဝံသ**

# ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ၏ နှစ်သစ်ကူးစကားလက်ဆောင်

**မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်ကို လွန်မြောက်ပြီး တစ်နှစ်ကူးပြောင်းတဲ့ ၁၃၈၃ ခုနှစ် မြန်မာနှစ်သစ်ကူး ရောက်ရှိလာတဲ့အချိန်၊ သင်္ကြန်ဆိုတာ "သင်္ကမန္တ" ကူးပြောင်းခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ တစ်နှစ်လွန်မြောက်လို့ တစ်နှစ်ကူးပြောင်းတဲ့ အထိမ်းအမှတ်အနေနဲ့ မြန်မာသင်္ကြန် အခါတော်နေ့ဆိုတာ ဖြစ်လာတာပါ။**

လောကမှာလည်းပဲ ပညတ်သတ်မှတ်ချက်တွေဟာ ကူးပြောင်းနေကြပါတယ်။ အဲဒီလို ကူးပြောင်းတဲ့အခါမှာ လောကလူသားတွေက လောကကြီး ကောင်းသထက်ကောင်းအောင် ကူးပြောင်းတာမျိုးကို နှစ်သက်ကြတယ်။ ဆိုးတဲ့ အခြေအနေကနေ ကောင်းတဲ့အခြေအနေကို ကူးပြောင်းတာမျိုးကို နှစ်သက်ကြတယ်။

နှစ်ဟောင်းမှာ ဆိုးခဲ့တာတွေရှိမယ်၊ နှစ်သစ်မှာ ကောင်းဖို့။ နှစ်ဟောင်းမှာ ကောင်းခဲ့တာတွေ ရှိရင်လည်း နှစ်သစ်မှာ ပိုပြီးကောင်းဖို့ ကူးပြောင်းတဲ့အနေနဲ့ မိမိကိုယ်ကို အသိပေးပြီး နှလုံးသွင်းရတဲ့ "သင်္ကမန္တ" မဟာသင်္ကြန်အခါ လွန်မြောက်ခဲ့တော့ အခုနှစ်သစ်ကူး မင်္ဂလာအခါမှာ ကောင်းတာတွေ ကောင်းသထက် ကောင်းတာတွေပဲ ဆောင်ရွက်ကြဖို့ပါ။

"အတ္တိမေ ပုဗ္ဗေနပရံ ဝိသေသော" မြန်မာနိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ရှေးကာလအချိန်က ကိုယ့်ရဲ့ စိတ်ဓာတ်တွေနဲ့ နှောင်းကာလအချိန် စိတ်ဓာတ်တွေ ကောင်းသထက်ကောင်းပြီး ထူးထူးခြားခြားကြီး ကောင်းသွားအောင် ကြိုးစားတာကို "ဝိသေသော" လို့ ခေါ်တာပါ။ ထူးခြားသွားတာပါ။

၁၃၈၃ ခုနှစ် နှစ်သစ်ကူးမင်္ဂလာအခါမှာ အရင်ထက် စိတ်ဓာတ်တွေ ပိုကောင်းဖို့၊ စိတ်ဓာတ်ဆိုးတွေကို ပယ်ဖျောက်ပြီး စိတ်ဓာတ်ကောင်းတွေ ဖြစ်ဖို့၊ စိတ်ဓာတ်ကောင်းတွေကို နောက်ထပ် ပိုပြီးစိတ်ဓာတ်ကောင်းတွေ ဖြစ်ဖို့ပါ။

ပုထုဇဉ်တွေမှာ လောဘ၊ ဒေါသ၊ မောဟတွေ ရှိကြတာ သဘာဝပါ။ သို့ပါသော်လည်း နှစ်သစ်ကူး မင်္ဂလာအခါကစပြီး လောဘကြီးမယ့်အစား



လောဘတွေနည်းဖို့၊ လောဘနည်းမယ့်အစား လောဘတွေ ကင်းကုန်မရှိအောင် ကြိုးစားဖို့၊ ဒေါသတွေ ကြီးမယ့်အစား ဒေါသတွေ နည်းဖို့၊ ဒေါသတွေ နည်းမယ့်အစား ဒေါသတွေ ကင်းကုန်မရှိအောင် ကြိုးစားဖို့၊ မောဟတွေ ကြီးမယ့်အစား မောဟတွေ နည်းဖို့၊ မောဟတွေ နည်းမယ့်အစား မောဟတွေ ကင်းကုန်မရှိအောင် ကြိုးစားဖို့ တို့တစ်တွေ ကျင့်ရ၊ ကြံရ၊ အားထုတ်ရမှာပါလား။

ဒီလိုမကောင်းတဲ့ ကိလေသာစိတ်ဓာတ်ဆိုးတွေ ကင်းပျောက်ပြီးတော့ ကောင်းတဲ့ စိတ်ဓာတ်ကောင်း "အလောဘ၊ အဒေါသ၊ အမောဟ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ" သူတော်ကောင်းစိတ်ဓာတ်တွေ တိုးပွားအောင် ကြိုးစားရမှာပါလားလို့ မိမိတို့ကိုယ်တိုင်အသိတရားလည်း ရှိကြပါတယ်။ အသိတရားတွေလည်း ဝင်လာကြပါတယ်။

အဲဒီအသိတရားနဲ့ပဲ နှစ်သစ်ကူးမင်္ဂလာကစပြီး ၁၃၈၃ ခုနှစ်ဆိုတဲ့ မြန်မာသက္ကရာဇ် တစ်နှစ်လုံးသာမက နောင်နှောင် အမြဲထိ ကောင်းမြတ်တဲ့ အသိထူးတွေ၊ စိတ်ဓာတ်ထူးတွေ ရအောင် ကူးပြောင်းပြီး ကြိုးစားနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။

သူတော်ကောင်းတွေဖြစ်ကြပြီး မိမိတို့ မြန်မာနိုင်ငံကြီးကိုသာမက တစ်ကမ္ဘာလုံးကိုပါ ကောင်းသထက်၊ ကောင်းအောင် ဆောင်ရွက်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ အားကစားကွင်း / အားကစားရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ မေ ၁၅ ရက်နှင့် မေ ၁၆ ရက်များတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ တည်ဆောက်ပြုပြင် မွမ်းမံမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မေ ၁၅ ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အားကစားကွင်းကို ကြည့်ရှုစစ်ဆေးကာ အားကစားကွင်းသို့ ပြည်သူများ အချိန်ပြည့်လာရောက်ကစားနိုင်ရေးအတွက် အားကစားကွင်း စိမ်းလန်းစိုပြည်ရေးအတွက် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်ဘတ်ဂျက်ဖြင့် ပြန်လည်ပြုပြင်မွမ်းမံနေသော မိုးလုံလေလုံ အားကစားခန်းမပြန်လည်ပြုပြင်ခြင်း (၁၄၀' x ၁၁၀' x ၄၀') လုပ်ငန်းများနှင့် ခရိုင်ဘောလုံးအားကစားကွင်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်းလှမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တည်ဆောက်လျက်ရှိသော (၁၂၀' x ၉၀') အားကစားရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုးညိုမြို့နယ် ဘောလုံးအားကစားကွင်း ပွဲကြည့်စင် တည်ဆောက်နေမှု၊ မိုးလုံလေလုံ အားကစားရုံ တည်ဆောက်နေမှုများ၊ အုတ်ဖိုမြို့နယ် မီတာ (၄၀၀) ပြေးလမ်းနှင့် RCC Post and Chain Link ကာရံခြင်း လုပ်ငန်းများ၊ ပေါင်းတည်မြို့နယ် အားကစားခန်းမ၊ ရွှေတောင်မြို့နယ် ဘောလုံးအားကစားကွင်း၊ ပြည်မြို့နယ် အားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ ရောက်ရှိလာပြီး အလေးမ အားကစားရုံ၊ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၊ နေအိမ်တည်ဆောက်နေမှု၊ အောင်လံမြို့နယ် ဘောလုံးအားကစားကွင်းနှင့် တောင်တွင်းကြီးမြို့နယ် မိုးလုံလေလုံ အားကစားရုံ၊ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၊ နေအိမ်တည်ဆောက်ရန်အတွက် မြေနေရာသတ်မှတ်ပေးခြင်းကိုလည်းကောင်း၊ ဆက်လက်၍ မကွေးမြို့နယ်သို့ရောက်ရှိကာ ဖူဆယ်အားကစားရုံနှင့် မကွေးတိုင်း ဘောလုံးအားကစားကွင်း အထူးတန်းပွဲကြည့်စင် တည်ဆောက်နေမှု၊ အားကစားသမား သုံးထပ်အိပ်ဆောင် တည်ဆောက်နေမှု၊ ခရိုင် အားကစားကွင်း ပွဲကြည့်စင် တည်ဆောက်ထားမှု၊ ခရိုင်ဘောလုံးကွင်း အထူးတန်း ပွဲကြည့်စင် တည်ဆောက်နေမှု၊ တင်းနစ်အားကစားကွင်း အသစ်ပြန်လည်မွမ်းမံရန် ကြည့်ရှုစစ်ဆေးခြင်း၊ ရေနံချောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးနှင့် နေအိမ်တည်ဆောက်ရန် မြေနေရာသတ်မှတ်ပေးခြင်း၊ မိုးလုံလေလုံ အားကစားရုံ ပြုပြင်မွမ်းမံရန်နှင့် ရေနံချောင်းဘောလုံးကွင်း အကာအရံများ (Enter Faences) ပြန်လည်ပြုပြင်မွမ်းမံရန် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*○ ကျောဖုံးမှ*

ထို့အပြင် နေပြည်တော်အတွင်း အထင်ကရနေရာများဖြစ်သည့် နေပြည်တော် ရေပန်းဥယျာဉ်၊ ဇေယျာသီရိမြို့နယ် လေ့ခွင်းတောင် ကမ်းခြေ အပန်းဖြေစခန်း၊ ကျည်တောင် ရေဆိပ်၊ ပျဉ်းမနားမြို့နယ် ပေါင်းလောင်း ရေလွှဲဆည် တို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူ ရေပက်ကစားကြ၍ မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ဆင်နွှဲကြသည်။

**စတုဒိသာ ကျွေးမွေးလှူဒါန်း**

အလားတူ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိမြို့နယ်များရှိ မိသားစု ရေကစားမဏ္ဍပ်ငယ်များတွင် သင်္ကြန်ချစ်သူပြည်သူများက ပျော်ရွှင်စွာ ရေကစားကြ၍ စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် လှည့်ပတ်ပြီး ရေပက်ခံ ရေကစားကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများနှင့် လမ်းလျှောက်ရေပက်ခံကစားကြသူများကိုလည်း တွေ့ရသည်။

**လှည့်ကင်းများဖြင့် စောင့်ရှောက်**

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ခြင်း မရှိစေရန် စစ်ဆေးခြင်း၊ သတိပေးနှိုးဆော်ခြင်းများနှင့် လှည့်ကင်းများဖြင့် စောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

လေ့ခွင်းတောင် အပန်းဖြေစခန်းသို့ လာရောက်အနားယူ အပန်းဖြေသူ မငယ်ငယ်က "သူငယ်ချင်းတွေစုပြီး လယ်ဝေးမြို့ကနေ လာရောက်တာဖြစ်တယ်။ ဒီနေ့က သင်္ကြန်နောက်ဆုံးနေ့ဖြစ်တဲ့အတွက် အထင်ကရနေရာတွေကို လည်ပတ်ဖို့ရှိတယ်။ နှစ်ဆန်းတစ်ရက်နေ့ မှာလည်း သူငယ်ချင်းတွေနဲ့ပဲ ဘုရားသွားပြီး ကုသိုလ်ကောင်းမှု သွားလုပ်ကြဖို့ရှိတယ်။ နှစ်ဟောင်းမှာ မလုပ်ဆောင်နိုင်ခဲ့တဲ့ အရာတွေ၊ စိတ်ကူးစိတ်သန်းတွေကို အခုနှစ်သစ်မှာ အကောင်းဆုံး လုပ်ဆောင်သွားနိုင်ဖို့နဲ့ မဆုတ်မနစ် ကြိုးစားဆောင်ရွက်သွားဖို့ စိတ်ကူးထားတယ်။ အခုနှစ်သစ်မှာ အားလုံးငြိမ်းချမ်းပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

**သတင်း-နိုင်အောင်**

**ဓာတ်ပုံ-အေးနော်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ပြောကြားသည့် ၁၃၈၃ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက် မင်္ဂလာစကားများ

## မန်းငြိမ်းမောင်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်



မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ဘေးရန်ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေဖို့ ဒီနှစ်သစ်ကူးမှာ ကျွန်တော် ဆုမွန်ကောင်း တောင်းလိုက်ပါတယ် ခင်ဗျာ။ ကျွန်တော် ပထမဆုံးပြောချင်တာကတော့ နှစ်သစ်အခါရောက်တဲ့အချိန်မှာ ကျွန်တော်တို့တိုင်းပြည်မှာ တစ်ဦးနဲ့တစ်ဦး တစ်တိုင်းပြည်လုံး အမုန်းတရားတွေ ကွယ်ပျောက်ပြီး မေတ္တာမိုးတွေ သွန်းဖြိုးရောက်ရှိပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ ပြောချင်တာက ကျွန်တော်တို့တိုင်းပြည်ဟာ ပဋိပက္ခနွံထဲမှာ နှစ်ပေါင်း ၇၀ ကျော် နစ်နေတဲ့ တိုင်းပြည်တစ်ပြည်အနေနဲ့ ပဋိပက္ခနွံထဲက ရုန်းထွက်နိုင်ဖို့ ကျွန်တော်တို့တိုင်းပြည်မှာရှိတဲ့ အင်အားစုတွေအားလုံး၊ ပုဂ္ဂိုလ်တွေအားလုံး၊ ခေါင်းဆောင်တွေအားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့တိုင်းပြည်တည်ငြိမ်ဖို့၊ အေးချမ်းဖို့၊ လုံခြုံဖို့ အားလုံးမှာ တာဝန်ရှိကြတဲ့အတွက် တိုင်းပြည်ရဲ့မျက်နှာ၊ ပြည်သူရဲ့ မျက်နှာကို ထောက်ထားပြီးတော့ နှိမ့်နှိမ့်ချချစိတ်ထားနဲ့ ကျွန်တော်တို့အားလုံးမေတ္တာတရားရှေ့ထားပြီး ပဋိပက္ခနွံထဲက အကုန်လုံး ကိုယ်စီကိုယ်င တာဝန်ယူပြီးတော့ ရုန်းထွက်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

## ဦးခင်မောင်ဆွေ
## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်



အားလုံးမင်္ဂလာပါခင်ဗျာ။ အားလုံးသော ပြည်သူများ ကျန်းမာပကတိ ချမ်းသာစွာရှိပြီး ယခုကျရောက်နေတဲ့ ကိုဗစ်ရောဂါအန္တရာယ်မှလည်း ကင်းဝေးပြီးတော့ ငြိမ်းချမ်းသာယာတဲ့ မြန်မာ့လူ့ဘောင်ကြီးမှာ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ကြပါစေလို့ နှစ်သစ်ကူးမှာ အထူးပဲ ဆုတောင်းမေတ္တာပို့သပါတယ် ခင်ဗျာ။

ကျွန်တော်တို့ရဲ့ နိုင်ငံရေးနယ်ပယ်မှာ ဆိုရိုးစကားတစ်ခုရှိပါတယ်။ အဲဒါကတော့ ပါတီနိုင်ငံရေးခေါင်းဆောင်တွေဟာ ရွေးကောက်ပွဲတစ်ခု အနိုင်ရရေးကို ဦးစားပေး စဉ်းစားတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် နိုင်ငံကိုချစ်တဲ့ နိုင်ငံခေါင်းဆောင်တွေကတော့ အနာဂတ်မျိုးဆက်တွေ ကောင်းစားရေးကို ဘယ်လိုလုပ်ဆောင်ပေးရမလဲဆိုတာကို စဉ်းစားဆောင်ရွက်ပေးလေ့ရှိတယ်ဆိုတဲ့ ဆိုရိုးစကားတစ်ခုရှိပါတယ်။

မိဘပြည်သူများခင်ဗျာ။ ကျွန်တော်တို့တစ်တွေ ပြည်သူတွေဟာ ကျွန်တော်တို့ကို ချစ်တဲ့သူ၊ သင့်မြတ်တဲ့သူ၊ မုန်းတဲ့သူ၊ မသင့်မြတ်တဲ့သူအားလုံးကို နိုင်ငံသားပြည်သူ သန်း ၅၀ ကျော်ရဲ့အရေးကို ကျွန်တော်တို့ မျှော်တွေးစဉ်းစားဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုသန်း ၅၀ အရေးကို မျှော်တွေးစဉ်းစားပြီးတော့ လူ့ဘောင်အဖွဲ့အစည်းကြီး ညီညွတ်မျှတတဲ့ အနေအထားကိုရောက်ဖို့ အချိန်တန်ပါပြီ။ နောက်ပြီးတော့ မြန်မာပြည်ကြီးမှာ သာယာဖို့၊ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ယှဉ်တွဲနေထိုင်ကြဖို့ဆိုတဲ့ အမျိုးသားညီညွတ်ရေး စိတ်ဓာတ်တွေနဲ့အတူ မြန်မာတွေရဲ့ ခေတ်ဆန်းချိန်တစ်ခုကို အရောက်သွားဖို့ ဖော်ဆောင်ပေးကြဖို့၊ ကျွန်တော့်အနေနဲ့ ဒီနေရာကနေ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။

မိဘပြည်သူများခင်ဗျာ။ ပြည်သူတိုင်းမှာ နိုင်ငံကို ကာကွယ်ဖို့ တာဝန်ရှိပါတယ်။ ခေတ် အဆက်ဆက် ဘိုးစဉ်ဘောင်ဆက် နိုင်ငံကိုကာကွယ်ခဲ့တဲ့ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်းတို့ရဲ့ နိုင်ငံတော်ကို ဘိုးဘွားစဉ်ဆက် ကာကွယ်ခဲ့တယ်ဆိုတဲ့ သမိုင်းသက်သေဟာ ရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဘိုးဘွားစဉ်ဆက်တို့ရဲ့ တာဝန်ကျေမှု၊ ကျွန်တော်တို့ရဲ့ နိုင်ငံတည်ထောင်တဲ့ ဖခင်ကြီးတွေရဲ့ စေတနာဆန္ဒတွေကို လေးစားသောအားဖြင့် ကျွန်တော်တို့ဟာ တိုင်းတစ်ပါး သြဇာခံနိုင်ငံမဖြစ်ရေးအတွက် ကိုယ့်အမျိုးကိုချစ်ကြပါ။ အမိမြေကို ကာကွယ်ကြပါ။ နောက်ပြီး အားလုံးလိုလားတောင့်တနေကြတဲ့ အမျိုးသားနိုင်ငံတော်ကြီးဖြစ်တဲ့ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်ကြီးတစ်ခုကို ရောက်ရှိအောင် နိုင်ငံရေးသီလစင်ကြယ်စွာနဲ့ အမျိုးသားညီညွတ်ရေး၊ တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေးစိတ်ဓာတ်တွေနဲ့ ဖော်ဆောင်ပေးကြဖို့ ဒီနေရာကနေ ကျွန်တော်တိုက်တွန်းလိုပါတယ်။

မြန်မာ ပြည်သူအပေါင်း ချမ်းမြေ့သာယာ ရှိကြပါစေ။ မြန်မာပြည်ကြီး ကျန်းမာပါစေ။

## ဦးသိန်းညွန့်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်

တိုင်းပြည်ဟာ ဆိုဗီယက်ယူနီယံလို၊ ယူဂိုဆလပ်သမ္မတနိုင်ငံလို ပြိုကွဲသွားမယ့် အခြေအနေမျိုးရောက်ခဲ့ပြီးတော့၊ ပြီးရင် အီရတ်တို့၊ လစ်ဗျားတို့လို မဆုံးနိုင်တဲ့ အကြမ်းဖက်စစ်ပွဲတွေနဲ့ ရင်ဆိုင်ရမယ့် အန္တရာယ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ မြန်မာ့တပ်မတော်ဟာ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်မှာ တိုင်းပြည်ကို ကယ်တင်ခဲ့တယ်။

အဲဒီအပြင် တိုင်းပြည်ရဲ့ ဆင်းရဲတွင်းကနေ ငရဲတွင်းရောက်ပြီးတော့ ကျဆုံးမယ့် နိုင်ငံဖြစ်ဖို့ အခြေအနေမှာ ကျွန်တော်တို့ တိုင်းပြည်မှာ တကယ်အရည်အချင်းရှိတဲ့ ခေါင်းဆောင်မှု၊ တိုင်းပြည်အတွက် တကယ်အလုပ်လုပ်မယ့် ခေါင်းဆောင်မှုလိုအပ်လာတဲ့ အချက်တွေကို ဖြည့်စွက်နိုင်တဲ့အတွက် တိုင်းပြည်ဟာ အဆိုးထဲက အကောင်းတွေဖြစ်လာပါပြီ။ ဒါကြောင့် ဘယ်သူတွေ ဘာပြောပြော ဒီနေ့ မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တပ်မတော်ရဲ့ ဆောင်ရွက်ချက်တွေဟာ သမိုင်းမှာ ထိုက်ထိုက်တန်တန် ဂုဏ်ပြုမှတ်တမ်းတင်ခံရမှာပဲ။

ပြည်သူလူထုကလည်း မကြာခင်အချိန်အတွင်းမှာ ဘယ်သူက တိုင်းပြည်အတွက် လုပ်တယ်။ လူထုအတွက် လုပ်တယ်ဆိုတာ သိရမယ့်အချိန် ရောက်လာပါလိမ့်မယ်။ ဘယ်သူတွေ ဘာပြောပြော၊ ဘယ်လိုပဲ လုပ်ကြံဖန်တီးမှုတွေနဲ့ စွပ်စွဲ၊ စွပ်စွဲ တိုင်းပြည်အတွက် ဘယ်သူတွေက အလုပ်လုပ်ခဲ့တယ်။ တိုင်းပြည် ကောင်းရာ ကောင်းကျိုးကို ဘယ်ခေါင်းဆောင်က လုပ်ခဲ့တယ်ဆိုတာကို မကြာခင်အချိန်အတွင်းမှာ အဖြေပေးပါလိမ့်မယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ခေါင်းဆောင်မှုနဲ့ မြန်မာနိုင်ငံကိုအခုလို အလှည့် အပြောင်းလုပ်နိုင်တဲ့အတွက် ကျွန်တော်တို့ တိုင်းပြည်ဟာ အင်မတန်မှ ကံကြမ္မာကောင်းနဲ့ ကြုံခဲ့ရခြင်းဖြစ်ပါတယ်။



ဒီကံကြမ္မာကောင်းကို မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်မှာ အားလုံးက မြင်တွေ့ရပါလိမ့်မယ်။ အဲဒီအတွက် ဒီနှစ်သစ်မှာ ပြောချင်တဲ့အချက်က တစ်ချက်တည်းပါပဲ။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အကောင်းဆုံးအခြေအနေကို ရောက်နိုင်ဖို့၊ တိုင်းသူပြည်သားတိုင်း အနာဂတ် မျှော်လင့်ချက်ရှိဖို့ဆိုရင် ကျွန်တော်တို့ အားလုံးဟာ ဒီနေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ခေါင်းဆောင်မှုအောက်ကနေ တိုင်းပြည်ရဲ့ သမိုင်းတစ်ခေတ်ကို ရေးထိုးကြဖို့အတွက် အဆင်သင့်ရှိဖို့လိုကြောင်း ပြောကြားရင်းနဲ့ နှစ်သစ်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

## Jeng Phang နော်တောင်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်

ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူ တိုင်းရင်းသား လူမျိုး၊ မျိုးနွယ်စု၊ မျိုးနွယ်အပေါင်းတို့ခင်ဗျား-

နှစ်သစ်မင်္ဂလာ အခါသမယမှာ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြု ဆုမွန်ကောင်းတောင်း၍ မေတ္တာပို့သအပ်ပါတယ်။ မိမိတို့နိုင်ငံမှာ လတ်တလော ဖြစ်ပွားနေဆဲဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးအန္တရာယ်ကြီးဟာလည်းပဲ ကင်းစင်ပပျောက် သွားနိုင်ပါစေကြောင်း ထပ်လောင်း၍ အထူးဆုတောင်းအပ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများနဲ့ ကုသရေးလုပ်ငန်းများမှာသော်လည်းကောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးအန္တရာယ်ကြောင့် ထိခိုက်ကျဆင်းခဲ့ရတဲ့ ယနေ့ မိဘပြည်သူတိုင်းရင်းသား လူမျိုးအပေါင်းတို့ရဲ့ စီးပွားရေး လုပ်ငန်းများကို ပြန်လည်ဦးမော့ကောင်းမွန်လာစေပြီး ပြည်သူလူထုတစ်ဦးချင်းရဲ့ စားဝတ်နေရေး ပြီးပြည့်စုံရန်အတွက် သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ညီအစ်ကိုအချင်းချင်း ဖြစ်ပွားနေတဲ့ ပဋိပက္ခ ချုပ်ငြိမ်းစေရေးအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှာ သော်လည်းကောင်း။

နိုင်ငံ့ဝန်ထမ်းများဟာ လူနေမှုစနစ် အဆင့်မြင့်မားစွာ နေနိုင်ဖို့အတွက် စီမံဆောင်ရွက်ပေးမယ့် လုပ်ငန်းစဉ်များမှာ လည်းကောင်း၊ နောင်အနာဂတ်



တိုင်းပြည်ရဲ့ ခေါင်းဆောင်များ ဖြစ်လာကြမယ့် လူငယ်လူရွယ်များကိုလည်းပဲ သင့်မြတ်ကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိစေပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းတဲ့၊ ခေတ်မီတဲ့ ပညာရေးစနစ် ဖြစ်ထွန်းလာစေဖို့အတွက် စီမံဆောင်ရွက်တဲ့ လုပ်ငန်းများမှာ လည်းကောင်း ကျွန်တော်တို့တွေ အားလုံးဟာ အမြန်ဆုံး မလွဲမသွေ မုချ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အထူးသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


*စာမျက်နှာ ၆ မှ*


ရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လည်းကောင်း၊ မိမိတို့ရဲ့နိုင်ငံ အနာဂတ် ချမ်းမြေ့သာယာအောင် ဆောင်ရွက်ရာမှာ လည်းကောင်း၊ မိဘပြည်သူနဲ့ တိုင်းရင်းသားလူမျိုး၊ မျိုးနွယ်စုတို့ရဲ့ဘဝ ပျော်ရွှင်ရေး၊ အေးချမ်းသာယာရေးအတွက် လည်းကောင်း။

အများက လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မယ့် ရှေ့ခရီးလမ်းကြောင်းမှာ မိဘပြည်သူနဲ့ တိုင်းရင်းသားလူမျိုးအပေါင်း အားလုံးတို့ဟာ ကျရာကဏ္ဍအသီးသီးကနေ အပြုသဘောနဲ့ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေကြောင်း အထူးဆန္ဒပြု ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကိုယ်စိတ်နှစ်ဖြာ အားလုံး ကျန်းမာချမ်းသာကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမောင်းဟာ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်**

တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းသူပြည်သားတွေအားလုံးမင်္ဂလာပါ။ ကျွန်တော်က ချင်းအမျိုးသားဖြစ်ပါတယ်။ ချင်းအမျိုးသားဖြစ်ပေမယ့် ကျွန်တော်က ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်တဲ့သူဆိုတော့ မင်္ဂလာဆုတောင်း ပြောလို့ရှိရင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းအစဉ်အလာအရ ကျွန်တော်က ပြောမှာပါ။ နောက်ကျန်တဲ့ ဘာသာတွေမှာလည်း သူ့နည်းသူ့ဟန်နဲ့၊ သူ့ဆုတောင်းနဲ့ရှိမှာပါ။ ကျွန်တော်က အသက် ၆၉နှစ် ပြည့်တဲ့ ဒီဇင်ဘာလကစပြီးတော့ ပဋ္ဌာန်းကို အမြဲတမ်းရွတ်ပါတယ်။ ပဋ္ဌာန်းရွတ်တာကလည်း ကျွန်တော်ဝန်ထမ်းဘဝတုန်းက ကချင်ပြည်နယ်မြောက်ဖျား နောင်မွန်းမှာနေတုန်းက ဘုန်းကြီးကျောင်းမှာ တနင်္ဂနွေနေ့တိုင်း ဗုဒ္ဓဘာသာဝင်တွေစုပြီး ပဋ္ဌာန်းရွတ်တော့ အမှန်အတိုင်းပြောရရင် အဲဒီကျမှ ပဋ္ဌာန်းကို ဌာန်ကရိုဏ်းကျကျ ဖတ်တတ်သွားတာပါ။ အခု အသက် ၆၉ နှစ်ပြည့်ကာမှ ကျွန်တော် ပဋ္ဌာန်းကို ပြန်စရွတ်တာဆိုတော့ လေးလလောက်တော့ရှိပြီပေါ့။ အဲဒီတုန်းက ဆုတောင်းတာတော့ ပဋ္ဌာန်းရွတ်ပြီးရင် မေတ္တာပို့ပါ တယ်။ မေတ္တာပို့ပြီးရင် ဝေနေယျအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဒီလိုပဲ ကျွန်တော် မေတ္တာပို့ပါတယ်။ အခုကျတော့ ဒီနေရာမှာ ရောက်လာတဲ့အချိန်ကျတော့ ကျွန်တော် ဆုတောင်းတာ တစ်ခုတိုးပါတယ်။ ပဋ္ဌာန်းကိုရွတ်တယ်။ နောက် မေတ္တာပို့တယ်။ နောက်ပြီး ကွယ်လွန်သွားတဲ့ အဖေ အမေကအစ ကျန်တဲ့ သတ္တဝါတွေအားလုံး မေတ္တာပို့တယ်။ မေတ္တာပို့ပြီးရင် ကျွန်တော် တစ်ခုထပ်တိုးတယ်။ အဲဒါက ဘာလဲဆိုတော့ ဘုရားတပည့်တော် တပည့်တော်မတို့သည် အေးချမ်းသာယာသော နိုင်ငံတော်၏ နိုင်ငံသူ နိုင်ငံသားများ ဖြစ်ကြရပါလို၏ အရှင်ဘုရား ဆိုပြီးတော့ ဆုတောင်းတာ တစ်ခုတိုးပါတယ်။ အဲဒါအကုန်လုံး အခုနားထောင်နေတဲ့ ပရိသတ်တွေအပေါ်မှာ လွှမ်းခြုံတဲ့ စေတနာနဲ့ မေတ္တာအရင်းနဲ့ ကျွန်တော်ဆုတောင်းတာပါ။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာလို့ ချမ်းသာကြပါစေ။





**စောဒန်နီယယ်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်**

ဒီကနေ့ မြန်မာနိုင်ငံရဲ့ နှစ်သစ်ကူး အချိန်အခါသမယမှာ မြန်မာပြည်သူ ပြည်သားအားလုံးကို စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းသုခနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ကျွန်တော် နှုတ်ခွန်းဆက်ပြောလိုပါတယ်။ ကျွန်တော်တို့ မြန်မာပြည်ကြီးမှာ အတူတကွ နေထိုင်ကြတဲ့အခါမှာ တိုင်းရင်းသားမျိုးစုံရှိပါတယ်။ ဘာသာပေါင်းစုံလည်း ရှိကြပါတယ်။ တစ်ဦးနဲ့ တစ်ဦး မပုတ်ခတ်ဘဲနဲ့၊ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်မေတ္တာနဲ့ ကျွန်တော်တို့ အတူတကွ လက်တွဲပြီး နေထိုင်ကြရင် တကယ်ပျော်ရွှင်စရာကောင်းတဲ့ နိုင်ငံကြီးဖြစ်မှာပါ။

ကျွန်တော်တို့နိုင်ငံဟာ သယံဇာတလည်း ပေါကြွယ်တယ်။ လူ့အရင်းအမြစ်တွေလည်း ရှိနေတယ်။ တိုးတက်ဖို့၊ အောင်မြင်ဖို့ဆိုတာ ဘာမှမခက်ပါဘူး။ ဒါပေမယ့် လူမှန်နေရာမှန်ဖြစ်ဖို့တော့ လိုအပ်တယ်။ ရွေးချယ်မှုစနစ်တွေ မမှန်တာကြောင့် တစ်မျိုး၊ အံ့ဝင်ခွင်ကျမဖြစ်တာကလည်းတစ်မျိုး၊ အဲဒါတွေကြောင့် ကျွန်တော်တို့နိုင်ငံဟာ ဒုံရင်း ဒုံရင်းနဲ့ နှစ်ပေါင်း ၇၀ ကျော်ပါပြီ။ ဒါကြောင့် ဒီကနေ့ ကျွန်တော်ပြောချင်တာက မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ပါတီစွဲတွေ၊ ဝါဒစွဲတွေ၊ ပုဂ္ဂိုလ်စွဲတွေ မထားကြပါနဲ့။ ကျွန်တော်တို့ အတူတကွ ယှဉ်တွဲနေထိုင်ဖို့၊ တိုးတက်ဖို့ဟာ လူကောင်း လူတော်တွေ၊ သူ့ဘယ်နေရာမှာ တော်လဲ တော်တဲ့နေရာ ကျွန်တော်တို့ ထည့်ပေးလိုက်မယ်။ သူဘယ်နေရာမှာ တတ်လဲ တတ်တဲ့နေရာ ကျွန်တော်တို့ ထည့်ပေးလိုက်မယ်။ အတူတကွ လုပ်ဆောင်ကြရင် ဗမာပြည်ကြီးဟာ တိုးတက်မှာပါ။ လွဲနေတဲ့ အရာတွေကိုတော့ ကျွန်တော်တို့ ပြင်ဖို့လိုပြီ။ ကျွန်တော်တို့ မပြင်နိုင်သရွေ့တော့ ဒီထက်ဆိုးတဲ့ ကံကြမ္မာတွေ ကျွန်တော်တို့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာပြည်သူပြည်သားအားလုံး အတူတကွ ယှဉ်တွဲနေထိုင်ရင်းနဲ့ ဒီနှစ်သစ်မှာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ အတူတကွ ပျော်ရွှင်စွာ နေထိုင်သွားကြဖို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဗညားအောင်မိုး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်**

မင်္ဂလာနှစ်သစ်ပါခင်ဗျာ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသူ နိုင်ငံသားများအပါအဝင် ကမ္ဘာသူကမ္ဘာသားများအားလုံး ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးမှ ကင်းဝေးကြပါစေ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်တဲ့ ဦးတည်ချက်(၉)ရပ်မှ အပိုဒ်(၁) အပိုဒ်ခွဲ(က)အရ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးနိုင်ရန်ဟူသောအချက်ကို အစပျိုး အကောင်အထည်ဖော်နိုင်ပါစေ။

အဲဒီဦးတည်ချက်(၉)ရပ်မှ အပိုဒ်(၁) အပိုဒ်ခွဲ(က)မှာပါတဲ့ ပြည်ထောင်စုတိုင်းရင်းသားများတို့ လိုလားတောင့်တနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို နမူနာပုံစံအဖြစ် ဒီမင်္ဂလာရှိသော ၁၃၈၃ ခုနှစ် နှစ်သစ်မှာ ပုံဖော်နိုင်ပါစေ။ ဒီနှစ်သစ်ကူးမင်္ဂလာအခါသမယမှာ လေးနက်တဲ့ မေတ္တာ၊ စေတနာနဲ့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



လူသားတို့၏
ကျန်းမာရေး
အိုဇုန်းလွှာကို
ထိန်းသိမ်းပေး

# ပိတောက်အတွေး ငုအတွေး

**ကျွန်းသားငမန်း**

**ကာလယန္တရားကြီး၏ ဖြစ်စဉ်**

ဂိမာန်အကူး နွေဦးရာသီ ရောက်ခဲ့ပြီ။ တန်ခူးလတဲ့။ မြန်မာတို့၏ နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်အကူး ကာလ အချိန်အခါလည်း ဖြစ်သည်။ မြူတွေအုံ့ဆိုင်း တိမ်တွေမှိုင်းလျက် ပတ်ဝန်းကျင်၏မြင်ကွင်းတို့မှာ ဝေဝါးမှုန်မှိုင်းနေတတ်သည်။ သည်အချိန် သည်ကာလတွင် ရွက်ဟောင်းတွေကြွေ ရွက်သစ်တွေဝေကာ ပတ်ဝန်းကျင်သည် စိမ်းစိုလှပနေသည်။ သစ်ပင်ဝါးပင်များသည် ခွန်အားသစ်များဖြင့် လောကကို အလှဆင်နေပြီ။ ရွှေရောင်ဝါဝင်း ရွှေအဆင်းဖြင့် ရာသီပန်းများဖြစ်သော ပိတောက်ပန်းနှင့် ငုပန်းတို့မှာလည်း အလှချင်းဆိုင် ဂုဏ်ချင်းပြိုင်လျက် ဖူးပွင့်ဝေဆာ ပတ်ဝန်းကျင်ကို အလှဆင်နေကြပြီ။ ရိုးတံစိမ်းစိမ်း ပွင့်ဖတ်ဖြူဖြူ ဝတ်မှုန်ဝါဝါ ရွှေရောင်ဖြာနေသော ပန်းကံ့ကော်တို့ကလည်း အလှတွင် အယှဉ်ဆင့်ပြီး တင့်တယ်ဝင့်ဝါ အလှဖြာလျက်ရှိသည်။

အဝေးတစ်နေရာမှ နွေဦးရာသီ၏ တေးသီမပျက် ဥဩငှက်ငယ်တွန်သံကို ကြားနေရသည်။ သဘာဝပတ်ဝန်းကျင်သည် သူ့သဘော သူဆောင်ကာ လောကကြီးအား အလှဆင်လျက်ရှိနေသည်။ မည်သည့် လူသား စက်ယန္တရားများကမှ ဖန်တီးပေးခြင်းမဟုတ်။ ရာသီစက်ဝန်းနှင့်အတူ အချိန်မှန်လည်ပတ်နေသော ကာလယန္တရားကြီး၏ ဖြစ်စဉ်တစ်ခုသာ ဖြစ်သည်။

**နွေဦးရာသီ၏ သင်္ကေတပန်းများ**

တန်ခူးလကား ဂိမာန်ရာသီ၏ ဒုတိယလ ဖြစ်သည်။ နွေဦးရာသီ၏ သင်္ကေတ အမှတ်အသားဖြစ်သော ငုပန်းနှင့် ပိတောက်ပန်းတို့ အပြိုင်ဖူးပွင့်မြဲဖြစ်ကြသည်။ အလှချင်းတော့ မတူကြ။ အဝါတော့ အဝါပဲ။ သို့ရာတွင် အဝါချင်းလည်း မတူကြပြန်။ ငုပန်းတို့၏ အဝါမှာ ဖျော့တော့တော့နိုင်လွန်းသည်။ အရောင်အသွေးအားဖြင့်လည်း တောက်ပခြင်းမရှိ။ ထို့အတူ အမွှေးနံ့ကလည်း ပိတောက်ပန်းလောက် စူးရှပြင်းထန်ခြင်းမရှိပေ။ ပိတောက်ပန်းကတော့ ကြွားကြွားဝင့်ဝင့် ရှိလှသည်။ အဝါရောင်ရင့်ရင့်ဖြင့် ပတ်ဝန်းကျင်တွင် တောက်ပနေတတ်သည်။ စူးရှပြင်းထန်သည့် ရနံ့တို့ကလည်း ပတ်ဝန်းကျင်ကို လွှမ်းခြုံ သင်းပျံ့နေစေသည်။ ပိတောက်ပန်းနှင့် ငုပန်းတို့မှာ နွေဦးရာသီတွင်ပွင့်တတ်သည့် ပန်းများဖြစ်ပြီး ပန်းချင်းတူညီငြားသော်လည်း လူအများ၏ အလေးထားခံရခြင်းမှာ တူညီခြင်းမရှိ။ လူအများတို့က ပိတောက်ပန်းကို အထွတ်အမြတ်ထား တန်ဖိုးထားကြသည်။ သင်္ကြန်အခါများဆိုလျှင် တစ်နှစ်မှ တစ်ခါသာပွင့်သောပန်းမို့ ပွင့်ဦးပန်းများကို ဘုရားမှာ တင်လှူပူဇော်ကြသည်။

**ပိတောက်ပန်းနှင့် ငုပန်း**

ပိတောက်ပန်းများ ပွင့်လာသောအခါ သူများတကာထက်ဦးအောင် ဆွတ်ခူးပြီး ချစ်သက်လက်ဆောင်အဖြစ် ပေးလေ့ရှိကြသည်။ ချစ်သက်လက်ဆောင်ရသော ပိတောက်ပန်းကို ခေါင်းတွင်ပန်ဆင်ပြီး ဝင့်ကြွားကြသည်။ သည်အချိန်တွင် ငုပန်းခများ မျက်နှာငယ်ရသည်။ လူတွေက အလေးထားခြင်းမရှိကြ။ ငုပန်းဆိုတာကို ပန်းဟုပင် ယူဆကြဟန်မရှိ။

ပိတောက်ပန်းနှင့် ငုပန်းတို့မှာ တစ်နှစ်မှ တစ်ခါသာပွင့်သောပန်းများ ဖြစ်ကြသည်။ နှစ်သစ်ချိန်ခါ နွေဦးရာသီကာလတွင်ပွင့်သော ပန်းများလည်း ဖြစ်ကြသည်။ သို့ရာတွင် နွေဦးရာသီတွင် ပွင့်သောပန်းများဖြစ်ပြီး တစ်နှစ်မှ တစ်ခါသာပွင့်သောပန်းများ ဖြစ်ကြပါလျက် ပိတောက်ပန်းနှင့် ငုပန်းတို့၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကတော့ တူညီခြင်းမရှိဟု တွေးတောခံစားမိသည်။

**ကိုယ့်အင်အားနှင့်ပွင့်သော ငုပန်း**

ပိတောက်ပန်းမှာ အဖူးအငုံတွေဖြင့် ပြည့်နေသော်ငြား သူ့အားသူ့အင်ဖြင့် ပွင့်လန်းနိုင်ခြင်းမရှိ။ သင်္ကြန်မိုးလေး တစ်ဖြိုက်နှစ်ဖြိုက်လောက် ပက်ဖျန်းလိုက်မှ ပွင့်အာလာတတ်သည်။ ပိတောက်ပန်းကို ပွင့်နိုးပွင့်နိုးဖြင့် မျှော်ကိုးကြသူတို့မှာ သင်္ကြန်မိုးအရွာကို စောင့်ကြရသည်။ မိုးကလေး တစ်ဖြိုက်နှစ်ဖြိုက် ရွာလိုက်ပြီဆိုတော့မှ ပိတောက်ပန်းတို့က ရဲရဲဝံ့ဝံ့စွင့်စွင့်ကားကားဖြင့် ပွင့်အာလာကြသည်။ စွဲမက်ဖွယ်ရာသော အရောင်အဆင်း ရနံ့များဖြင့် လောကကို အလှဆင်ကြသည်။

ငုပန်းကတော့ ထိုသို့မဟုတ်။ အဖူးကလေးတွေ ဖူးလာမည်။ ပွင့်ချိန်တန်လျှင် ပွင့်လာမည်။ ဘယ်သူ၏ အထောက်အပံ့ကိုမျှ မျှော်ကိုးခြင်းမရှိ။ ကိုယ့်အင်ကိုယ့်အား စွမ်းပကားဖြင့် ပွင့်အာလာခြင်းဖြစ်သည်။ ဂိမာန်အကူး နှစ်ဦးအစမှာ ဖူးပွင့်လေ့ရှိသော ပန်းနှစ်ခုကိုကြည့်ပြီး နှိုင်းယှဉ် စဉ်းစားမိခဲ့ခြင်းဖြစ်သည်။

**အသွင်သဏ္ဌာန်နှင့် အနံ့**

ပိတောက်ပန်း၏ အသွင်သဏ္ဌာန်မှာ လှပသည်။ မြတ်နိုးဖွယ်ရာလည်းဖြစ်သည်။ အရောင်အဆင်း၊ အနံ့အားဖြင့် ပြောစရာမရှိ။ သို့ရာတွင် အနှစ်သာရကို ကြည့်လိုက်တော့ သူများအားကိုးဖြင့် ပွင့်အာလာရသည့်အဖြစ်။ ကိုယ်စွမ်းကိုယ်စ မဲ့လှသည်။ ငုပန်းကတော့ သည်လိုမဟုတ်။ကိုယ့်အင်ကိုယ့်အားဖြင့် ဖူးပွင့်ဝေစည်နေတတ်သည်။ ဖူးချိန်တန်လျှင် ဖူးပြီး ပွင့်ချိန်တန်လျှင် ပွင့်အာလာတတ်သည်။ အနှစ်သာရအားဖြင့် ကိုယ်ပိုင်အရည်အချင်းတွေ အပြည့်ရှိသည်။ အသွင်သဏ္ဌာန်အားဖြင့်မူ အားရကျေနပ်ဖွယ်မရှိ။ လူအများ၏ နှစ်လိုခြင်းကိုလည်း မခံရ။

ငုပန်းသည် ကိုယ့်အားကိုယ့်အင်၊ ကိုယ်စွမ်းသတ္တိဖြင့် ဖူးပွင့်လာသည်ဆိုငြား လောကကို အလှဆင်နိုင်ခြင်းကားမရှိ။ သူ့ကိုယ်ထီးထီးဖြင့် ရပ်တည်နေသောပန်းဖြစ်သည်။ လူအများ၏ မြတ်နိုးတွယ်တာခြင်းကိုလည်း ရယူနိုင်ခြင်းမရှိ။ ပိတောက်ပန်းကတော့ သည်လိုမဟုတ်။ ကိုယ်ပိုင်အရည်အသွေး တွေရှိသည်။ သို့ရာတွင် သူများအကူအညီဖြင့်သာ ဖူးပွင့်လာနိုင်ခြင်းဖြစ်သည်။



**လောကကိုအလှဆင်သော ပိတောက်**

သာမန်အားဖြင့်ကြည့်လျှင် ပိတောက်ပန်းမှာ ပင်ကိုအရည်အသွေး ကိုယ်စွမ်းကိုယ်စတွေ နည်းလှသည်ဟု ထင်မှတ်စရာရှိသည်။ သို့ရာတွင် သူတစ်ပါးအားမှီခို၍ ဖူးပွင့်လာရသောအခါတွင်ကား ကိုယ်ပိုင်အစွမ်းအစကို အစွမ်းကုန် လှစ်ပြလာတော့သည်။ ရွှေဝါရောင်အဆင်းဖြင့် လောကကို အလှဆင်သည်။ သင်းထုံမွှေးကြိုင်သော ပန်းရနံ့ဖြင့် လောကကြီးအား မွှေးရနံ့တို့ဖြင့် သင်းပျံ့စေသည်။ မိမိ၏ အသွင်သဏ္ဌာန်ဖြင့် လောကကို အလှဆင်သည်။ လူအများတို့ ကြည်ညိုတန်ဖိုးထား ကိုးကွယ်သော ဗုဒ္ဓဘုရားရှင်အား ဆက်ကပ်လှူဒါန်း ပူဇော်ပြီး ကုသိုလ်ယူစေနိုင်သည်။ ချစ်သူတို့အကြား ပွင့်ဦးပွင့်ဖျား ပိတောက်လက်ဆောင်ပေး၍ ကြည်နူးရွှင်လန်းမှုကို ပေးသည်။ ပိတောက်ပန်းသည် သူတစ်ပါးကိုမှီခို၍ ပွင့်လာရသည်ဆိုငြား ကိုယ်၏ အစွမ်းအစကို ယုံကြည်မှုဖြင့် ဝင့်ကြွားတောက်ပနေသည်။ ပိတောက်နှင့် ငုပန်းတို့ယှဉ်လျှင် ငုပန်းမှာ အရာမဝင်တော့။

**ဥဩငှက်**

တစ်ဆက်တည်းမှာပင် အများတကာတို့ ကြင်နာသနားနေကြသော ဥဩငှက်ငယ်၏ အကြောင်းကိုလည်း တွေးတောဆင်ခြင်မိပြန်သည်။ ဥဩငှက်တို့မှာ မိမိကိုယ်ပိုင်အသိုက်အမြုံ မရှိကြ။ မိမိ၏ ရင်သွေးဥကို ဥရာတွင်ပင် အရောင်အသွေးတူသော ကျီးကန်းများ၏အသိုက်သို့ဝင်၍ ဥတတ်ကြသည်။

ဥမှ အကောင်ပေါက်လာသည့်တိုင် ကြည့်ရှုစောင့်ရှောက်ခြင်း မရှိတတ်ကြ။ တာဝန်ယူခြင်းလည်းမရှိ။ တာဝန်မဲ့လွန်းလှသည်။ အများပြောကြသည့် မိခင်စိတ်ဆိုသည်မှာ ဝေလာဝေး။ ဥဩငှက်တို့နှင့် လားလားမှမဆိုင်သလိုပင်။ သို့ရာတွင် ဘဝပေးအခြေအနေကြောင့် ဖြစ်တည်လာရသော ဘဝတွင် သူ၏အသံသာသာကလေးဖြင့် လောကကို အလှဆင်နေပြန်သည်။

**နှစ်သစ်သို့**

ဂိမာန်နှင့်အတူ သင်္ကြန်ကျရောက်ခဲ့ပြီ။

ကူးပြောင်းခြင်း အနက်အဓိပ္ပာယ်ကိုဆောင်သော သင်္ကြန်ကာလမှာ ကုန်ဆုံးလွန်မြောက်ခဲ့ပြီ။ သင်္ကြန်နှင့်အတူ နှစ်ဟောင်းကိုစွန့်ပစ်ကာ နှစ်သစ်တစ်နှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ပြီ။ သင်္ကြန်ကာလတွင် နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောခဲ့ကြသည်။ သင်္ကြန်ရေ၏ ထူးကဲသော မင်္ဂလာနိမိတ်ဖြစ်သည့် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်စင်စေခြင်း၊ ရေကိုသား၍ အကြားမထင်ဘဲ တစ်ဆက်တစ်စပ်တည်းရှိခြင်း စသည့် အတိတ်နိမိတ်များကို ဆောင်ယူ၍ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။ တစ်နှစ်တာကာလအတွင်း လုပ်ကိုင်ခဲ့သည်များကို ဆင်ခြင်သုံးသပ်ပြီး နှစ်သစ်တွင် စိတ်သစ်၊ အတွေးသစ်များကို မွေးဖွားပြီး အားသစ်အင်သစ်များဖြင့် ခရီးဆက်ကြမည်။

လူ့လောကကို လေ့လာသောအခါ ကိုယ်ပိုင်အစွမ်းအစဖြင့် ဘဝကိုရပ်တည် တည်ဆောက်နိုင်သူများ၊ ကိုယ်ပိုင်အရည်အသွေးမရှိသော်လည်း သူတစ်ပါးကိုမှီခိုကာ သူတစ်ပါး၏အစွမ်းအစကို မှီခိုပြီး ဘဝကိုရပ်တည် တည်ဆောက်နေရသူများ စသည်ဖြင့် လူအမျိုးမျိုးကို တွေ့ရနိုင်သည်။ မိမိတို့ကိုယ်တိုင်လည်း ထိုလူစားများထဲမှ တစ်မျိုးမျိုး၌ ပါဝင်ရှိနေနိုင်သည်။


*စာမျက်နှာ ၉ သို့*

**“ပိတောက်ပန်း၏ အသွင်သဏ္ဌာန်မှာ လှပသည်။ မြတ်နိုးဖွယ်ရာလည်းဖြစ်သည်။ အရောင်အဆင်း၊ အနံ့အားဖြင့် ပြောစရာမရှိ။ သို့ရာတွင် အနှစ်သာရကိုကြည့်လိုက်တော့ သူများအားကိုးဖြင့် ပွင့်အာလာရသည့်အဖြစ်။ ကိုယ်စွမ်းကိုယ်စ မဲ့လှသည်။ ငုပန်းကတော့ သည်လိုမဟုတ်။ ကိုယ့်အင်ကိုယ့်အားဖြင့် ဖူးပွင့်ဝေစည်နေတတ်သည်။ ဖူးချိန်တန်လျှင်ဖူးပြီး ပွင့်ချိန်တန်လျှင် ပွင့်အာလာတတ်သည်။ အနှစ်သာရအားဖြင့် ကိုယ်ပိုင်အရည်အချင်းတွေ အပြည့်ရှိသည်။ အသွင်သဏ္ဌာန်အားဖြင့်မူ အားရကျေနပ်ဖွယ်မရှိ။ လူအများ၏ နှစ်လိုခြင်းကိုလည်း မခံရ”**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ

နေပြည်တော် ဧပြီ ၁၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။**




အဆိုပါ မိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် မတ်လအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် အထိမ်းအမှတ် အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း ၁၇ ပုဒ်ကို စုစည်းဖော်ပြထားသည်။

မတ်လ ၃ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁)တွင် " ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်နှင့် ပတ်သက်၍လည်းကောင်းမည်သို့ပင် အယူအဆ အမျိုးမျိုး ကွဲပြားနေပါစေ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့် စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း" ပြောကြားခဲ့သည့် အမှာစကားနှင့် မတ်လ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၆/၂၀၂၁) တွင် "လာမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး စနစ်တကျရှိစေရေး မိမိတို့အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ရှိသကဲ့သို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင်လည်း လူဦးရေစာရင်းမှန်ကန်ရေးအတွက် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုကာလများတွင် ကောင်စီဝင်များအနေဖြင့် တာဝန်အသီးသီးခွဲဝေ၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း" ပြောကြားသည့် အမှာစကားများ အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ မိန့်ခွန်းများ၊ သဝဏ်လွှာများနှင့် အမှာစကားများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

## နှစ်သစ်ချိန်ခါ

* ခါနွေဆန်း တာရေလမ်း
ပန်းပိတောက်ဝါဝါထိန်၊
ပွင့်လှတဲ့ချိန်။
အလှထူးပါဘိ
လတန်ခူးချစ်ဖွဲ့အိမ်
ဖြိုးဂုဏ်သိန်ဝင့်ဝင့်ကြွား၊
ရန်ပြေစေ
သင်္ကြန်ရေ ပက်ကာဖျန်း
အေးချမ်းစေသား။

* သီလယူ ဒါနလုပ်
ကုသိုလ်ထုပ် ထုပ်ဖို့ပြင်၊
ပြုံးပန်းပန်ဆင်။
ငါးလွှတ်ပွဲ နွဲ့ဆင်ယင်
ပြုံးပျော်ရွှင်စိတ်ကြည်မွေ့။
နှစ်သစ်ကြို
နားဝင်ချို ဆိုတေးလှ
မြူးကြွတယ်လေ့။

* ရေပေါ်ထိုမုန့်လုံး
ဝါးမြို့ပြုံးရသာပေါ်၊
ပေါင်းစုကာ ကုသိုလ်မျိုး
ရိုးမှန်သနော်။
ဘိုးဘွားများ ဖိတ်ကာခေါ်
ခေါင်းလျှော်ကာရေချိုးပေး၊
သက်ကြီးရွယ် ကန်တော့ပါလို့
စတုဒိသာ ကျွေးအမွှေးရယ်နဲ့
အေးချမ်းတယ်လေး။

* နှစ်သစ်မှာ ဘယာဝေး
ငြိမ်းအေးဖို့ နိမိတ်ဆောင်
ကုသိုလ်ရေး စဉ်ရေးရှု
ကောင်းမှုဖွဲ့နှောင်။
ချစ်ကြည်မှု ဖွဲ့တည်ထောင်
ချစ်မူဘောင် လှပရေး
မြဲအစဉ်ပြုံးပန်းပွင့်
လန်းတင့်လို့မွှေး။ ။

**ဖိုးလေးလုံးသောင်းကိုကို**

## ၂၀၂၁ ခုနှစ် ဧပြီလထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**နေပြည်တော် ဧပြီ ၁၆**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "ကိုဗစ်ကာလနှင့် နည်းပညာအသုံးပြုမှု" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင် (ဧပြီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဧပြီလထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ တင်တင်ဝင်း (စာပေဗိမာန်)၊ စိုးနိုင်ထွန်း (ကနီ) တို့၏ "ကိုဗစ်ကာလနှင့် နည်းပညာအသုံးပြုမှု" မျက်နှာဖုံးဆောင်းပါးများ၊ နေမျိုးနိုင်၊ ထင်ဇော်မှူးသင်၊ မောင်ပေါ်ထွန်းတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ ချိုးငှက်(သံတွဲ)၊ ကျော်ရှင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အောင်မြတ်စည်သူတို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ ခင်မောင်ခြိမ့်၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ လင်းထက်သော်တာတို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ထီလာစိုးမြင့်ထယ်၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာဆောင်းပါး၊ ရှင်စောဖြူ၊ ဒေါက်တာ မြင့်သန်း (သန္တွေသား)၊ သူဇာ၊ ရဲထက်ဇော်၊ မြသွေးခြယ်တို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ရဲရင့်နဒီ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ စိန်ဝင်းမော်၊ ခြယ်မှုန်းသီ၊ ကိုရင်ကျော်၊ ဒေါက်တာ လွင်သန့်၊ ဆောင်းဝင်လတ်၊ ပါမောက္ခ ဦးသိန်းလှိုင်၊ မြတ်လေးမြင့်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး၊ နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

မိမိတို့ဘဝကို မိမိတို့ ဖန်တီးရပ်တည် တည်ဆောက်ကြရာ၌ မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်သလို မိမိတို့ပတ်ဝန်းကျင်ရှိ သဘာဝတောတောင်များဖြစ်တည်နေသည့် အခြေအနေများကို လေ့လာကာ ဆင်ခြင်စဉ်းစား သုံးသပ်နိုင်ကြမည်။

သည်လိုသုံးသပ်ဆင်ခြင်ရာ၌ ဝေးဝေးလံလံကို ကြည့်၍ သုံးသပ်ဆင်ခြင်စရာ မလို။ မိမိ၏အတွင်းသရုပ်ကို ပြန်ကြည့်ပြီး မိမိကိုယ်မိမိ ဝေဖန်သုံးသပ်နိုင်ကြသည်။ ထို့အတူ မိမိ၏ပတ်ဝန်းကျင်၌ ဖြစ်တည်နေသည့် အဖြစ်အပျက် အကြောင်းခြင်းရာများကို ကြည့်ရှုဆင်ခြင်၍လည်း ဘဝနှင့်ယှဉ်ကာ သုံးသပ်ဆင်ခြင်နိုင်ကြသည်။ နှစ်ဟောင်းကိုချန်ရစ်၍ နှစ်သစ်တစ်နှစ်သို့ ခရီးဆက်ကြရာတွင် မိမိနှင့် အနီးပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် ဩကာသလောကအတွင်း အဖြစ်အပျက်များ၊ အကြောင်းအရာများမှ သင်ခန်းစာ ရယူနိုင်ကြသည်။ တွေးတောဆင်ခြင်နိုင်ကြသည်။

**ပိတောက်အတွေး ငုအတွေး**

မိမိတို့ရှေ့ဆက်ရမည့်ခရီးတွင် ပိတောက်ပန်းလို ကိုယ်ပိုင်အစွမ်းအစဖြင့် ပွင့်အာခြင်းမရှိနိုင်သည့်တိုင် ပွင့်အာခွင့်ရလာသောအခါတွင်ကား မိမိ၏ဖုံးကွယ်ထားသော အရည်အသွေးများကို အစွမ်းကုန်လှစ်ပြကာ လောကကိုအလှဆင်ပြီး လူအများကို ပြုံးပျော်မှုပေးနိုင်သော ပိတောက်ပန်းလိုလူစားအဖြစ် ရပ်တည်သွားကြမလား။

မိမိ၏ကိုယ်ပိုင်အစွမ်းသတ္တိဖြင့် ဖူးပွင့်လာငြားသော်လည်း လောကနှင့်ပတ်ဝန်းကျင်ကို ထိုက်တန်သည့် အကျိုးပြုနိုင်ခြင်းမရှိ၊ အလှဆင်ခြင်းလည်း မပြုနိုင်ဘဲ ငါတကောကောကာ ငါသာလျှင်ငါဟု တစ်ကိုယ်ထီးထီး ရပ်တည်ဝင့်ဝါနေသော ငုပန်းကို စံနမူနာယူကြမလား။ ဥသြငှက်လို ဘဝအနေအထားအရ ဖြစ်တည်လာရငြားသော်လည်း ဖြစ်တည်လာသည့်ဘဝတွင် တေးချိုချိုသီဆိုရင်း လောကကို မိမိ တတ်စွမ်းသမျှ အလှဆင်သူတစ်ဦးအဖြစ် ရှေ့သို့ ခရီးဆက်ကြမလား။

နှစ်သစ်ချိန်ခါတွင် မိမိကိုယ်မိမိ ဝေဖန်စဉ်းစားဆင်ခြင်ရန် အတွေးတစ်စကို စာရေးသူ ရရှိခံစားလိုက်ရသည်။ ထိုအတွေးကား ပိတောက်အတွေး ငုအတွေး။ ။

# ကောင်းကျိုးဝေဖြာ နှစ်သစ်မှာ အေးချမ်းသာယာကြပါစေ

ကိုသာယာ

နှစ်သစ်ကူး အတာသင်္ကြန်ပွဲကို အရင်တုန်းကလို ပျော်ပျော်ရွှင်ရွှင် ရေမကစားနိုင်ကြဘဲ အာသာပြေရုံ၊ သင့်တော်ရုံကလေးနဲ့ ဖြတ်ကျော်ရတာ နှစ်နှစ်ရှိခဲ့ပြီ။ မနှစ်ကတော့ ကိုဗစ်ကူးစက်မှု အမြင့်ဆုံးကာလ ဖြစ်ခဲ့တော့ လူစုလူဝေးနဲ့ ဘာမှလုပ်လို့မရနိုင်ဘဲ ငြိမ်ငြိမ်သက်သက် ခြောက်ကပ်ကပ်နဲ့ ပြီးခဲ့ရတာက မပျော်ရတာကလွဲလို့ စိတ်သိပ်မဆင်းရဲရဘူး။ သဘာဝကပ်ဘေးကို စိုးရိမ်ကြောက်ရွံ့ရတာမို့ သဘာဝကျပါတယ်။

**“မတရားအသင်းကြေညာခံထားရတဲ့ နောက်ကွယ်က ကြိုးကိုင်နေသူတွေ၊ အထောက်အပံ့အမျိုးမျိုးရပြီး ကြားထဲက သွေးထိုးလှုံ့ဆော်နေကြသူတွေကြောင့် အပြစ်မဲ့တဲ့ပြည်သူတွေ၊ ကျောင်းသူကျောင်းသားတွေလည်း ဒုက္ခရောက်ကြ၊ ဒဏ်ရာရကြ၊ သေဆုံးကြ ဖြစ်ကြရတယ်။ ဒါပေမယ့် ဒါကမီဒီယာတွေ၊ တစ်ဖက်ပိတ်တွေ၊ တချို့ ပြည်ပနိုင်ငံတွေက စွပ်စွဲနေကြသလို ငြိမ်းချမ်းစွာဆန္ဒပြနေသော ပြည်သူလူထုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဖြိုခွင်းဆိုတာမျိုးတော့ မဟုတ်ဘူး။ တကယ်က အကြမ်းဖက်ဆူပူသောင်းကျန်းကြတဲ့ အဖျက်သမားတွေကို ငြိမ်းချမ်းစွာ ထိန်းသိမ်းလို့မရလို့ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်နဲ့ ထိန်းသိမ်းဖြေရှင်းရခြင်းပါ”**

## အပြည့်အဝ မပျော်နိုင်ကြတဲ့ နှစ်သစ်ကူးသင်္ကြန်

ဒီနှစ်သင်္ကြန်ကတော့ ကိုဗစ်ကလည်း အရှိန်မသေသေး၊ ဒ့ါအပြင် ဖြစ်ပေါ်လာတဲ့ ဆူပူရမ်းကား အကြမ်းဖက်မှုတွေက တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်နေတော့ မနှစ်ကလို သင်္ကြန်မှာ ဟိုအရင်နှစ်တွေကလို မပျော်နိုင်တာ တစ်ခုတင်မကတော့ဘဲ ပြည်သူလူထုမှာ ကိုယ်ရောစိတ်ပါ ဒုက္ခဆင်းရဲများလွန်းနေပါတယ်။ မမှားသင့်တဲ့ အမှားတွေနဲ့ မလုပ်သင့်တာတွေလုပ်ခဲ့ကြလို့ ဖြစ်လာခဲ့တဲ့ နိုင်ငံရေးအပြောင်းအလဲရဲ့ နောက်ဆက်တွဲ တစ်ဖက်သတ်စွပ်စွဲ ဆန္ဒပြမှုကြီးတွေကစပြီး လူသတ်အကြမ်းဖက် ဖျက်ဆီးမှုပေါင်းစုံ၊ မဟုတ်မမှန် အနိဋ္ဌာရုံတွေဟာ တကယ်တော့ ပြီးဆုံးသင့်ပါပြီ။

ဒါပေမယ့်လည်း အမှားကို အမှားမှန်းမသိ၊ မိမိတို့အာဏာရဖို့ တစ်ခုတည်းသာတွေးပြီး မိုက်မဲရမ်းကားနေကြတဲ့ လူတစ်စု၊ နောက်ကွယ်က ကြိုးကိုင်ခြယ်လှယ်မှုတွေနဲ့ ပြည်တွင်း ပြည်ပက မဟုတ်မမှန် သွေးထိုးလှုံ့ဆော်၊ မြှောက်ပင့်ပေး၊ ကူညီထောက်ပံ့တာတွေကို အဟုတ် မှတ်၊ နားနဲ့ မျက်စိကို ပိတ်ထား၊ ဦးနှောက်မရှိကြတဲ့ ပညာမဲ့လူတချို့ကြောင့် တည်ငြိမ်အေးချမ်းမှုမရှိသေးတဲ့ သင်္ကြန်ကာလ ဒီနှစ်ဟာ အတော်လေး အကျည်းတန် အရုပ်ဆိုးလှပါတယ်။

ပြောရရင် ကျွန်တော်တို့နိုင်ငံမှာ ကြိုတင်ကာကွယ်တားဆီးခဲ့တာတွေကြောင့် ကိုဗစ်ရောဂါဟာ အခုချိန်မှာ ပြတ်သလောက်နီးပါး ရှိခဲ့နိုင်တယ်။ ဒါပေမယ့်လည်း ၂၀၂၀ ပြည့်နှစ်ကုန်ခါနီး ရွေးကောက်ပွဲအကြို မဲဆွယ်ကာလနဲ့ ရွေးကောက်ပွဲအပြီး အင်နဲ့အားနဲ့ စည်စည်ကားကား စည်းလွတ်ဝါးလွတ် လုပ်ခဲ့ကြတာတွေရဲ့ အကျိုးဆက်ကြောင့် အခုလို ကိုဗစ်အသက်က ရှည်နေသေးတယ်လို့ ပြောရမယ်ထင်တယ်။ အဲဒီတုန်းက တာဝန်ရှိသူတွေဟာ ဖြစ်သင့်ဖြစ်ထိုက်တာထက် ကိုယ်ဖြစ်စေချင်တာကိုပဲ ဖြစ်အောင်လုပ်ခဲ့ကြတဲ့ အကျိုးဆက်လို့ ပြောရမှာပါ။ အများပြည်သူအကျိုးကို မကြည့်၊ ကိုယ့်အတ္တကို ရှေ့တန်းတင်ခဲ့ကြသူတွေရဲ့ တရားမဲ့ပြုကျင့်မှုတွေရဲ့ အကျိုးဆက်ကို ကျွန်တော်တို့ ခံစားနေကြရတာပါ။ တကယ်ဆိုရင်လည်း ကိုဗစ်အရှိန်က နည်းနည်းကျလာတော့ သင်္ကြန်မဏ္ဍပ်ကြီးတွေ မဟုတ်ပေမယ့် လူစုလူဝေး ကြီးကြီးမားမားမဟုတ်တဲ့ ရိုးရာမပျက် ရေပက်ကစားတာမျိုးက ဖြစ်သင့်ပါတယ်။

## အခြေအနေပေးသလောက် ကောင်းမှုကုသိုလ်နဲ့ ပျော်ရွှင်ကြရ

အခုသင်္ကြန်အကျရက်တွေမှာ ဘုရားရေသပ္ပာယ်ကြတာ၊ ရိုးရာနဲ့သာသွေးပွဲများ ကျင်းပကြတာ၊ ဘုရားစေတီတွေမှာ စည်စည်ကားကား ဘုရားဖူးနေကြတာ၊ ပင်လယ်ကမ်းခြေတွေ၊ မြစ်၊ ချောင်း၊ ဆည်မြောင်းတချို့မှာ အများအပြား လာရောက်အပန်းဖြေကြတာတွေ တွေ့ရပါတယ်။ ဒါကလည်း မိမိတို့ ဗုဒ္ဓဘာသာဝင်တွေ၊ တိုင်းရင်းသား ပြည်သူလူထုတွေနဲ့ ရိုးရာအစဉ်အလာ ဓလေ့ထုံးစံများကို ထိန်းသိမ်းပြီး ပျော်ရွှင်ချမ်းမြေ့အေးချမ်းစွာ နေထိုင်သွားလိုကြတဲ့ စိတ်ရင်းအမှန်ပဲ ဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူလူထုရဲ့ဆန္ဒက အေးအေးချမ်းချမ်း နေချင်ကြတယ်၊ စားဝတ်နေရေး အဆင်ပြေချင်ကြတယ်၊ လုံလုံခြုံခြုံ အန္တရာယ်ကင်းကင်း နေချင်ကြတယ်။ ဒါပေမယ့် ဒီနေ့ဒီလို မဟုတ်ဘူး။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပျက်စီးပြီး စားဝတ်နေရေး အဆင်မပြေကြ၊ ဒုက္ခရောက်နေကြရတယ်၊ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး ဆူပူအကြမ်းဖက်မှုကြားမှာ စိတ်ရောကိုယ်ပါ ဆင်းရဲဒုက္ခ တွေ့နေကြပါတယ်။ ဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ အပြစ်မဲ့ပြည်သူတွေမှာလည်း အဖျက်သမား၊ ဆူပူအကြမ်းဖက်သမားတွေရဲ့ မလိုရင် မလိုသလို စွပ်စွဲပုတ်ခတ် ခြိမ်းခြောက်ရန်ရှာ အန္တရာယ်ပေး သတ်ဖြတ်မှုတွေကြောင့် မလုံမခြုံ ကျီးလန့်စာ စားနေရတဲ့ဘဝကို ရောက်နေကြတယ်။

အေးအေးချမ်းချမ်းနေချင်ကြတဲ့ ပြည်သူလူထုတွေဟာ သင်္ကြန်ကာလကို ဖြစ်သလိုလေးနဲ့ ပျော်ရွှင်မှုကိုရှာပြီး ကုသိုလ်ကောင်းမှုလုပ်၊ ဘုရားသွားကျောင်းတက်လုပ်နေကြပေမယ့် အခုလို မင်္ဂလာရှိတဲ့ ရက်ထူးရက်မြတ်တွေမှာတောင်မှ အသိဉာဏ်ကင်းမဲ့စွာနဲ့ မိုက်မိုက်ကန်းကန်း လုပ်ရပ်တွေကြောင့် ကျက်သရေကင်းပြီး မင်္ဂလာမရှိတဲ့ အဖြစ်တွေကြားမှာ စိတ်ဆင်းရဲနေကြရပါတယ်။

## နိုင်ငံတော်ရဲ့ ထာဝရငြိမ်းချမ်းရေးကမ်းလှမ်းချက်နဲ့ ရလဒ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၃၁-၃-၂၀၂၁ ရက်စွဲနဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ခဲ့ပေမယ့်လည်း လက်တွေ့မှာတော့ တချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဟာ လမ်းတံတားတွေကို ဖောက်ခွဲဖျက်ဆီးတာတွေ၊ ဆက်ကြေးကောက် အကြမ်းဖက်တာတွေ၊ တိုင်းရင်းသားပြည်သူတွေရဲ့ စားဝတ်နေရေးအတွက် ပေးပို့တဲ့ ရိက္ခာဆန်ကားတွေကို ကားရော၊ ဆန်တွေရော မီးရှို့ဖျက်ဆီးတာတွေ၊ တပ်မတော်စခန်းနဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို တိုက်ခိုက်သိမ်းပိုက်တာတွေ လုပ်ခဲ့ကြပါတယ်။ တချို့အဖွဲ့အစည်းတွေဆိုရင် နိုင်ငံတော်အစိုးရကိုဆန့်ကျင်ပြီး ပြည်သူလူထုကို ဒုက္ခပေးနေတဲ့ မတရားအသင်းကြေညာခံထားရတဲ့ အဖွဲ့အစည်းတွေ၊ ပြစ်မှုကျူးလွန်လို့ နိုင်ငံတော်က အမှုဖွင့်အရေးယူခံရသူတွေကို လက်ခံကာကွယ်ပြီး အဖျက်အမှောင့်လုပ်ငန်းတွေကို အားပေးနေကြောင်း သတင်းတွေမှာ ကြားသိတွေ့မြင်နေရပါတယ်။

တပ်မတော်ရဲ့ စေတနာနဲ့ရည်ရွယ်ချက်ကို ဖျက်ဆီးတဲ့သဘောသက်ရောက်ပါတယ်။ တပ်မတော်ကို မကျေနပ်လို့ တပ်မတော်ကို ရင်ဆိုင်တိုက်ခိုက်တာ မပြောလိုပါဘူး။ ဒါပေမယ့် ယုံကြည်ချက်၊ ခံယူချက်မှန်ဖို့တော့ လိုတာပေ့ါ။ အထက်မှာပြောခဲ့သလို တိုင်းရင်းသားပြည်သူလူထုအကျိုး ပျက်စီးစေမယ့်၊ ဒုက္ခရောက်စေမယ့် အဖျက်အမှောင့်လုပ်ရပ်တွေကိုတော့ ထိန်းသိမ်းကြဖို့ကောင်းတယ်။ အဲဒါဟာ အဖျက်သမားပဲ။ မူမမှန်တဲ့သဘောထားတွေဟာ စိတ်မကောင်းစရာပါပဲ။

အခါအခွင့်သင့်တုန်းလေးမှာ အတ္တကင်းကင်း ကိုယ်ကျိုးရှင်းရှင်းနဲ့ မှန်မှန်ကန်ကန် တွေးခေါ်ဆုံးဖြတ်ကြပြီး အကျိုးရှိတဲ့ ဆွေးနွေးမှုတွေနဲ့ ပြည်သူတစ်ရပ်လုံး အမြဲမျှော်လင့် တောင့်တခဲ့တဲ့ ဒီမိုကရေစီဖက်ဒရယ်စနစ်ရဲ့ အခြေခံဖြစ်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်ရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးကို မရရအောင်လုပ်ကြမယ်ဆိုတဲ့ စိတ်ကောင်းစေတနာနဲ့ လုပ်ရမယ့်အချိန်ရောက်ပြီလို့ သတိပေးတိုက်တွန်းလိုပါတယ်။

## ပြီးဆုံးသင့်ပြီဖြစ်သော ဆူပူအကြမ်းဖက်အုံကြွမှုများ

ရွေးကောက်ပွဲမသမာမှုများကြောင့် အရေးပေါ်အခြေအနေအရ တပ်မတော်က နိုင်ငံတော်တာဝန်ယူခဲ့ရတာ နှစ်လခွဲကျော်ရှိပါပြီ။ ဘာ့ကြောင့်ဒီလိုဖြစ်ရတယ်၊ ဒီလိုလုပ်ရတယ်ဆိုတာကို ထပ်ခါထပ်ခါ အကြိမ်ကြိမ် ရှင်းပြနေပေမယ့်လည်း နားလည်သဘောမပေါက်ကြသူတွေနဲ့ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ တစ်ဖက်သတ် တစ်ဖက်ပိတ်သမားများကြောင့် အစပိုင်းဆန္ဒပြမှုကနေ အပြစ်မဲ့ပြည်သူတွေပါ ဘာမှန်းမသိ ညာမှန်းမသိ ပါဝင်လာပြီး ဆူပူအုံကြွအကြမ်းဖက်ကြတဲ့ ကာလကြာနေတာကို တချို့ကလည်း တာဝန်ယူနေတဲ့ အစိုးရ၊ တပ်မတော်ကို အားမလိုအားမရဖြစ်နေကြသူတွေလည်း ရှိပါတယ်။ တပ်မတော်ရဲ့သဘောထားကတော့ မလွှဲမရှောင်သာ နိုင်ငံ့တာဝန်ယူခဲ့ရပေမယ့်လည်း ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို အေးအေးဆေးဆေး ပြီးစေချင်တယ်။ လူထုအုံကြွမှုဖြစ်လာအောင် လုပ်နေတဲ့ အကြမ်းဖက်ဖျက်ဆီးမှုတွေကို ညင်ညင်သာသာနဲ့ပဲ ပြီးဆုံးစေချင်တယ်၊ ပစ်ခတ်ထိန်းသိမ်းရတာမျိုးတွေ မဖြစ်စေချင်ဘူး၊ ဒါကြောင့်လည်း တာဝန်ယူပြီးကတည်းက စိတ်ရှည်သည်းခံခဲ့ပါတယ်။ ထိန်းထိန်းသိမ်းသိမ်း လုပ်ခဲ့ပါတယ်။

ဒါပေမယ့် ဆူပူအကြမ်းဖက် ဖျက်လိုဖျက်ဆီး လူထုအုံကြွမှုဖြစ်လာအောင် လုပ်လာကြတော့ တပ်မတော်အနေနဲ့ မလွှဲမရှောင်သာ အနည်းဆုံးအင်အားနဲ့ အနိမ့်ဆုံးအဆင့်ကစပြီး ထိခိုက်မှုနည်းနည်းနဲ့ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ အဆုံးသတ်နိုင်အောင် အချိန်ယူကြိုးစားခဲ့ပါတယ်။ ဒါကို နားမလည်ကြဘဲ နိုင်ငံရော ပြည်သူလူထုပါ ဆင်းရဲဒုက္ခရောက်အောင်လုပ်ပြီး အမှန်အမှား မစဉ်းစားဘဲ လုပ်ရပ်တွေဟာ ဆိုးသည်ထက် ဆိုးလာပါတယ်။ နောက်ဆုံး ဥပဒေအမျိုးမျိုးကို ချိုးဖောက်ပြီး ရာဇဝတ်ပြစ်မှုတွေကို ကျူးလွန်လာကြပါတယ်။ အကြမ်းဖက်နေတဲ့ အုပ်စုဖွဲ့လူရမ်းကားတွေကို စည်းရုံး၊ ပြောဆို၊ မေတ္တာရပ်ခံတားဆီးလို့ မရတဲ့အဆုံး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ လက်ရှိအခြေအနေအတိုင်း ထိန်းသိမ်းလုပ်ဆောင်ခဲ့ရတာ အများအသိပါပဲလေ။

ဒီနေ့ဒီအချိန်မှာ တစ်နိုင်ငံလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ဆင်နွှဲရမယ့် ရေသဘင်ပွဲကို ကပ်ရောဂါဘေးကြောင့် မလုပ်နိုင်ကြတဲ့အချိန်မှာ အဲဒီအကြမ်းဖက်မှုတွေက ပိုပြီးအရုပ်ဆိုး အကျည်းတန်စေခဲ့ပါတယ်။ သင်္ကြန်တွင်း ပြည်သူတွေ ရနိုင်သလောက် ပျော်ရွှင်မှုရှာ၊ ရေပက်ကြ၊ အပန်းဖြေကြ၊ ဘုရားသွားကျောင်းတက် အလှူအတန်းတွေ လုပ်ကြရမယ့် မင်္ဂလာနှစ်သစ်ကူးမှာ အမင်္ဂလာအဖြစ်ဆိုးတွေက ကျက်သရေမဲ့စေခဲ့ပါတယ်။ ပြည်သူလူထုရဲ့ စိတ်နှလုံးကို ညှိုးနွမ်းစေခဲ့ပါတယ်။

အခုမဟာသင်္ကြန် အကြို၊ အကျ၊ အကြတ်၊ အတက်ဆိုတဲ့ မင်္ဂလာရှိတဲ့ရက်တွေမှာ အဲဒီတစ်ဖက်ပိတ် အတွေးမှား၊ အမြင်မှားသူတွေဟာ နိုင်ငံနဲ့ ပြည်သူလူထုကို ဒုက္ခရောက်အောင်၊ အကျိုးမဲ့လုပ်ရပ်တွေ လုပ်နေကြတာ အံ့သြစရာပါ။ စက်ရုံအလုပ်ရုံတွေကို မီးရှို့ဖျက်ဆီးနေကြတယ်။ အုပ်ချုပ်ရေးရုံးတွေကို ဗုံးခွဲနေကြတယ်။ လုံခြုံရေးတာဝန်ထမ်းဆောင်သူတွေ၊ အုပ်ချုပ်ရေးဝန်ထမ်းတွေကို ခြိမ်းခြောက်ရန်ရှာ သတ်ဖြတ်နေကြတုန်းပဲ။ လမ်းတွေပေါ် လူစည်ကားရာနေရာတွေနဲ့ ဈေးဆိုင်၊ လက်ဖက်ရည်ဆိုင် စတာတွေကို လက်လုပ်ဗုံးနဲ့ ပစ်ပေါက်၊ မီးရှို့ဖျက်ဆီးနေကြဆဲပါပဲ။ ရဲစခန်းတွေ၊ လုံခြုံရေးစခန်းတွေကို တိုက်ခိုက်ရန်စနေကြတုန်းပါပဲ။

ဒါတွေ ဘာ့ကြောင့် လုပ်နေကြတာလဲ။ ဒီလိုလုပ်လို့ ဘယ်သူ အကျိုးရှိမှာလဲ။ ဘာကောင်းကျိုးမှမရနိုင်တဲ့ အဖျက်လုပ်ငန်းသက်သက်တွေပါပဲ။ ပထမဆုံးဒုက္ခဆင်းရဲ ရောက်ရတာက ပြည်သူလူထုပါ။ ကြာလာရင် နိုင်ငံတော်ကိုပါ အဘက်ဘက်က ထိခိုက်လာနိုင်တယ်ဆိုတာ တွေးမိကြစေချင်ပါတယ်။ အကျိုးမရှိတဲ့ အဖျက်အမှောင့်လုပ်ရပ်တွေကို ရပ်တန်းက ရပ်သင့်ကြပါပြီ။

*စာမျက်နှာ ၁၁ သို့*

# နေပြည်တော်ရှိ အပန်းဖြေစခန်းများ၌ မဟာသင်္ကြန်အတက်နေ့ မြင်ကွင်းပုံရိပ်များ



ရပ်ကွက်များအတွင်း အန္တရာယ်ကင်း ပရိတ်တရားနာယူကြသူများကို တွေ့ရစဉ်။



နေပြည်တော် လေ့ခွင်းတောင် အပန်းဖြေစခန်း၌ အပန်းဖြေရေကစားကြသူများကို တွေ့ရစဉ်။



နေပြည်တော် ရေပန်းဥယျာဉ်၌ အပန်းဖြေရေကစားကြသူများကို တွေ့ရစဉ်။




နေပြည်တော်ရှိ လမ်းမများပေါ်၌ ပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။



နေပြည်တော် ပေါင်းလောင်းရေလွှဲဆည်၌ အပန်းဖြေရေကစားကြသူများကို တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

မတရားအသင်းကြေညာခံထားရတဲ့ နောက်ကွယ်က ကြိုးကိုင်နေသူတွေ၊ အထောက်အပံ့အမျိုးမျိုးရပြီး ကြားထဲက သွေးထိုးလှုံ့ဆော်နေကြသူတွေကြောင့် အပြစ်မဲ့တဲ့ပြည်သူတွေ၊ ကျောင်းသူကျောင်းသားတွေလည်း ဒုက္ခရောက်ကြ၊ ဒဏ်ရာရကြ၊ သေဆုံးကြ ဖြစ်ကြရတယ်။ ဒါပေမယ့် ဒါကမီဒီယာတွေ၊ တစ်ဖက်ပိတ်တွေ၊ တချို့ ပြည်ပနိုင်ငံတွေက စွပ်စွဲနေကြသလို ငြိမ်းချမ်းစွာဆန္ဒပြနေသော ပြည်သူလူထုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဖြိုခွင်း ဆိုတာမျိုးတော့ မဟုတ်ဘူး။ တကယ်က အကြမ်းဖက်ဆူပူသောင်းကျန်းကြတဲ့ အဖျက်သမားတွေကို ငြိမ်းချမ်းစွာ ထိန်းသိမ်းလို့မရလို့ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်နဲ့ ထိန်းသိမ်းဖြေရှင်းရခြင်းပါ။

ဆူပူအကြမ်းဖက်တာရှိလို့ ပစ်ခတ်ထိန်းသိမ်းရတာပါ။ ဒီနေ့ ဆူပူအကြမ်းဖက်တာမလုပ်ရင် ဒီနေ့ ပစ်ခတ်သံကြားရမှာမဟုတ်ပါဘူး။ အေးအေးချမ်းချမ်း ဥပဒေနဲ့အညီဆန္ဒပြရင် ဒီလိုမဖြစ်ပါဘူး။ ဥပဒေကို ဖောက်ဖျက်ကျူးလွန်ပြီး မလုပ်သင့်တာလုပ်ရင်၊ ပြစ်မှုကျူးလွန်ရင်တော့ ဥပဒေနဲ့အညီ အပြစ်ပေးအရေးယူတာကို ခံရမှာပါ။

## ပညာဉာဏ်သတိဖြင့် ကောင်းကျိုးပြုနိုင်ကြပါစေ

ဒီနေ့နိုင်ငံတော်မှာ တွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ အကျိုးကြောင့် အကြောင်းဖြစ်ခဲ့ရတာတွေ၊ အမှန်တရားတွေကို သိအောင် မြင်အောင် ကြည့်တတ်နိုင်ကြပါစေ။

နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုး၊ ဘာသာ သာသနာအကျိုးကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ။

အသိမှား၊ အတွေးမှား၊ အမြင်မှားများနဲ့ အမှားလုပ်ခြင်းများမှ ကင်းဝေးနိုင်ကြပါစေ။ ဥပဒေချိုးဖောက်ခြင်း၊ ပြစ်မှုကျူးလွန်ခြင်း၊ အရေးယူအပြစ်ပေးခံရခြင်းများမှ ကင်းဝေးကြပါစေ။

အပြစ်မဲ့ပြည်သူလူထုနဲ့ ကျောင်းသူ ကျောင်းသားလေးတွေကို အဖြစ်ဆိုးထဲ ထည့်မသွင်းမိစေရေးနဲ့ နိုင်ငံ့အနာဂတ်ဟာ ယနေ့ လူငယ်များဖြစ်တဲ့အတွက် လူငယ်များကို မိဘများ၊ ဆရာ ဆရာမများနဲ့ ကြီးမြတ်သူများက ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ။


ပညာဉာဏ်သတိတို့နဲ့ နိုင်ငံ့အကျိုး၊ ပြည်သူလူထုအကျိုးကို ကာကွယ်စောင့်ရှောက် ကောင်းကျိုးပြုနိုင်ကြပါစေ။

အတာသင်္ကြန်နှစ်သစ်ကူးမှာ ပျော်ရွှင်ကြည်နူးချမ်းမြေ့ကြပါစေ။ လှပသောအနာဂတ်ကို ထုဆစ်ပုံဖော်နိုင်ကြပါစေ။ ။

# နိုင်ငံတစ်ဝန်း မြို့နယ်အချို့၌ မဟာသင်္ကြန်အတက်နေ့ မြင်ကွင်းပုံရိပ်များ



ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူး ရဟန်းရှင်လူပြည်သူများကို တွေ့ရစဉ်။
ဓာတ်ပုံ-အေကေလင်း



နေပြည်တော် ညောင်ပင်ကြီးစု ရှေးဟောင်းဘုရားများသို့ လာရောက်ဖူးမြော်သည့် ပြည်သူများကို တွေ့ရစဉ်။



တောင်ငူမြို့ ဆိတ်ဖူးတောင် ရေလွှဲဆည်၌ အပန်းဖြေရေကစားကြသူများကို တွေ့ရစဉ်။




မကွေးမြို့ မြန်မာ့ရိုးရာ အတာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအဖွဲ့များ ကပြဖျော်ဖြေစဉ်။



လားရှိုးမြို့၌ အပန်းဖြေရေကစားကြသူများကို တွေ့ရစဉ်။



စက်စဲကမ်းခြေ၌ အပန်းဖြေရေကစားကြသူများကို တွေ့ရစဉ်။



စစ်တွေကမ်းခြေ၌ အပန်းဖြေရေကစားကြသူများကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၂ ဦးရှိပြီး နှစ်ဦးထပ်မံ သေဆုံး

ဖနောင်ပင် မေ ၁၆

**ကိုဗစ်-၁၉ ကူးစက်မှု တိုးနေသောကြောင့် ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်နေသည့်ကြားက ကမ္ဘောဒီးယားနိုင်ငံတွင် မေ ၁၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ နောက်ထပ် ၁၆၂ ဦး ရှိကြောင်းနှင့် နှစ်ဦးထပ်မံ သေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။**

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် မြို့တော် ဖနောင်ပင်မှ ၁၃၂ ဦး၊ မင်းသားသီဟာနုပြည်နယ်မှ ၁၂ ဦး၊ ကန်ဒယ်ပြည်နယ်မှ လေးဦး၊ ကမ်ပွန်ချန်၊ ပရေဗန်၊ ပါဆက်၊ ဆီရမ်ရိနှင့် တာကိုပြည်နယ်တို့မှ နှစ်ဦးစီ၊ ကမ်ပွန်စပူ၊ ကမ်ပွန်သွန်၊ ဆဗီးရန်နှင့် တီဗောင်ခမွမ်ပြည်နယ်တို့မှ တစ်ဦးစီဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထပ်မံသေဆုံးသူနှစ်ဦးအနက်တစ်ဦးမှာ ဖနောင်ပင်တွင် နေထိုင်သည့် အသက် ၇၇ နှစ်အရွယ်ရှိ အဘိုးအိုတစ်ဦးဖြစ်ကာ အခြားတစ်ဦးမှာ ကမ်ပွန်စပူပြည်နယ်တွင် နေထိုင်သည့် အသက် ၆၅ နှစ်အရွယ်ရှိ အဘိုးအိုတစ်ဦးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ထပ်မံဖော်ပြထားသည်။

ဖနောင်ပင်နှင့် အိမ်နီးချင်း တာကာမူတွင် သီတင်းပတ်နှစ်ပတ်ကြာ ကန့်သတ်ပိတ်ဆို့မှု ကျင့်သုံးလိုက်ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒင်းက မေ ၁၆ ရက်တွင် ပြည်သူများကို ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

ပိုမိုကောင်းမွန်သည့် မနက်ဖြန်များအတွက်၊ ပိုမိုကောင်းမွန်သည့် ၂၀၂၂ အတွက်၊ ပိုမိုကောင်းမွန်သည့် အနာဂတ်အတွက် မိမိတို့ ကိုဗစ်-၁၉ ကို အတူတကွ တိုက်ဖျက်ချေမှုန်းကြမည်ဟု ၎င်းက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားကတည်းက ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၄၈၀ ရှိပြီး သေဆုံးသူ ၃၈ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ကမ္ဘောဒီးယားနိုင်ငံတွင် ပြည်သူတစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေစဉ်။

ကမ္ဘောဒီးယားနိုင်ငံတွင် လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၃၀၄၄ ဦးရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံခဲ့သည်။ မေ ၁၅ ရက်အထိ နိုင်ငံတစ်ဝန်း လူဦးရေ ၁ ဒသမ ၂၂ သန်း ကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း အစိုးရအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ

# နိုင်ဂျီးရီးယားနိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး အလုံးရေ တစ်သန်းကျော် ထိုးနှံပေးခဲ့

လေဂို့စ် မေ ၁၆

နိုင်ဂျီးရီးယားနိုင်ငံတွင် မတ်လ ကာကွယ်ဆေးထိုးအစီအစဉ် စတင်ခဲ့ကတည်းက ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်သန်းကျော် ထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက မေ ၁၅ ရက်တွင် ပြောကြားလိုက်သည်။

အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရေးဌာနက မေ ၁၅ ရက်အထိ ပြည်နယ်ပေါင်း ၃၆ ပြည်နယ်နှင့် အုပ်ချုပ်ရေးမြို့တော်တို့တွင် လူပေါင်း ၁၀၅၁၀၉၆ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးခဲ့ကြောင်း တွစ်တာတွင် ဖော်ပြခဲ့သည်။

အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သော နိုင်ဂျီးရီးယားနိုင်ငံတွင် လူဦးရေသန်း ၂၀၀ ကျော်ရှိသည့်အနက် ၄၀ ရာခိုင်နှုန်းကို ၂၀၂၁ ခုနှစ် မကုန်မီ၊ ၇၀ ရာခိုင်နှုန်းကို ၂၀၂၂ ခုနှစ် မကုန်မီ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။




နိုင်ဂျီးရီးယားနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူနေစဉ်။

နိုင်ဂျီးရီးယားနိုင်ငံတွင် မတ် ၅ ရက်က ကိုဗစ်-၁၉ ကူးစက်နိုင်ခြေများသည့် ကျန်းမာရေးဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံပေးခြင်းဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး အစီအစဉ်ကို စတင်ခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ကိုဗက်အစီအစဉ်မှတစ်ဆင့် မတ် ၂ ရက်က အောက်စ်ဖို့ဒ်-အက်စ်ထရာဇနီကာ ကာကွယ်ဆေးအလုံးရေ ၃ ဒသမ ၉၄ သန်းရရှိခဲ့သည်။ ယခုအစီအစဉ်သည် လာမည့်လများအတွင်း နိုင်ဂျီးရီးယားနိုင်ငံသို့ စုစုပေါင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၆ သန်းဖြန့်ဝေပေးရန် စီစဉ်ထားသည့်အစီအစဉ်၏တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် လွန်ခဲ့သောလက ပြည်တွင်းဆက်သွယ်ရေးကုမ္ပဏီ အမ်တီအင်န်က လှူဒါန်းထားသည့် အောက်စ်ဖို့ဒ်-အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေသုံးသိန်းကို လက်ခံရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားတရားဝင်သတင်းအေဂျင်စီ၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။ ယခုလအစောပိုင်းကလည်း အိန္ဒိယအစိုးရက နိုင်ဂျီးရီးယားနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်သိန်း ပေးပို့ခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၄ ဒသမ ၄ သန်း ရှိရာ နိုင်ဂျီးရီးယားနိုင်ငံအနေဖြင့် ကာကွယ်ရေးထိုးနှံရေး ရည်မှန်းချက် ပြည့်ဝဖို့ဆိုသည်မှာ အတော်အလှမ်းကွာဝေးလျက်ရှိကြောင်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက သုံးသပ်ပြောကြားထားသည်။

ဆင်ဟွာ

# တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း လေးသန်းကျော်အထိရှိလာ

အင်ကာရာ မေ ၁၆

တူရကီနိုင်ငံတွင် မေ ၁၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၁၄၀၀ ရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၀၈၆၉၅၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

မေ ၁၅ ရက်က ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် နောက်ထပ် ၂၉၇ ဦး သေဆုံးခဲ့ရာ စုစုပေါင်းသေဆုံးသူ ၃၅၀၃၁ ဦးရှိခဲ့သည်။ ထို့အတူ လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ၅၄၈၉၄ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်ပပျောက်သွားသူ ၃၅၃၅၀၄၀ ရှိလာခဲ့သည်။

အဆုတ်ရောင်ရောဂါဖြစ်ပွားနေသော ကိုဗစ်-၁၉ လူနာဦးရေသည် ၃ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါ အပြင်းအထန် ခံစားနေရသူ ၃၀၈၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြခဲ့သည်။ လွန်ခဲ့သောရက်က ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၃၁၈၂၁၇ ခု ပြုလုပ်နိုင်ခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှု ၄၂၈၂၈၁၂၂ ခု ပြုလုပ်ခဲ့ပြီးဖြစ်သည်။

တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို ဇန်နဝါရီ ၁၄ ရက်က စတင်ခဲ့သည်။ ယခုအချိန်အထိ လူပေါင်း ၁၁၉၂၉၀၀၀ ကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီဖြစ်သည်။

တူရကီနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် ပထမဆုံး ကိုဗစ်-၁၉ ကူးစက်မှု စတင်ဖြစ်ပွားခဲ့သည်။

ဆင်ဟွာ

# ကျူးဘား ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို လူသားများတွင် စမ်းသပ်ရန် လက်ဘနွန်နှင့် ကျူးဘားကျန်းမာရေးဝန်ကြီးဌာနတို့ ဆွေးနွေး

ဘေရွတ် မေ ၁၆

လက်ဘနွန်နိုင်ငံ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျူးဘား ကိုဗစ်-၁၉ ကာကွယ်ဆေးများဖြစ်ကြသည့် အက်ဘ်ဒယ်လာနှင့် ဆိုဘီရာနာ-၀၂ တို့ကို လူသားများတွင် စမ်းသပ်နိုင်ရေးအတွက် လာမည့်သီတင်းပတ်များအတွင်း ကျူးဘားနှင့် လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနများ အပြန်အလှန်ဆွေးနွေးကြမည်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံရှိ ကျူးဘားသံအမတ်ကြီး အလက်ဇန်ဒါပယ်လီဆာမိုရာဂါက မေ ၁၅ ရက်က ပြောကြားလိုက်သည်။

ဝန်ကြီးဌာနနှစ်ခု ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ပါက ကျူးဘားနိုင်ငံအနေဖြင့် အဆိုပါကိုဗစ်-၁၉ ကာကွယ်ဆေးများကို လူသားများတွင် စမ်းသပ်မှုပြုလုပ်နိုင်ရန် လက်ဘနွန်နိုင်ငံသို့ ပေးပို့မည်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောကြားလိုက်သည်။

ကျူးဘား၊ အီရန်နှင့် ဗင်နီဇွဲလားနိုင်ငံများတွင် ထိုးနှံခဲ့သည့် အဆိုပါ ကာကွယ်ဆေးများသည် လူသားများတွင် မည်သည့် ဆိုးကျိုးသက်ရောက်မှုမှ ရှိမည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

လက်ဘနွန်နိုင်ငံတွင် မေ ၁၅ ရက်က ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၅၀၁ ဦး တိုးလာကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၅၀၄၈၀၀ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် နိုင်ငံအတွင်း သေဆုံးသူပေါင်းမှာလည်း ၆၈၀၉ ဦးအထိတိုးလာခဲ့သည်။ လက်ဘနွန်နိုင်ငံ သည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၁ ရက်ကတည်းက ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ခဲ့သည်။

ဆင်ဟွာ



လက်ဘနွန်နိုင်ငံ ကော်နီရှေးဘေရွှတ်ကမ်းခြေတွင် ပြည်သူများ အပန်းဖြေနေစဉ်။

# အီရန် နျူကလီးယားစာချုပ် ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဆွေးနွေးပွဲများပြန်လည်စတင်

တီဟီရန် မေ ၁၆

**၂၀၁၅ခုနှစ် အီရန်နျူကလီးယားသဘောတူညီမှုတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများသည် စာချုပ်ဆက်လက်ရှင်သန်စေရေးအတွက် ဆွေးနွေးမှုများပြန်လည်စတင်ပြီဟု သိရသည်။**

အမေရိကန်ပြည်ထောင်စုသည် သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်တွင် အီရန်နျူကလီးယား သဘောတူညီမှုမှ နုတ်ထွက်ခဲ့ပြီး ယခုအခါ အဆိုပါ သဘောတူညီမှုစာချုပ်တွင် ပြန်လည်ပါဝင်လာရန် ရည်ရွယ်လျက်ရှိသည်။ အီရန်၊ ဥရောပသမဂ္ဂနှင့် အခြားသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ဩစတြီးယားနိုင်ငံ မြို့တော်ဗီယင်နာတွင် မေ ၁၅ ရက်က တွေ့ဆုံခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည်လည်း ဥရောပသမဂ္ဂကိုယ်စားလှယ်များမှတစ်ဆင့် အဆိုပါ ဆွေးနွေးပွဲတွင် သွယ်ဝိုက်စွာ ပါဝင်ခဲ့ကြသည်။ နောက်ဆုံးတွေ့ဆုံခဲ့သည့် ဆွေးနွေးပွဲတွင် မေ ၁၁ ရက်က ၎င်းတို့၏ နျူကလီးယားစက်ရုံပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းမှာ အကြမ်းဖက်ဖြစ်စဉ်တစ်ခုဖြစ်သည်ဟု အီရန်ဘက်က ပြောဆိုခဲ့သည်။ ဆွေးနွေးပွဲများဆက်လက် ပြုလုပ်နေသည့်ကာလတွင် အမေရိကန်ဘက်မှ ပိတ်ဆို့မှုများကိုဖယ်ရှားပေးသင့်သည်ဟု စေ့စပ်ညှိနှိုင်းသူများက သဘောတူထားကြသည်။ ထို့ပြင် ယင်းကာလအတွင်း အီရန်နျူကလီးယား အကောင်အထည်ဖော်မှုအပေါ် မည်သည့် ကန့်သတ်မှုမျိုး ထားရှိသင့်သည်ကိုလည်း စေ့စပ်ညှိနှိုင်းသူများက သဘောတူခဲ့ကြသည်။ အီရန်ကိုယ်စားလှယ်အဖွဲ့ ဦးဆောင်သူ အီရန်နိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီက စိန်ခေါ်မှုများပြားသည့် ဆွေးနွေးမှုမျိုးနှင့် စေ့စပ်ညှိနှိုင်းသူများကြုံတွေ့ရသည်ဟု အင်န်အိတ်ချ်ကေသို့ ပြောသည်။ အမေရိကန်ဘက်မှ မကြာမီအတွင်း ပိတ်ဆို့မှုဖယ်ရှားပေးမည့်စာရင်းကို ဖော်ပြသင့်ကြောင်းနှင့် ယင်းသို့မဟုတ်လျှင် ဆွေးနွေးမှုကို ရှေ့ဆက်နိုင်မည်မဟုတ်ဟု ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အီရန်၊ ဥရောပသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးစဉ်။



တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

# မေလနှောင်းပိုင်းတွင် တောင်ကိုရီးယားသမ္မတနှင့် အမေရိကန်သမ္မတတို့ ထိပ်သီးအစည်းအဝေးကျင်းပရန်ရှိ

ဝါရှင်တန် မေ ၁၆

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် လာမည့်လတွင် ဝါရှင်တန်၌ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် တွေ့ဆုံပြီး ထိပ်သီးအစည်းအဝေးပြုလုပ်သွားဖွယ်ရှိသည်ဟု အိမ်ဖြူတော်က ကြေညာခဲ့သည်။

မေလနှောင်းပိုင်းတွင် အိမ်ဖြူတော်တွင် တောင်ကိုရီးယားသမ္မတကို လက်ခံတွေ့ဆုံသွားရန် အမေရိကန်သမ္မတက မျှော်လင့်လျက်ရှိသည်ဟု အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျန်ပါစကီက ပြောသည်။

တွေ့ဆုံမည့် အစီအစဉ်ကို အပြီးမသတ်ရသေးကြောင်း၊ သို့သော်လည်း အဆိုပါခရီးစဉ်သည် အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ မဟာမိတ်ဆက်ဆံရေး ခိုင်မြဲသည်ကို ပြသလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် လအတွင်းကလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် တောင်ကိုရီးယားရှိ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးတို့နှင့် တွေ့ဆုံခဲ့သည်။

ယခုလ အစောပိုင်းကလည်း ဂျပန်၊ အမေရိကန်နှင့်တောင်ကိုရီးယားတို့မှ အဆင့်မြင့်အမျိုးသားလုံခြုံရေး အရာရှိများသည် အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်တွင် ယခုလအစောပိုင်းတွင် တွေ့ဆုံခဲ့ကြသည်။

မေ ၁၆ ရက်တွင် အမေရိကန်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှိဟိဒဲတို့ ဝါရှင်တန်တွင် တွေ့ဆုံကြသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# ချီလီနိုင်ငံတွင် ကာကွယ်ဆေးထိုးရန်ပစ်မှတ်ထားသည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်

ဆန်တီယာဂို မေ ၁၆

ချီလီနိုင်ငံတွင် ကာကွယ်ဆေးထိုးရန် ပစ်မှတ်ထားသည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအား ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်ဟု ချီလီကျန်းမာရေးဝန်ကြီးက မေ ၁၅ ရက်တွင် ပြောကြားခဲ့သည်။ လူပေါင်း ၇၆၀၀၉၀၈ ဦးကို ကာကွယ်ဆေးထိုးပြီးဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး အင်ရီကိတ်ပဲရစ်က သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

မေ ၁၅ ရက် နံနက်ပိုင်းက မှတ်တိုင်တစ်ခု ထူထောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် အမျိုးသားကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုများကို ကျေးဇူးတင်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ကာကွယ်ဆေးထိုးပြီးသူစုစုပေါင်းတွင် နှစ်ကြိမ်တိုင်တိုင်ကာကွယ်ဆေးထိုးပြီးသူ ၅၁၂၆၀၅၁ ဦးရှိပြီး သတ်မှတ်ထားသည့်လူဦးရေ၏ ၃၂ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ချီလီနိုင်ငံသည် ဖေဖော်ဝါရီလအတွင်း ကိုဗစ်-၁၉ အစုလိုက်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို စတင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ခုနှစ် ဇန်နဝါရီလတို့တွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစတင်ခဲ့ခြင်းဖြစ်သည်။ လူဦးရေထူထပ်သည့် တောင်အမေရိက တိုင်းပြည်တစ်ခုတွင် တရုတ်နိုင်ငံဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဆီနိုဗက်မှ ထုတ်လုပ်သည့် ကိုဗစ် - ၁၉ ကာကွယ်ဆေးကို လက်ခံရရှိခဲ့သည်။

ယခုအချိန်အထိ ချီလီနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၁၁၀၁၆၉၈ ဦးရှိပြီး ကိုဗစ် -၁၉ရောဂါကြောင့် သေဆုံးသူ ၂၄၇၆၆ ဦးရှိသည်ဟု သိရသည်။

ချီလီနိုင်ငံသည် မကြာသေးမီ သီတင်းပတ်များအတွင်း ကိုဗစ် -၁၉ကူးစက်မှု များပြားလာခြင်းနှင့် ရင်ဆိုင်ရပြီး ဆေးရုံများတွင်လည်း ဝန်ပိမှုများနှင့် ကြုံတွေ့ကြရသည်ဟု သိရသည်။

**ဆင်ဟွာ**



ချီလီနိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးနေစဉ်။

# ကယ်လီဖိုးနီးယားတွင် အသက် ၁၆နှစ်နှင့်အထက်များ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနိုင်ရေးလမ်းဖွင့်ပေး

ကယ်လီဖိုးနီးယား မေ ၁၆

အမေရိကန်၏ လူဦးရေအထူထပ်ဆုံး ပြည်နယ်ဖြစ်သည့် ကယ်လီဖိုးနီးယားပြည်နယ်တွင် မေ ၁၅ ရက်က အသက် ၁၆နှစ်နှင့် အထက်များအား ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးရန်အတွက် ချိန်းဆိုချက်များ လမ်းဖွင့်ပေးသည်ဟု သိရသည်။ လုံခြုံစိတ်ချရမှုနှင့် အစွမ်းထက်မှုရှိသည့် ကိုဗစ်-၁၉ကာကွယ်ဆေးများကိုလည်းအသက် ၁၆ နှစ်နှင့် အထက်များအတွက် ရရှိနေပြီဖြစ်ကြောင်း သိရသည်။ ကပ်ရောဂါကို အဆုံးသတ်ကြရအောင်ဟု ကယ်လီဖိုးနီးယား ပြည်သူ့ကျန်းမာရေးအရာရှိများက ပြောသည်။ ဒေသခံများအနေဖြင့် ကာကွယ်ဆေးထိုးရန် ချိန်းဆိုမှုများကို စစ်ဆေးရန်နှင့် ကာကွယ်ဆေးထိုးရန် စာရင်းပေးကြရန်လည်း တိုက်တွန်းထားသည်။

ကယ်လီဖိုးနီးယားတွင် ကာကွယ်ဆေးထိုးခွင့်ရှိသည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း ကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

**ဆင်ဟွာ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၆–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၅–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅၁၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၈,၂၃၅) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၁၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၈၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်၊ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်၊ တကောင်း တိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ်၊ စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ်၊ ယင်းတော် တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ်၊ ဒုံဇရပ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၂၉၅၆၁ | ၂၄၇၇၁၅၁၀ | ၅၇၉၀၅၃ |
| ၂။ | အိန္ဒိယ | ၁၄၄၆၅၇၉၇ | ၁၂၆၃၃၃၁၄ | ၁၇၅၂၃၈ |
| ၃။ | ဘရာဇီး | ၁၃၇၅၈၀၉၃ | ၁၂၂၃၆၂၉၅ | ၃၆၅၉၅၄ |
| ၄။ | ပြင်သစ် | ၅၁၈၇၈၇၉ | ၄၀၀၈၀၃၅ | ၁၀၀၀၇၃ |
| ၅။ | ရုရှား | ၄၆၈၄၁၄၈ | ၄၃၁၀၅၅၇ | ၁၀၄၇၉၅ |
| ၆။ | ဗြိတိန် | ၄၃၈၃၅၇၂ | ၄၁၁၈၈၃၂ | ၁၂၇၂၂၅ |
| ၇။ | တူရကီ | ၄၀၈၆၉၅၇ | ၃၅၃၅၀၄၀ | ၃၅၀၃၁ |
| ၈။ | အီတလီ | ၃၈၂၆၁၅၆ | ၃၂၀၀၁၉၆ | ၁၁၅၉၃၇ |
| ၉။ | စပိန် | ၃၃၉၆၆၈၅ | ၃၁၂၃၂၆၈ | ၇၆၈၈၂ |
| ၁၀။ | ဂျာမနီ | ၃၁၀၉၂၆၆ | ၂၇၅၂၀၀၀ | ၈၀၃၂၆ |

Table title: ၁၆-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၁၆ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၉၄၇၂၂ | ၁၄၄၄၂၂၉ | ၄၃၁၉၆ |
| ဖိလစ်ပိုင် | ၉၁၄၉၇၁ | ၇၀၅၇၅၇ | ၁၅၇၃၈ |
| မလေးရှား | ၃၇၀၅၂၈ | ၃၅၀၅၆၃ | ၁၃၆၅ |
| မြန်မာ | ၁၄၂၆၁၉ | ၁၃၁၈၈၉ | ၃၂၀၆ |
| စင်ကာပူ | ၆၀၇၆၉ | ၆၀၄၄၆ | ၃၀ |
| ထိုင်း | ၃၉၀၃၈ | ၂၈၄၈၀ | ၉၇ |
| ကမ္ဘောဒီးယား | ၅၄၈၀ | ၂၃၉၃ | ၃၈ |
| ဗီယက်နမ် | ၂၇၇၂ | ၂၄၄၅ | ၃၅ |
| ဘရူနိုင်း | ၂၂၁ | ၂၀၆ | ၃ |
| လာအို | ၅၄ | ၄၉ | ၀ |

❒ *ကျောဖုံးမှ*

မန်ယူအသင်းသည် ဥရောပပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များတွင် ပေးဂိုးခွင့်ပြုပေးထားရခြင်းမရှိဘဲ သုံးပွဲဆက်အနိုင်ရရှိခြင်းမှာ ၂၀၀၈ ခုနှစ် ဧပြီလနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မန်ယူအသင်းသည် ၂၀၂၁ ခုနှစ်တွင် ယှဉ်ပြိုင်ကစားထားသည့် ယူရိုပါလိဂ်ပြိုင်ပွဲ ခြောက်ပွဲတွင် ငါးပွဲအထိ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည်ကို တွေ့ရသည်။ ယနေ့ပွဲစဉ်တွင် မန်ယူအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော တိုက်စစ်မှူး ကာဗာနီသည် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ ပွဲ ၃၀ တွင် ကိုးဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ထို့အပြင် ယနေ့ပွဲစဉ်တွင် ဂိုးရရှိအောင် တစ်ကြိမ် ဖန်တီးပေးနိုင်ခဲ့သော မန်ယူအသင်းမှ ပေါ့ဂ်ဘာသည် ပြိုင်ပွဲစုံ နောက်ဆုံးလေးပွဲတွင် သုံးကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်ခဲ့ပြီဖြစ်သည်။

မန်ယူအသင်းနှင့်အတူ ယူရိုပါလိဂ် ဆီမီးဖိုင်နယ်သို့ အာဆင်နယ်အသင်းက ပရော့ဂ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး–တစ်ဂိုး၊ ဗီလာရီးရဲအသင်းက ဒိုင်နမိုဇာဂရက်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး–တစ်ဂိုး၊ ရိုးမားအသင်းက အိုင်းယက်စ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိကာ တက်ရောက်နိုင်ခဲ့သည်။

ယူရိုပါလိဂ်ဆီမီးဖိုင်နယ်သို့ အင်္ဂလန်ကိုယ်စားပြု အသင်းနှစ်သင်း တက်ရောက်နိုင်ခဲ့ရာ မန်ယူအသင်းက စီးရီးအေကလပ် ရိုးမားအသင်းနှင့် တွေ့ဆုံနေပြီး အာဆင်နယ်အသင်းက လာလီဂါကလပ် ဗီလာရီးရဲအသင်းနှင့် တွေ့ဆုံနေသည်။ အဆိုပါ ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၂၉ ရက်တွင် လည်းကောင်း၊ ဒုတိယအကျော့ကို မေ ၆ ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယူရိုပါလိဂ်ဗိုလ်လုပွဲကို မေ ၂၆ ရက်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **အောင်ဇော်**

❖ *ကျောဖုံးမှ*

## မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၃ အုပ်စု၊ မဲရုံပေါင်း ၁၂၀၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၁၆၇၃၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၉၃၈၁၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၇၃၅၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၆၄၀၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၅၇၅၀ | ၇၈၈၄၈ | ၃၆၉၀၂ | ၃၅၉၅၂ | ၁၀၀၀ | ၅၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၃၃ | ၅၃၃ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၅၁ | | ၄၅၁ | ၄၅၁ | | |
| | စုစုပေါင်း | ၁၁၆၇၃၄ | ၇၉၃၈၁ | ၃၇၃၅၃ | ၃၆၄၀၃ | ၁၀၀၀ | ၅၀ |

၆။ မင်းလှမြို့နယ်၊ ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၃ အုပ်စုရှိ မဲရုံ ၁၂၀ တို့တွင် မဲလက်မှတ်အရေအတွက် ၁၀၀၀ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၅၀ အပိုတွေ့ရှိရပါသည်။

၇။ မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၁ | ၇၅၀ | ၅၄၆ | ၂၀၄ | ၂၀၄ | | |
| ၂ | တောင်ရပ်ကွက် | ၁ | ၁၀၀၀ | ၈၁၇ | ၁၈၃ | ၁၈၃ | | |
| ၃ | ရုံးရပ်ကွက်တောင်ပိုင်း | ၂ | ၃၆၅၀ | ၂၃၃၁ | ၁၃၁၉ | ၁၃၁၉ | | |
| ၄ | မြောက်ရပ်ကွက် | ၁ | ၁၅၀၀ | ၁၀၅၈ | ၄၄၂ | ၄၄၂ | | |
| ၅ | ကွက်သစ်ရပ်ကွက် | ၁ | ၈၅၀ | ၆၀၇ | ၂၄၃ | ၂၄၃ | | |
| ၆ | ရုံးရပ်ကွက်မြောက်ပိုင်း | ၂ | ၃၆၀၀ | ၂၂၁၂ | ၁၃၈၈ | ၁၃၈၈ | | |
| ၇ | ပန်းတော်ပြင်ကျေးရွာအုပ်စု | ၃ | ၃၈၅၀ | ၂၅၂၀ | ၁၃၃၀ | ၁၃၃၀ | | |
| ၈ | မလွန်ကျေးရွာအုပ်စု | ၆ | ၆၃၅၀ | ၄၇၄၆ | ၁၆၀၄ | ၁၄၅၄ | ၁၅၀ | |
| ၉ | ရေခါးကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၂၁ | ၂၂၉ | ၂၂၉ | | |
| ၁၀ | ပေတော(ကန္တား)ကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၅၇၃ | ၇၇၇ | ၇၇၇ | | |
| ၁၁ | သပြေတောကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၁၁၄ | ၆၃၆ | ၆၃၆ | | |
| ၁၂ | ဆင်မတောင်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၉၂ | ၁၀၈ | ၁၀၈ | | |
| ၁၃ | ညောင်ဝိုင်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၃၀ | ၃၂၀ | ၃၂၀ | | |
| ၁၄ | ဒေါင်းဘုတ်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၉၉ | ၁၅၁ | ၁၅၁ | | |
| ၁၅ | ကညင်းကြီးကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၂၀ | ၂၃၀ | ၂၃၀ | | |
| ၁၆ | မင်းတဲကြီးကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၆၄ | ၂၃၆ | ၂၃၆ | | |
| ၁၇ | စီးကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၄၄ | ၁၀၆ | ၁၀၆ | | |
| ၁၈ | မလွန်စမ်းကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၉၄ | ၅၆ | ၅၆ | | |
| ၁၉ | ရေတွင်းမြောင်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၃၇ | ၄၁၃ | ၄၁၃ | | |
| ၂၀ | စမ်းအိုင်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၇၄ | ၄၂၆ | ၄၂၆ | | |
| ၂၁ | ဘွဲ့ကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၁၈၇ | ၉၆၃ | ၉၆၃ | | |
| ၂၂ | လင်းကယ်ကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၈၀၀ | ၈၅၀ | ၈၅၀ | | |
| ၂၃ | ပေရင်းကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၂၈ | ၁၇၂ | ၁၇၂ | | |
| ၂၄ | စမ်းကံကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၁၁၄ | ၉၈၆ | ၉၈၆ | | |
| ၂၅ | ကျောက်ပန်းတောင်းကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၃၂၃ | ၈၂၇ | ၇၂၇ | ၁၀၀ | |
| ၂၆ | ဝက်ချုပ်ကျေးရွာအုပ်စု | ၁ | ၃၀၀ | ၁၉၂ | ၁၀၈ | ၁၀၈ | | |
| ၂၇ | ရေတွင်းကြီးကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၇၆ | ၁၇၄ | ၁၇၄ | | |
| ၂၈ | လက်ခုပ်ပင်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၂၆ | ၄၂၄ | ၄၂၄ | | |
| ၂၉ | ပင်္ဂကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၃၉ | ၂၆၁ | ၂၆၁ | | |
| ၃၀ | ကျောက်လက္ခတ်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၉၈၃ | ၆၁၇ | ၆၁၇ | | |
| ၃၁ | တလုတ်ရင်းကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၅၉၈ | ၈၅၂ | ၈၅၂ | | |
| ၃၂ | စစ္စနို့ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၅၇ | ၁၉၃ | ၁၉၃ | | |
| ၃၃ | လယ်လှကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၁၉ | ၅၃၁ | ၅၃၁ | | |
| ၃၄ | ခလိုင်းကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၃၉၄ | ၁၂၀၆ | ၁၀၅၆ | ၁၅၀ | |
| ၃၅ | ဒီးဒုတ်ကန်ကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၉၉၇ | ၅၀၃ | ၅၀၃ | | |
| ၃၆ | ကုန်းကြီးကျေးရွာအုပ်စု | ၄ | ၄၀၅၀ | ၃၀၄၄ | ၁၀၀၆ | ၁၀၀၆ | | |
| ၃၇ | ထန်းကိုင်းကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၃၆၃ | ၅၈၇ | ၅၈၇ | | |
| ၃၈ | တောင်ဦးကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၄၃၄ | ၆၁၆ | ၆၁၆ | | |
| ၃၉ | အိုးဘိုကုန်းကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၅၀၉ | ၆၉၁ | ၇၄၁ | | ၅၀ |
| ၄၀ | နွားလဲကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၀၆၇ | ၅၈၃ | ၅၈၃ | | |
| ၄၁ | ကျောက်ပုံကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၄၈၉ | ၆၁၁ | ၄၆၁ | ၁၅၀ | |
| ၄၂ | ကန်တုတ်ကျေးရွာအုပ်စု | ၃ | ၂၇၀၀ | ၂၁၄၉ | ၅၅၁ | ၅၅၁ | | |
| ၄၃ | မြေခြားကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၆၆ | ၂၈၄ | ၂၈၄ | | |
| ၄၄ | ဆပ်ပြာကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၃၅ | ၁၁၅ | ၁၁၅ | | |
| ၄၅ | ကန်နီကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၅၂ | ၄၄၈ | ၄၄၈ | | |
| ၄၆ | သွေးကျောက်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၇၆ | ၁၂၄ | ၁၂၄ | | |
| ၄၇ | လက်ပံတံခါးကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၁၇၃၁ | ၁၁၆၉ | ၁၁၆၉ | | |
| ၄၈ | မြို့သစ်ကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၂၈၇ | ၈၆၃ | ၈၆၃ | | |
| ၄၉ | ပနီဆုံကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၆၆၅ | ၆၈၅ | ၆၈၅ | | |
| ၅၀ | နဂါးအိုင်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၄၈ | ၁၅၂ | ၁၅၂ | | |
| ၅၁ | သခွတ်ရင်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၁၃ | ၄၈၇ | ၄၈၇ | | |
| ၅၂ | ရေကျော်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၈၅ | ၂၆၅ | ၂၆၅ | | |
| ၅၃ | ပေတောကုန်းကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၃၂၇ | ၈၇၃ | ၈၇၃ | | |
| ၅၄ | ကိုင်းငယ်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၄၇ | ၄၀၃ | ၄၀၃ | | |
| ၅၅ | စမ်းကြီးကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၆၄၆ | ၃၅၄ | ၃၅၄ | | |
| ၅၆ | ရွှေချောင်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၂၈၅ | ၅၆၅ | ၅၆၅ | | |
| ၅၇ | ရှမ်းတပ်ကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၆၈၃ | ၉၁၇ | ၉၁၇ | | |
| ၅၈ | စမ်းလယ်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၁၉ | ၁၃၁ | ၁၃၁ | | |
| ၅၉ | ဘန့်ပြင်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၂၁ | ၃၂၉ | ၃၂၉ | | |
| ၆၀ | မီးလောင်ကုန်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၇၃၅ | ၁၁၅ | ၁၅ | ၁၀၀ | |
| ၆၁ | ဆင်မကျကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၄၄ | ၂၅၆ | ၁၅၆ | ၁၀၀ | |
| ၆၂ | ရေနံမကျေးရွာအုပ်စု | ၃ | ၄၆၀၀ | ၃၃၂၆ | ၁၂၇၄ | ၁၂၇၄ | | |
| ၆၃ | ရေင်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၅၀ | ၆၀၀ | ၅၀၀ | ၁၀၀ | |
| ၆၄ | အောက်ကိုင်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၅၃ | ၂၉၇ | ၂၉၇ | | |
| ၆၅ | လှေ့စဉ်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၄၂၈ | ၁၁၇၂ | ၁၀၂၂ | ၁၅၀ | |
| ၆၆ | ကဒေါင်းကျင်းကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၉၁ | ၅၉ | ၅၉ | | |
| ၆၇ | ရွာတော်ကျေးရွာအုပ်စု | ၄ | ၃၇၅၀ | ၂၈၇၆ | ၈၇၄ | ၈၇၄ | | |
| ၆၈ | လဲပင်ကျင်းကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၈၅ | ၁၁၅ | ၁၁၅ | | |
| ၆၉ | ညောင်ပင်သာကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၈၇ | ၂၆၃ | ၂၆၃ | | |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၁၂၀ | ၁၁၅၇၅၀ | ၇၈၈၄၈ | ၃၆၉၀၂ | ၃၅၉၅၂ | ၁၀၀၀ | ၅၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၅၃၃ | ၅၃၃ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၅၁ | - | ၄၅၁ | ၄၅၁ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၀ | ၁၁၆၇၃၄ | ၇၉၃၈၁ | ၃၇၃၅၃ | ၃၆၄၀၃ | ၁၀၀၀ | ၅၀ |

## အောင်လံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် ရပ်ကွက် ၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁ အုပ်စု၊ မဲရုံပေါင်း ၂၄၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၁၈၂၅၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၂၉၈၀၊ ကျန်ရှိရမည့် အရေအတွက်မှာ ၇၅၂၇၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၂၉၀၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၀၆၉၀၀ | ၁၄၂၂၂၈ | ၆၄၆၇၂ | ၆၂၃၀၁ | ၂၇၇၈ | ၄၀၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၅၂ | ၇၅၂ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၆၀၁ | | ၁၀၆၀၁ | ၁၀၆၀၁ | | |
| | စုစုပေါင်း | ၂၁၈၂၅၃ | ၁၄၂၉၈၀ | ၇၅၂၇၃ | ၇၂၉၀၂ | ၂၇၇၈ | ၄၀၇ |

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ





မင်းလှမြို့နယ်နှင့် အောင်လံမြို့နယ်တို့၏ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၉။ အောင်လံမြို့နယ်၊ ရပ်ကွက် ၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ အုပ်စုရှိ မဲရုံ ၂၄၄ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၂၇၇၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၄၀၇ အပို တွေ့ရှိရပါသည်။

၁၀။ အောင်လံမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မကျီးကုန်းရပ်ကွက် | ၃ | ၃၈၅၀ | ၂၈၄၇ | ၁၀၀၃ | ၉၅၃ | ၅၀ | |
| ၂ | ဈေးကုန်းရပ်ကွက် | ၂ | ၂၅၅၀ | ၁၉၀၇ | ၆၄၃ | ၆၄၃ | | |
| ၃ | သရက်တောရပ်ကွက် | ၂ | ၂၄၀၀ | ၁၅၃၈ | ၈၆၂ | ၅၆၂ | ၃၀၀ | |
| ၄ | ကန်ကြီးရပ်ကွက် | ၂ | ၁၅၅၀ | ၁၀၅၃ | ၄၉၇ | ၄၉၇ | | |
| ၅ | ဇေယျဝတီရပ်ကွက် | ၃ | ၄၉၀၀ | ၃၂၅၄ | ၁၆၄၆ | ၁၅၉၆ | ၅၀ | |
| ၆ | တရော်ကုန်းရပ်ကွက် | ၃ | ၄၂၅၀ | ၂၆၀၅ | ၁၆၄၅ | ၁၁၄၅ | ၅၀၀ | |
| ၇ | စမ်းချောင်းရပ်ကွက် | ၄ | ၆၁၀၀ | ၄၄၃၃ | ၁၆၆၇ | ၁၄၁၇ | ၂၅၀ | |
| ၈ | စက်ရုံရပ်ကွက် | ၆ | ၉၆၅၀ | ၆၆၂၂ | ၃၀၂၈ | ၃၁၂၆ | | ၉၈ |
| ၉ | ရွာထောင်ရပ်ကွက် | ၅ | ၇၅၅၀ | ၅၄၂၄ | ၂၁၂၆ | ၂၁၂၆ | | |
| ၁၀ | အင်းကုန်းကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၂၀၉၅ | ၇၅၅ | ၇၅၅ | | |
| ၁၁ | သံကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၇၀၉ | ၇၉၁ | ၇၉၁ | | |
| ၁၂ | ပိတောက်ကုန်းကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၃၅ | ၅၁၅ | ၅၁၅ | | |
| ၁၃ | မိုးဖုန်းကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၇၉၃ | ၆၀၇ | ၆၀၇ | | |
| ၁၄ | ရွာပြင်းကျေးရွာအုပ်စု | ၄ | ၁၉၀၀ | ၁၂၄၂ | ၆၅၈ | ၆၅၈ | | |
| ၁၅ | ရွှေညောင်ပင်ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၀၉၅ | ၆၅၅ | ၆၅၅ | | |
| ၁၆ | မိုးကောင်းကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၅၇၂ | ၅၂၈ | ၅၂၈ | | |
| ၁၇ | စစ်အောင်ကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၁၈၀၀ | ၈၀၀ | ၈၀၀ | | |
| ၁၈ | ရေနံ့ကြီးကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၉၉၅ | ၆၀၅ | ၆၀၅ | | |
| ၁၉ | မောက်တင်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၆၈၇ | ၈၆၃ | ၈၆၃ | | |
| ၂၀ | တလုပ်ချောင်းကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၆၇၃ | ၄၇၇ | ၄၇၇ | | |
| ၂၁ | မြို့သစ်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၂၂၅ | ၃၂၅ | ၄၀၂ | | ၇၇ |
| ၂၂ | ကြက်ရုံးကလေးကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၃၅၉ | ၇၄၁ | ၇၄၁ | | |
| ၂၃ | ပြလို့ကျေးရွာအုပ်စု | ၅ | ၆၆၀၀ | ၄၆၉၉ | ၁၉၀၁ | ၁၉၀၁ | | |
| ၂၄ | မအူခုံကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၁၀၁၀ | ၁၉၀ | ၁၉၀ | | |
| ၂၅ | တောင်နံ့သာကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၀၉ | ၄၄၁ | ၄၄၁ | | |
| ၂၆ | ကျောက်ဆည်ကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၂၄၈ | ၇၅၂ | ၇၅၂ | | |
| ၂၇ | ထောက်ကြံ့တိုင်းကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၀၃၉ | ၄၆၁ | ၄၆၁ | | |
| ၂၈ | မဟာဇင်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၇၄ | ၄၇၆ | ၄၇၆ | | |
| ၂၉ | လက်မြောင်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၇၁ | ၃၇၉ | ၃၇၉ | | |
| ၃၀ | တဇန်းကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၂၁ | ၅၂၉ | ၅၂၉ | | |
| ၃၁ | စီကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၀၂ | ၂၉၈ | ၂၉၈ | | |
| ၃၂ | သံဘိုကြီးကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၇၈၇ | ၄၁၃ | ၄၁၃ | | |
| ၃၃ | ပြကြီးကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၂၈ | ၃၇၂ | ၃၇၂ | | |
| ၃၄ | တောင်တီးကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၁၃၅ | ၆၁၅ | ၄၁၅ | ၂၀၀ | |
| ၃၅ | ဆင်တုတ်ကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၃၈၂ | ၄၁၈ | ၄၁၈ | | |
| ၃၆ | အင်းရွာကြီးကျေးရွာအုပ်စု | ၂ | ၉၅၀ | ၆၄၆ | ၃၀၄ | ၂၅၇ | ၄၇ | |
| ၃၇ | ဒုရင်္ဂဗိုလ်ကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၂၆၆၅ | ၆၃၅ | ၆၃၅ | | |
| ၃၈ | ကျီရပ်ကုန်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၆၇၅ | ၅၇၅ | ၄၇၅ | ၁၀၀ | |
| ၃၉ | ပြေင်းကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၁၇ | ၂၈၃ | ၃၃၃ | | ၅၀ |
| ၄၀ | ကွမ်းလောင်းကျေးရွာအုပ်စု | ၃ | ၃၄၀၀ | ၂၅၆၅ | ၈၃၅ | ၈၃၅ | | |
| ၄၁ | မြင်းကပိုင်ကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၁၇၁၃ | ၁၀၈၇ | ၉၃၇ | ၁၅၀ | |
| ၄၂ | ကွဲသေကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၄၅၁ | ၆၄၉ | ၆၄၉ | | |
| ၄၃ | ငမဲကန်ကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၂၃၇ | ၉၆၃ | ၉၆၃ | | |
| ၄၄ | စကြီးကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၁၁၁ | ၂၈၉ | ၂၃၉ | ၅၀ | |
| ၄၅ | ကလုံမှော်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၉၇ | ၂၀၃ | ၂၀၃ | | |
| ၄၆ | လက်ပကန်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၂၉၉ | ၃၀၁ | ၃၀၁ | | |
| ၄၇ | ကျောက်အိုး(တ)ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၄၉ | ၁၅၁ | ၁၅၁ | | |
| ၄၈ | သရက်တောကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၂၁၀၂ | ၇၉၈ | ၇၉၈ | | |
| ၄၉ | ကာမလေးကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၃၉ | ၂၆၁ | ၂၆၁ | | |
| ၅၀ | ဇေယျာကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၇၉၆ | ၄၅၄ | ၄၅၄ | | |
| ၅၁ | ညောင်ပင်ဆိပ်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၁၆၅ | ၂၈၅ | ၂၈၅ | | |
| ၅၂ | သမ္ဘူလကျေးရွာအုပ်စု | ၃ | ၃၃၀၀ | ၂၁၈၉ | ၁၁၁၁ | ၁၀၁၁ | ၁၀၀ | |
| ၅၃ | ညောင်ကိုင်းကျေးရွာအုပ်စု | ၂ | ၈၅၀ | ၄၇၆ | ၃၇၄ | ၃၇၄ | | |
| ၅၄ | ဒန်းဒေါင့်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၁၁၃ | ၅၈၇ | ၆၁၇ | | ၃၀ |
| ၅၅ | မောင်းမလှုပ်ကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၄၄၉ | ၇၀၁ | ၇၀၃ | | ၂ |
| ၅၆ | အောင်မြေကုန်းကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၄၁၅ | ၇၃၅ | ၇၃၅ | | |
| ၅၇ | ပျဉ်ပုံကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၆၄၄ | ၄၅၆ | ၄၅၆ | | |
| ၅၈ | ဗိုလ်လုကုန်းကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၀၀ | ၆၅၀ | ၆၅၀ | | |
| ၅၉ | ဆပ်ဆူဝကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၉၆၀ | ၅၉၀ | ၅၉၀ | | |
| ၆၀ | လုံ့တင်ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၁၈၈ | ၆၁၂ | ၆၁၂ | | |
| ၆၁ | ပိန်းအင်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၀၆ | ၅၄၄ | ၅၄၄ | | |
| ၆၂ | တလုပ်ပင်ကျေးရွာအုပ်စု | ၆ | ၃၅၅၀ | ၂၁၉၁ | ၁၃၅၉ | ၁၃၅၉ | | |
| ၆၃ | နှောက်စမ်းကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၈၉၇ | ၃၅၃ | ၄၀၃ | | ၅၀ |
| ၆၄ | မလယ်သာကျေးရွာအုပ်စု | ၂ | ၆၅၀ | ၄၂၈ | ၂၂၂ | ၂၂၂ | | |
| ၆၅ | ကရင်မစန်းကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၇၂ | ၄၂၈ | ၄၂၈ | | |
| ၆၆ | အုတ်ရှစ်ကုန်းကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၁၇၉ | ၆၂၁ | ၆၂၀ | ၁ | |
| ၆၇ | သစ်ခေါင်းတီးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၆၁ | ၄၈၉ | ၄၈၉ | | |
| ၆၈ | ကျောက်ပတောင်းကျေးရွာအုပ်စု | ၄ | ၄၀၅၀ | ၂၅၈၆ | ၁၄၆၄ | ၁၄၆၄ | | |
| ၆၉ | ကျားသေကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၀၅၈ | ၅၄၂ | ၅၄၂ | | |
| ၇၀ | ရွာမထုံးကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၁၂၅ | ၆၂၅ | ၆၂၅ | | |
| ၇၁ | ထမကန်ကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၄၇၃ | ၉၇၇ | ၈၂၇ | ၁၅၀ | |
| ၇၂ | ညောင်အိုင်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၄၂၈ | ၇၇၂ | ၈၂၂ | | ၅၀ |
| ၇၃ | လှဲကားယားကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၄၂ | ၃၀၈ | ၃၀၈ | | |
| ၇၄ | မြို့လှကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၄၈၅ | ၇၁၅ | ၇၁၅ | | |
| ၇၅ | ညောင်ပင်ဝိုင်းကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၁၉၈၇ | ၁၀၁၃ | ၁၀၁၃ | | |
| ၇၆ | သပြေပင်ကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၁၂၆ | ၁၀၂၄ | ၁၀၂၄ | | |
| ၇၇ | စမြကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၅၇၈ | ၆၂၂ | ၅၉၂ | ၃၀ | |
| ၇၈ | တယ်ပင်ကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၁၉၃၆ | ၁၂၆၄ | ၁၂၆၄ | | |

စာမျက်နှာ ၁၈ သို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*စာမျက်နှာ ၁၇ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၇၉ | ရွှေပန်းတောလေးကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၈၈ | ၂၁၂ | ၂၁၂ | | |
| ၈၀ | ရွှေပန်းတောကြီးကျေးရွာအုပ်စု | ၄ | ၄၂၅၀ | ၃၀၀၉ | ၁၂၄၁ | ၉၄၁ | ၃၀၀ | |
| ၈၁ | ဇီမွဲ့ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၆၁၁ | ၅၈၉ | ၆၃၉ | | ၅၀ |
| ၈၂ | ပြေပ်ကုန်းကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၈၄ | ၁၆၆ | ၁၆၆ | | |
| ၈၃ | လက်ပခုန်ကျေးရွာအုပ်စု | ၂ | ၇၀၀ | ၄၇၂ | ၂၂၈ | ၂၂၈ | | |
| ၈၄ | တင်းကုတ်ကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၁၇ | ၃၈၃ | ၃၈၃ | | |
| ၈၅ | ဟိုင်းကြီးဒိုးကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၉၂၂ | ၄၇၈ | ၄၇၈ | | |
| ၈၆ | မကြီးဇင်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၇၄ | ၃၇၆ | ၃၇၆ | | |
| ၈၇ | မြို့မိကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၀၉ | ၃၄၁ | ၃၄၁ | | |
| ၈၈ | နတ်မောက်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၆၀ | ၁၉၀ | ၁၉၀ | | |
| ၈၉ | မြန်ဒီကျေးရွာအုပ်စု | ၂ | ၉၀၀ | ၅၅၀ | ၃၅၀ | ၁၅၀ | ၂၀၀ | |
| ၉၀ | သဖန်းစမ်းကျေးရွာအုပ်စု | ၃ | ၁၂၅၀ | ၇၈၇ | ၄၆၃ | ၄၆၃ | | |
| ၉၁ | စွယ်တုန်းကျေးရွာအုပ်စု | ၂ | ၇၀၀ | ၄၀၅ | ၂၉၅ | ၂၄၅ | ၅၀ | |
| ၉၂ | သုံးရွာဆိုင်ကျေးရွာအုပ်စု | ၂ | ၈၅၀ | ၅၃၈ | ၃၁၂ | ၃၁၂ | | |
| ၉၃ | ရဲဒင်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၆၀၉ | ၃၄၁ | ၃၄၁ | | |
| ၉၄ | အင်းလယ်ကျေးရွာအုပ်စု | ၄ | ၁၈၅၀ | ၁၃၁၇ | ၅၃၃ | ၂၈၃ | ၂၅၀ | |
| ၉၅ | ချင်းစခမ်းကြီးကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၅၀ | ၄၀၀ | ၄၀၀ | | |
| ၉၆ | ကိုးတောင်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၇၀ | ၂၃၀ | ၂၃၀ | | |
| ၉၇ | တင်းတောကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၈၇၆ | ၅၂၄ | ၅၂၄ | | |
| ၉၈ | ကျောက်အိုး (အရှေ့) ကျေးရွာအုပ်စု | ၂ | ၆၅၀ | ၃၆၂ | ၂၈၈ | ၂၈၈ | | |
| ၉၉ | ထူးပေါက်ကျေးရွာအုပ်စု | ၂ | ၇၅၀ | ၄၇၆ | ၂၇၄ | ၂၇၄ | | |
| ၁၀၀ | ခုတ်ချောင်းကျေးရွာအုပ်စု | ၄ | ၁၅၀၀ | ၉၅၅ | ၅၄၅ | ၅၄၅ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၂၄၄ | ၂၀၆၉၀၀ | ၁၄၂၂၂၈ | ၆၄၆၇၂ | ၆၂၃၀၁ | ၂၇၇၈ | ၄၀၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၇၅၂ | ၇၅၂ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၀၆၀၁ | | ၁၀၆၀၁ | ၁၀၆၀၁ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၄၄ | ၂၁၈၂၅၃ | ၁၄၂၉၈၀ | ၇၅၂၇၃ | ၇၂၉၀၂ | ၂၇၇၈ | ၄၀၇ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သူများဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်နှင့် ၁၅ ရက်တို့တွင် ပဲခူးမြို့ ဥဿာမြို့သစ် (၁) ရပ်ကွက် နယ်မြေ(၅) ရေစက်ပတ်လမ်းနှင့် (၉) လမ်းထိပ်ရှိ ထွန်းညွန့်ဦး၏ နေအိမ်၌ သန်းထိုက်စိုး (ခ) ကိုထိုက် (ဘ) ဦးမြင့်ရှိန်၊ ဇင်ကိုဟိန်း (ဘ) ဦးမောင်စန်း၊ သန့်ဇင်မျိုး (ဘ) ဦးသန်းမြင့်၊ မဇွန်ပွင့်ဖြူ (ဘ) ဦးမင်းဇော်နှင့် မစုမြတ်မွန် (ဘ) ဦးမြင့်စိုးတို့ ငါးဦးကို လက်လုပ်မိုင်းများ၊ ဓားများ၊ WY စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြားမျိုးစုံ ၁၇၇ ပြား၊ ဘိန်းဖြူ ၀ ဒသမ ၄၅ ကီလိုဂရမ်၊ ICE ၀ ဒသမ ၆၂ ကီလိုဂရမ်၊ အကြမ်းဖက်မှုတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း **(ယာပုံ)**၊ စမ်းချောင်းမြို့နယ် ဝေဠုဝန် မြောက်ပိုင်းရပ်ကွက် သပြေလမ်း အမှတ်(၂၁)၊ (၃)လွှာနှင့် (၅)လွှာတို့၌ အောင်ဇော်(ခ)အောင်ဇော်မင်း၊ အောင်ကျော်မိုး(ဘ) ဦးတင်ကြည်၊ ရောဘီအောင်ကျော်မိုး (ဘ) ဦးအဲလ်ဒီနှင့် သားဖြစ်သူရဲသူရှိန် (ခ) ဖိုးစီ၊ အောင်မြင့်သူ (ဘ) ဦးမြင့်ထူးနှင့် သပြေလမ်း အိမ်အမှတ်(၄၇)၌ ဇင်ဘိုဘိုထွန်း (ခ) ဘိုကြီး တို့ကို လက်လုပ်သေနတ်လေးလက်၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ မရမ်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက်၊ အင်းစိန်လမ်း ကုလားကျောင်းမှတ်တိုင်အနီး၌ အေးမင်း(ဘ) ဦးဘစိုးနှင့် မျိုးကျော် (ဘ) ဦးသန်းဝင်းတို့နှစ်ဦးကို လက်လုပ်ဗုံးတစ်လုံးနှင့် လည်းကောင်း၊ ပြည်မြို့ ခေတ္တရာမြို့သစ် ၆/၁ လမ်းရှိ ကိုမျိုးနှင့် ရန်နိုင်လင်းတို့ နှစ်ဦး ငှားရမ်းနေထိုင်သည့် နေအိမ်၌ လက်လုပ်မိုင်း ၄၁ လုံး၊ ရီမုမိုင်း ၃၁ လုံးနှင့် အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာရှိ ကျော်စိုး (ဘ) ဦးမောင်မောင်၏ ကွမ်းခြံ၌ ၎င်းအား ဂျင်ကလိ ၅၅ ချောင်း၊ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ ဖလမ်းမြို့ ကျင်မွှာရပ်ကွက်ရှိ ကျုံးလျှန်မန်း(ဘ)ဦးဟွေလိန်း အား ၎င်း၏နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာ မြတ်မင်္ဂလာရပ်ကွက်နေ ဂန်းဗဟာဒူး(ဘ)ဦးရာဂျမ်ကို ၎င်း၏နေအိမ်၌ လက်လုပ်သေနတ်တစ်လက်နှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။



အထက်ပါ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေ သတင်း ဖော်ထုတ်မှုများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




# အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ(၈)တွင် ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှုများကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအရာများကိုသော်လည်းကောင်း ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရန် ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် ပုံနှိပ်စက်များ၊ ပုံနှိပ်တိုက်များ၊ **Digital Printing Machine** များဖြင့် လုပ်ငန်းဆောင်ရွက်သည့် **ဗီနိုင်းပုံနှိပ် လုပ်ငန်းများ၊** အင်တာနက်သတင်းဖြန့်ချိသောနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော သတင်းအေဂျင်စီများသည် အထက်ဖော်ပြပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီဆွေ၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ၉-၄-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း




သတင်းစာရှင်းလင်းပွဲ၌ ခင်းကျင်းပြသထားသည့် မဲစာရင်းစစ်ဆေးတွေ့ရှိချက်များနှင့် ဆူပူအကြမ်းဖက်သူများ အသုံးပြုသည့် လက်နက်ကိရိယာများ။

*(ယမန်နေ့မှအဆက်)*

၂၉။ **ပြည်ထောင်စုနေ့စဉ် သတင်းဌာနမှ သတင်းထောက် ဦးကိုကိုလွင်က** CDM နှင့်ပတ်သက်ပြီး ပြည်သူလူထုအများနှင့်သက်ဆိုင်သည့် ကျန်းမာရေးကိစ္စဖြစ်ကြောင်း၊ CDM လုပ်သည့်အချိန်တွင် CDM လုပ်သည့်ဝန်ထမ်းများရှိသလို CDM မလုပ်သည့် ဝန်ထမ်းအချို့လည်း ရှိပါကြောင်း၊ ဥပမာတစ်ခု ပြောရလျှင် တနင်္ဆည်မြို့နယ်က ကံထူးမ ဆရာဝန်တစ်ယောက်ကဲ့သို့ ထိုဆရာဝန်များလိုလူများရှိလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဘယ်လိုမျိုး ဂုဏ်ပြုခြင်းမျိုးရှိပါသလဲ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကြိမ်ကြိမ် သတိပေးနေသည့်ကြားက ယနေ့တိုင် CDM ပြုလုပ်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ အထူးသဖြင့် ဆရာဝန်များနှင့် ပတ်သက်ပြီး နစ်နာနေသည့်အတွက် ၎င်းတို့ကို မည်သို့အရေးယူမည်ကို သိလိုကြောင်း မေးမြန်းသည်။

### ပြည်သူလူထု အကျိုးအတွက်လုပ်ရမည်

၃၀။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** မိမိတို့ သတင်းစာရှင်းလင်းပွဲတွင် ခဏခဏပြောနေသည့် ကံထူးမတိုက်နယ်ဆေးရုံမှ CDM မလုပ်သည့်ဆရာဝန်ပြောသွားသည့်အထဲတွင် အစိုးရကို ထောက်ခံ/မထောက်ခံ၍ CDM မပြုလုပ်ခြင်းမဟုတ်ကြောင်း၊ CDM မလုပ်ခြင်းသည် လူနာများအတွက် မလုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့ပြောနေသည်မှာလည်း ထိုအတိုင်းဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် မည်သည့်အစိုးရတက်လာလာ ပြည်သူလူထုအကျိုးအတွက် လုပ်ရမည်ဖြစ်ကြောင်း၊ အစိုးရကို ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ မိမိဆန္ဒကို မိမိပြ၍ရကြောင်း၊ ထိုစိတ်ဓာတ်မျိုးကို ပြောခြင်းဖြစ်ကြောင်း၊ မိမိတို့လုပ်နေသည့်လုပ်ငန်း၊ ဝန်ထမ်းများလုပ်နေသည့်လုပ်ငန်းများသည် မည်သူဖြစ်ဖြစ် စာရေးစာချီမှစပြီး အရာရှိဖြစ်ဖြစ် သူလုပ်ရမည့်လုပ်ငန်းများသည် Professional လုပ်ငန်းကို လုပ်ရခြင်းဖြစ်ကြောင်း၊ Professional စိတ်ဓာတ်မျိုးရှိစေချင်ပါကြောင်း၊ ဝန်ထမ်းကောင်းများနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထိုက်သင့်သည့် ချီးမြှင့်မှုများ၊ ထိုက်သင့်သည့် အသိအမှတ်ပြုမှုများ လုပ်ရန်အတွက် အစီအစဉ်များ ရှိပါကြောင်း၊ ဝန်ကြီးဌာနများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသည်ကို သတင်းများတွင် မြင်ရမည်ဖြစ်ပါကြောင်း၊ သင်္ကြန်ကာလအတွင်းတွင် သက်သာချောင်ချိမှု ဆောင်ရွက်နိုင်စေရန် ထောက်ပံ့ပေးနေသည့် ဝန်ကြီးဌာနများ ရှိပါကြောင်း၊ CDM နှင့်ပတ်သက်ပြီး အစိုးရ၊ ဝန်ကြီးဌာနများသည် ကောင်းမွန်စွာ လည်ပတ်လျက်ရှိပါကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်ပြီး ချို့ယွင်းချက်အချို့ရှိသော်လည်း တပ်မတော်ဆရာဝန်များနှင့် ဝင်ရောက်လုပ်ဆောင်ပေးနေမှုများ ရှိသဖြင့် မကြာမီအပြည့်အဝလည်ပတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် Professional ကျကျလုပ်နိုင်ရန် လိုပါကြောင်း ဖြေကြားသည်။

၃၁။ **ပြည်ထောင်စုနေ့စဉ်သတင်းဌာနမှ သတင်းထောက် ဦးကိုကိုလွင်က** ပုဒ်မ ၅၀၅ အပါအဝင် အခြားပုဒ်မများနှင့် အမှုဖွင့်အရေးယူထားခြင်းများနှင့်ပတ်သက်ပြီး အမြန်ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာ အရေးယူနိုင်ရေးသည် လိုအပ်နေသည့်ကိစ္စဖြစ်ပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် ၎င်းတို့နှင့် မပတ်သက်သည့် ဆန့်ကျင်ဘက်ကိစ္စများတွင် ဒုက္ခရောက်နေသည်ဟု သိရပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်နေသူများကို ရာဇသတ်ကြီးပုဒ်မ ၅၀၅ အပါအဝင် အခြားပုဒ်မများနှင့် အမှုဖွင့်အရေးယူထားသည့်နေရာတွင် နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်နေသော်လည်း ကြည့်ရှုသူနည်းပါးသည့်အတွက် တစ်ခုအကြံပေးလိုသည်မှာ ထိရောက်ပျံ့နှံ့မှုအားနည်းနေသည့်အတွက်၊ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် ပြည်သူများ ဆောင်ရွက်ပေးနိုင်ရေး အမှုဖွင့်ထားသူများ၏ ဓာတ်ပုံများကို ဗီနိုင်းထုတ်ပြီး မြို့အလိုက်လုပ်ရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

### ကြိုးပမ်းဆောင်ရွက်

၃၂။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** အကြံပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ အောက်ခြေတွင်ဖြစ်ပျက်နေသည့်ကိစ္စများနှင့်ပတ်သက်ပြီး အကြံပြုမှုများရှိပါကြောင်း၊ ရပ်ထဲရွာထဲတွင် Social Bullying အလုပ်ခံရမှု၊ ခြိမ်းခြောက်ခံရမှုနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ထိ သိပါကြောင်း၊ အောက်ခြေတွင်ဖြစ်နေသည့် ကိစ္စအားလုံးကိုသိပါကြောင်း၊ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းအတည်ပြုခြင်းများ၊ စုံစမ်းပြီး လိုက်လံဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့နေရာများတွင် မိမိတို့ဝန်ခံပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး လုံခြုံမှုအပြည့်ပေးနိုင်မှု ၁၀၀ ရာခိုင်နှုန်း မရှိသေးပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်တိုင်းပြည်လုံးတွင် လုံခြုံမှုရှိစေရေး၊ တည်ငြိမ်အေးချမ်းမှု အမြန်ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

၃၃။ **ONE News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်က** မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး အချို့နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်မပြုဘူးဟု အချို့အဖွဲ့အစည်းများက ပြောကြားနေခြင်းများ သိရပါကြောင်း၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုရှိပါသလား မေးမြန်းသည်။

၃၄။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တစ်လတစ်ကြိမ် လစဉ်လုပ်ဆောင်ချက်များ ထုတ်ပြန်နေပြီး ထိုအထဲတွင် ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်မည်ဖြစ်ပါကြောင်း၊ (၁၇) ကြိမ်မြောက် BIMSTEC ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယခုလ တစ်ရက်နေ့က Video Conferencing ဖြင့် ပြုလုပ်ခဲ့ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ပါဝင်တက်ရောက်ခဲ့ပါကြောင်း၊ အစည်းအဝေးတွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအခြေအနေ သုံးသပ်ခြင်းများ၊ BIMSTEC အဖွဲ့အတွက် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အခြေခံအဆောက်အဦများ ပိုမိုခိုင်မာစေရေး ဆောင်ရွက်သွားမည့်ကိစ္စများ၊ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှု ဧရိယာနှင့် ဧရိယာခွဲများအား ပြင်ဆင်ဖွဲ့စည်းမှုများ၊ ထိပ်သီးအစည်းအဝေးက ချမှတ်ထားသည့် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးနှင့် အတွင်းရေးမှူးရုံးအတွက် ရန်ပုံငွေ အတည်ပြုခြင်း စသည်တို့ကို ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ထိုနေ့အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် ပုဂ္ဂလိကကဏ္ဍ၏အရေးပါမှုများ၊ ၂၀၂၁ ခုနှစ် အာဆီယံစီးပွားရေးအကြံပေးကောင်စီ၏ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ ချုပ်ဆိုခဲ့သည့် ဒေသတွင်း နိုင်ငံတကာ သဘောတူစာချုပ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေနှင့် ယခင်အစိုးရအဆက်ဆက် ခွင့်ပြုခဲ့သည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးသည်ဟု အာမခံကြောင်း၊ ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန် ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မတ်လ ၅ ရက်နေ့ မနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အမေရိကန်သံအမတ်ကြီးတို့ Video Conferencing ဖြင့် တွေ့ဆုံခဲ့ခြင်း၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဂျပန်သံအမတ်ကြီးတို့ တွေ့ဆုံခဲ့ခြင်း၊ မတ်လ ၉ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် Head of the European Union Military staff (EUMS) ကို Video Conferencing ဖြင့် တွေ့ဆုံခဲ့ခြင်း၊ (၁၁) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေးကို မတ်လ ၁၀ ရက်နေ့တွင် Video Conferencing ဖြင့် ပြုလုပ်ခဲ့ခြင်း၊ မတ်လ ၁၂ ရက်နေ့တွင် (၁၅) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်နှင့်အဖွဲ့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ခြင်းများ ရှိပါကြောင်း၊ လူတိုင်းအလှမ်းမီရပ်ဝန်းသည့် အာဆီယံ Digital အသိုက်အဝန်းဆီကို အခြေခံပြီး အာဆီယံနိုင်ငံများအလိုက် ဆွေးနွေးခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးကောင်စီ၏ (၄၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို မတ်လ ၁၁ ရက်နေ့၌ ကျင်းပခဲ့ရာတွင်

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် တာဝန်ရှိသူများက Video မိန့်ခွန်း ပေးပို့ပြီး Online ဖြင့် ပါဝင်တက်ရောက်ခဲ့ပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး နှင့် Video Conferencing စနစ်ဖြင့် မတ်လ ၁၅ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မတ်လ ၁၆ ရက်နေ့တွင် (၁၈) ကြိမ်မြောက် အာဆီယံ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်း အဝေး ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်အနေဖြင့် (၁၈) ကြိမ်မြောက် အာဆီယံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်း အဝေးကို အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ပါ ကြောင်း၊ (၇၆) နှစ်မြောက် တပ်မတော်နေ့အခမ်း အနားကို ရုရှားဖက်ဒရေးရှင်းနိုင်ငံက ဒုတိယ ဝန်ကြီး ဦးဆောင်သည့်အဖွဲ့ တက်ရောက်ခဲ့ပါ ကြောင်း၊ ဒါတွေသည် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်မှု ဖြစ်ပါကြောင်း၊ ယခု မတ်လတစ်လ တည်း လုပ်ဆောင်ချက်များ ဖြစ်ပါကြောင်း၊ နိုင်ငံ တကာက အသိအမှတ်မပြုခြင်း ဆိုသည်များသည် လုပ်ကြံဖန်တီးလိုသူ၊ ပြောချင်သူများအတွက် ပြောနေခြင်းများဖြစ်ကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြောသည့်အတိုင်း နိုင်ငံ တကာနှင့် မိတ်ဝတ်မပျက်ဆက်ဆံလျက် ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတကာတွင် ဘက်မလိုက် တရား မျှတပြီး လွတ်လပ်သည့် နိုင်ငံခြားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

၃၅။ **သတင်းထောက် ဦးသွင်ထူးအောင်**က စီးပွား ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ တာဝန်ယူနေသည့်ကာလအတွင်း၌ နိုင်ငံခြားကုန်သွယ်မှုများ တုံ့ဆိုင်းနေကြောင်း ကုန်သွယ်ရေးလုပ်ငန်း အသိုင်းအဝိုင်းအချို့က ပြောဆိုနေသည်များရှိကြောင်း၊ ပြည်ပကုန်သွယ်ရေး နှင့်ပတ်သက်ပြီး ဆောင်ရွက်နေသည့် အခြေအနေ ကို သိလိုပါကြောင်း မေးမြန်းသည်။

### ကုန်သွယ်မှုလုပ်ငန်း ပုံမှန်လည်ပတ်

၃၆။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ကုန်သွယ်ရေး လုပ်ငန်းများနှင့်ပတ်သက်ပြီး စာရင်းဇယားများအရ ပြောမည် ဖြစ်ပါကြောင်း၊ လက်တွေ့အနေဖြင့် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တွင် ကုန်ကား များ သွားလာနေသည်ကို လက်တွေ့ကြည့်၍ ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လနှစ်လတာ ကာလ ယာယီစာရင်းများအနေဖြင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၇၄ သန်း ဖြစ်ပါကြောင်း၊ သွင်းကုန်တန်ဖိုး ၁၇၇၂ သန်းဖြစ်ပါ ကြောင်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅၄၆ သန်းဖြစ်ပြီး ကုန်သွယ်မှုပိုငွေဒေါ်လာ နှစ်သန်းကျော်ရှိပါကြောင်း၊ ယခုကာလအများ အားဖြင့်သိသာသည့် နယ်စပ်စခန်းများ၏ ကုန် သွယ်မှုနှင့်ပြောလိုသည်မှာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုအနေဖြင့် ဖေဖော် ဝါရီလနှင့် မတ်လ နှစ်လတာကာလအတွင်းတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၄၃၈ သန်းခန့်ရှိပြီး သွင်းကုန် အမေရိကန်ဒေါ်လာ ၁၇၁ သန်းရှိပါ ကြောင်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၀၉ သန်း ဖြစ်ကြောင်း၊ စုစုပေါင်း မူဆယ်စခန်းမှ ၆၅ ရာခိုင်နှုန်း၊ လွယ်ကျယ်မှ ခြောက်ရာခိုင်နှုန်း၊ ချင်းရွှေဟော်မှ ၁၈ ရာခိုင်နှုန်း၊ ကန်ပိုက်တီးမှ ၁၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ထိုင်းနှင့် ကုန်သွယ်မှု အခြေအနေ အနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ ၃၅၂ သန်းဖြစ်ပြီး သွင်းကုန်အနေဖြင့် အမေရိကန် ဒေါ်လာ ၁၀၄ သန်း ဖြစ်ပါကြောင်း၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၄၉၂ သန်းဖြစ်ပြီး စခန်းများအနေဖြင့် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီးနှင့် မောတောင် စခန်း များဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအို တွင် ယခုနှစ်လတာကာလအတွင်း ဘင်္ဂလားဒေ့ရှ် တွင် ပို့ကုန်တင်ပို့နိုင်မှုမရှိဘဲ သွင်းကုန်ဒေါ်လာ ငါးသန်း စစ်တွေစခန်းမှ ဆောင်ရွက်ခဲ့ပါကြောင်း၊ အိန္ဒိယဘက်တွင် တမူးစခန်းမှ ပို့ကုန် ခုနစ်သန်း ဖြစ်ပြီး သွင်းကုန်ဆောင်ရွက်နိုင်မှု မရှိပါကြောင်း၊ မြိတ်စခန်းမှ ပို့ကုန်ဒေါ်လာ ၃၄ သန်းနှင့် သွင်းကုန် ဒေါ်လာ သုည ဒသမ ၁၇ သန်းရှိပါကြောင်း၊ လာအို ဘက်တွင် ကျိုင်းလတ်စခန်းမှ ကုန်သွယ်မှု ဆောင်ရွက်နိုင်မှု များများစားစား မရှိပါကြောင်း၊ မိမိတို့၏စီးပွားရေးလုပ်ငန်းများ ကုန်သွယ်မှုလုပ်ငန်း များသည် ယခင်ကထက် လျော့နည်းနိုင်သော်လည်း ပုံမှန်လုပ်ငန်း လည်ပတ်ဆောင်ရွက်လျက်ရှိပါ ကြောင်း ပြန်လည်ဖြေကြားသည်။

၃၇။ **သတင်းထောက် ဦးသွင်ထူးအောင်**က အခြေခံ ပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဆရာ ဆရာမများကို မွမ်းမံသင်တန်းများပေးနေ သည်ကို သိရပါကြောင်း၊ မွမ်းမံသင်တန်းတက်ရောက် နေသည့် အခြေခံပညာက ဆရာ ဆရာမ ရာခိုင်နှုန်း မည်မျှရှိသည်၊ ထိရောက်မှု ရှိ/ မရှိ၊ သင်တန်းဖွင့်သည့် အချိန် မည်သို့အခက်အခဲများရှိသည်ကို သိလို ပါကြောင်း၊ ကျောင်းများဖွင့်ရန်အတွက် စီစဉ် နေသည့်အခြေအနေ၊ ဘာများစီစဉ်ထားသလဲ သိလို ကြောင်း မေးမြန်းသည်။

### အောင်မြင်နိုင်မည်ဟု ယုံကြည်

၃၈။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုမေးခွန်းကို မိမိ ဖြေနိုင်သလောက် ဖြေပေးမည်ဖြစ်ပြီး ပညာရေး ဝန်ကြီးဌာနမှ ဖြည့်စွက်ဖြေကြားသွားမည် ဖြစ်ပါ ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေဖြင့် ကျောင်းများ ဖွင့်လှစ်လိုသည့်ရည်ရွယ်ချက်သည် တစ်ခုသာရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် ကျောင်းများပိတ်ခဲ့ရပါကြောင်း၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ နစ်နာပါကြောင်း၊ ထို့ကြောင့် ကျောင်းများဖွင့်လိုခြင်းဖြစ်ပြီး ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ကျောင်းများ ဖွင့်ရန်အတွက် မွမ်းမံသင်တန်းများ ခေါ်ခြင်းဖြစ် ကြောင်း၊ မွမ်းမံသင်တန်းများခေါ်ချိန်တွင် စိတ်မကောင်းဖွယ်တွေ့ရသည်မှာ CDM လုပ်သူ များသည် ဆရာ ဆရာမများကို ဝိုင်းဝန်းပြီး ဖိအား ပေးခြင်းများ ဆောင်ရွက်သည်ကို တွေ့ရပါကြောင်း၊ မကြားဝံ့မနာသာများ တွေ့ရပါကြောင်း၊ မြန်မာလူမှု အစဉ်အလာတွင် မရှိခဲ့ဖူးသည်များ တွေ့ရပါကြောင်း၊ မိမိတို့မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသည့် အစဉ်အလာ၊ လေးစားဖွယ်ကောင်းသည့် အစဉ် အလာထဲတွင် အာစရိယဆရာသမားဆိုသည်မှာ အနန္တော အနန္တငါးပါးနှင့် တစ်ဂိုဏ်းတည်းထားပြီး ဆောင်ရွက်ခဲ့သည့် လူမျိုးများဖြစ်ကြောင်း၊ သင်ကြားပေးနေသည့် ဆရာ ဆရာမများကို တပည့် များကစပြီး စော်ကားနေသည့်ပုံစံကို တွေ့ရပါ ကြောင်း၊ ယဉ်ကျေးမှု အနန္တောအနန္တဂိုဏ်းဝင်ဟု ထွတ်ထွတ်မြတ်မြတ်ထားသည့် နိုင်ငံမျိုး ရှားပါ ကြောင်း၊ အတွေ့အကြုံအရ သင်ကြားပေးသူ၊ သင်ယူသူများရှိပြီး သူ့တာဝန်နှင့်သူ လုပ်ကြသည့် ပုံစံမျိုးသာဖြစ်ကြောင်း၊ အဆိုပါပုံစံမျိုး မဟုတ်ဘဲ မိမိတို့အနေဖြင့် သင်ကြားပေးသည့် ဆရာကို အထူးအလေးအနက်ထားပြီး လုပ်ခဲ့ကြပါကြောင်း၊ မြန်မာစကားပုံတစ်ခု ပြောလိုပါကြောင်း၊ မြန်မာ များသည် တစ်လုတ်စားဖူး သူ့ကျေးဇူးဟု ပြောကြ ပြီး ဆရာ ဆရာမများ ပညာသင်ကြားပေးသည် မှာ တစ်လုတ်မကပါကြောင်း၊ တစ်သက်လုံး ထမင်း စားနိုင်ရန် ပညာသင်ကြားပေးပါကြောင်း၊ မြန်မာ များသည် တစ်လုတ်စားဖူး သူ့ကျေးဇူးကို တန်ဖိုး ထားမည်ဆိုလျှင် တစ်သက်လုံး ထမင်းစားနိုင် ရန် ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမ များကို ဘာကြောင့် စော်ကားနေရသလဲဟု မေးမြန်းလိုကြောင်း၊ ယဉ်ကျေးမှုအချို့သည် စကားပုံအဖြစ်သာ ကျန်ခဲ့ရန်မကောင်းသည့် ယဉ်ကျေးမှု၊ ကြားကောင်းအောင်ပြောနိုင်သည့် ယဉ်ကျေးမှု မဖြစ်ရန် အရေးကြီးပါကြောင်း၊ ဘာ အခက်အခဲရှိသလဲ ဆိုလျှင် အဆိုပါအခက်အခဲများ ရှိပါကြောင်း၊ ကိုယ်ထိလက်ရောက်မှုများ ရှိကြောင်း၊ မီးရှို့ခံရသည့် ကျောင်းများ၊ ရုံးများစာရင်းများ အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ပညာရေးမှူးရုံး၊ ကလေးခရိုင်ပညာရေးမှူးရုံး၊ ရေဦးပညာရေးမှူးရုံး၊ မြင်းခြံမြို့နယ် အထက(၄)၊ မွန်ပြည်နယ်၊ ရေးမြို့နယ် ပညာရေးမှူးရုံး၊ ဖယ်ခုံမြို့နယ် ပညာရေးမှူးရုံးများ မွမ်းမံသင်တန်း လုပ်သည်ဟူ၍ မီးရှို့ခံခဲ့ရပါကြောင်း၊ ဘာများ အဓိပ္ပာယ်ရှိလဲဟု မေးမြန်းလိုပါကြောင်း၊ ၎င်းတို့ကို ပညာသင်ကြားပေးမည့်သူများဖြစ်ပြီး ဆရာ ဆရာမများကိုလည်း မိမိပြောလိုသည်မှာ တာဝန် ကျေပွန်စွာ တက်ရောက်နေသည့် ဆရာ ဆရာမများ ရှိပါကြောင်း၊ ၅၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်း အထက်တွင်ရှိသည်ဟု သိရပါကြောင်း၊ အချို့ဆရာ ဆရာမများ မလာနိုင်သည်မှာလည်း အခက်အခဲ မျိုးစုံကြောင့် ဖြစ်ပါကြောင်း၊ ဝိုင်းဝန်းတိုက်ခိုက် ခြင်းမျိုး၊ တပည့်များကစပြီး တိုက်ခိုက်ခြင်းမျိုးများ ကြောင့် မလာခြင်းမျိုးဖြစ်ပါကြောင်း၊ သို့သော် မိမိတို့ ပြည့်ပြည့်ဝဝ အောင်မြင်နိုင်မည်ဟု ယုံကြည် ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အခြေခံ ပညာသည် Teaching သင်ကြားပေးရန်ဖြစ်ပြီး တက္ကသိုလ်ကဲ့သို့ Studying လုပ်သည့်လိုင်း မဟုတ်ပါကြောင်း၊ ထို့ကြောင့် Teacher ဟုခေါ်ခြင်း ဖြစ်ကြောင်း၊ မိမိတို့သည် သင်ကြားပေးမည့်သူ မရှိလျှင် မိမိကိုယ်တိုင် မိမိလေ့လာ၍ မရပါကြောင်း၊ လေ့လာ၍မရသည့် အသိုင်းအဝိုင်းဖြစ်ကြောင်း၊ ထို့ကြောင့် တန်ဖိုးထားရမည့်အသိုင်းအဝိုင်း ဖြစ်ပါ ကြောင်း၊ တက်ရောက်နေသည့် ဆရာ ဆရာမများ ကိုလည်း အထူးကျေးဇူးတင် လေးစားပါကြောင်း၊ တပည့်များ ပညာသင်ကြားမှုနှင့် ပတ်သက်ပြီး အလေးထားကာ ဆောင်ရွက်နေသည့် ဆရာ ဆရာမ များ၊ သင်တန်းတက်နေသည့် ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုယ်စား အထူး ကျေးဇူးတင်ပါကြောင်း အကြံပြုပြောကြားသည်။

၃၉။ ပညာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဖြည့်စွက်ဖြေကြားရာတွင် ကျောင်းများ ဖွင့်လှစ်ရန်အစီအစဉ်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအစီအစဉ်နှင့် ဆက်လက်ဖွင့်လှစ်နိုင် ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွင့်လှစ်နိုင် ရန်လည်း ပြင်ဆင်ထားပါကြောင်း၊ တက်ရောက် သည့် ရာနှုန်းလည်း မှန်ကန်ပါကြောင်း၊ ဆရာ ဆရာမသင်တန်းများတွင် ၅၀ ရာခိုင်နှုန်းကျော် တက်ရောက်ပါကြောင်း၊ ဒေသအခက်အခဲများ၊ ဆရာ ဆရာမများသည် ကျောင်းရက်ရှည်ပိတ်ထား သည့်အတွက် သင်တန်းတည်နေရာကို ပြန်လာရန် မလွယ်ကူခြင်းများ ရှိပါကြောင်း၊ ကျန်သည်များ လည်း တော်တော်များများ အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**“ဝန်ထမ်းများအနေဖြင့် မည်သည့်အစိုးရတက်လာလာ ပြည်သူလူထု အကျိုးအတွက် လုပ်ရမည်ဖြစ်ကြောင်း၊ အစိုးရကို ကျေနပ်သည် ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ မိမိဆန္ဒကို မိမိပြ၍ရကြောင်း၊ ထိုစိတ်ဓာတ်မျိုးကို ပြောခြင်းဖြစ်ကြောင်း၊ မိမိတို့လုပ်နေသည့်လုပ်ငန်း၊ ဝန်ထမ်းများ လုပ်နေသည့်လုပ်ငန်းများသည် မည်သူဖြစ်ဖြစ် စာရေးစာချီမှုစပြီး အရာရှိဖြစ်ဖြစ် သူလုပ်ရမည့် လုပ်ငန်းများသည် Professional လုပ်ငန်းကို လုပ်ရခြင်း ဖြစ်ကြောင်း၊ Professional စိတ်ဓာတ်မျိုးရှိစေချင်”**

**“မြန်မာများသည် တစ်လုတ်စားဖူး သူ့ကျေးဇူးဟုပြောကြပြီး ဆရာ ဆရာမများ ပညာသင်ကြားပေးသည်မှာ တစ်လုတ်မကပါကြောင်း၊ တစ်သက်လုံး ထမင်းစားနိုင်ရန် ပညာသင်ကြားပေးပါကြောင်း၊ မြန်မာများသည် တစ်လုတ် စားဖူး သူ့ကျေးဇူးကို တန်ဖိုးထားမည်ဆိုလျှင် တစ်သက်လုံး ထမင်းစားနိုင်ရန် ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများကို ဘာကြောင့် စော်ကား နေရသလဲဟု မေးမြန်းလိုကြောင်း၊ ယဉ်ကျေးမှုအချို့သည် စကားပုံအဖြစ်သာ ကျန်ခဲ့ရန်မကောင်းသည့် ယဉ်ကျေးမှု၊ ကြားကောင်းအောင်ပြောနိုင်သည့် ယဉ်ကျေးမှုမဖြစ်ရန် အရေးကြီး”**

# ဖေ့စ်ဘွတ်အကောင့်တစ်ခု အရင်းပြု၍

## သူရိန်သော်

မနေ့က အပြင်သွားနေရင်း ဆိုင်သစ်လေးတစ်ဆိုင် တွေ့တာနဲ့ လှမ်းပြီးကြည့်မိတယ်။ လူတိုင်း ရင်းနှီးပြီးသား အမည်လေးတစ်ခု။ Like & Share လို့ ဆိုင်းဘုတ်မှာ ရေးသားထားတယ်။ ဒါဆိုရင် အားလုံးသိပြီ။ လူမှုကွန်ရက် ဖေ့စ်ဘွတ်ပေါ်မှာ လူတိုင်း like ပေးကြတယ်။ အခြား Reaction အမျိုးမျိုးလည်း ပေးကြတယ်။ ချစ်ခင်နှစ်သက်ရင် အသည်းပုံလေး၊ ဝမ်းနည်းရင် ငိုနေတဲ့ပုံနဲ့၊ စိတ်ဆိုးရင်တော့ အနီရောင် မျက်နှာစူပုပ်ပုပ် ပုံစံမျိုး။ ကြိုက်တဲ့စာသား၊ ဓာတ်ပုံတွေ့ရင် Share ခလုတ်ကလေးနှိပ်လိုက်ရင် ကိုယ့်မိတ်ဆွေတွေပါ မြင်တွေ့ကြရမယ်။ လူတိုင်း လူတိုင်း ဖေ့စ်ဘွတ်က ဘဝဖြစ်လာတယ်။ အချို့လူတွေ မိုးလင်းကနေ မိုးချုပ်အထိ ဖုန်းပွတ်တယ်လို့ ပြောရမလား။ မျက်စိနှစ်လုံးပွင့်တာနဲ့ ဖေ့စ်ဘွတ်ကို အရင်ဆုံးဖွင့်တယ်။

မြန်မာပြည်သူအများစုဟာ ဖေ့စ်ဘွတ်ကနေ တစ်ဆင့် လောကကြီးကို တစ်နေကုန် ထိုင်ကြည့်နေကြတယ်လို့ ပြောလို့ရတယ်။ အဲဒီထဲမှာမှ ထင်ရှားကျော်ကြားသူ တစ်ယောက်ယောက်က တစ်ခုခု တင်လိုက်မိတယ်ဆိုရင် အားလုံး ခုနက Like & Share ကို တွင်တွင်ကြီး သုံးကြပြီ။ အခြားသူတစ်ယောက်ယောက်က အမှားတွေပါလို့ ထောက်ပြရင်လည်း ဝိုင်းပြီး ဆွမ်းကြီးလောင်းကြလို့ သုံးနေတဲ့အကောင့် (Account)လေးပါ ပျက်နိုင်ပါတယ်။

အဲဒီ ပလက်ဖောင်းပေါ်မှာ ငယ်သူငယ်ချင်းတွေနဲ့ ဆုံတယ်။ အဝေးရောက်တဲ့ ဆွေမျိုးတွေနဲ့ ဗီဒီယိုကောလ် ခေါ်နိုင်တယ်။ Group Chat တွေကနေ သန်ရာသန်ရာ စုစည်းမိပြီး စကားတွေပြောကြ၊ အသိပညာမျှဝေကြနဲ့ ပျော်စရာကြီး။ ဖေ့စ်ဘွတ်မှာ သင့်ရဲ့ဖူးစာရှင်က ဘယ်သူနဲ့တူသလဲတို့၊ ဒီဂိမ်းလေး ဆော့လိုက်ကြရအောင်တို့လို ပျော်စရာ အပ်ပလီကေးရှင်း(Application)လေးတွေမြင်ရင် ဝင်ပြီး ဆော့ကြတယ်။ ကိုယ့်ရဲ့အချက်အလက်တွေ ပေးပြီးသားဖြစ်သွားပြီဆိုတာကို မေ့နေကြတယ်။ ကိုယ်က အက်ပလီကေးရှင်းတစ်ခုထဲကို ဝင်မိပြီဆိုတာနဲ့ ကိုယ့်မိတ်ဆွေ သူငယ်ချင်းတွေ အကုန်လုံးဆီမှာ အဲဒီအက်ပလီကေးရှင်းက ကြော်ငြာခွင့်ရသွားပြီဆိုတာကိုတော့ မသိချင်ယောင်ဆောင်နေကြတယ်။ ဗိုင်းရပ်စ်တစ်ကောင်လို တစ်ယောက်ကနေ တစ်ယောက်ဆီကို ကူးစက်ပြီး ပျံ့နှံ့နေကြတယ်။ ဒီလိုနည်းနဲ့ ဖေ့စ်ဘွတ်ဟာ သူ့ရဲ့စီးပွားရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုတယ်။

**ဖေ့စ်ဘွတ်သုံးလိုက်တာနဲ့ ကိုယ့်ရဲ့ ကိုယ်ရေးအချက်အလက်တွေ၊ ကိုယ်တင်လိုက်တဲ့ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ အားလုံးဟာ ကိုယ်မပိုင်တော့ဘူး။ ဥပမာ ကိုယ့်ဆီက အသုံးလိုမယ့်အချက်အလက်၊ အကြောင်းအရာတွေဟာ အကျိုးရှာတဲ့ စီးပွားရေးအုပ်စုတွေ၊ ကိုယ်လိုရာဖန်တီးဖို့အတွက် အသုံးချမယ့် အစိုးရတွေရဲ့ လက်ထဲကို ရောက်သွားတဲ့အခါ ဖေ့စ်ဘွတ်ကို လိုသလိုဖန်တီးပြီး လူသားတွေကို ဝါဒဖြန့်ကြတယ်။ လွှမ်းမိုးဖို့ ကြိုးစားကြတယ်။ အဲဒါတွေကို မခံစားနိုင်တဲ့နိုင်ငံတွေလည်း ရှိတယ်။ အဲဒီနိုင်ငံတွေကတော့ ရုရှားနဲ့ တရုတ်နိုင်ငံပါပဲ။ ရုရှားဟာ VK ကို ရွေ့သလို တရုတ်ကလည်း WeChat လိုနေရာတွေကို ပလက်ဖောင်းအဖြစ် ပြောင်းလဲအသုံးပြုတယ်။ ဒါမှလည်း အတွေးအခေါ်အမှားတွေ၊ ဆိုက်ဝါး(Psywar) တွေကနေ ကင်းဝေးမှာဖြစ်တာကြောင့်ပါ။** အဲဒီအခါမှာ ဖေ့စ်ဘွတ်ကလည်း ရုရှားအစိုးရနဲ့ ပတ်သက်တဲ့ စာမျက်နှာတွေ၊ လူပုဂ္ဂိုလ်တွေကို ဖယ်ရှားတယ်။ သတင်းစာမျက်နှာတွေကို ဖြုတ်ချပစ်တယ်။

၂၀၁၈ ခုနှစ်လောက်က ကင်ဘရစ်ဂျ် အနာလက္ကီကာကုမ္ပဏီ ပြဿနာတက်တယ်။ အမေရိကန်မှာ ဖေ့စ်ဘွတ်သုံးတဲ့သူတွေထဲက သန်း ၈၇ လောက်ရဲ့ ကိုယ်ရေးအချက်အလက်တွေ အလွဲသုံးဖို့ ထုတ်ယူခဲ့တယ်လို့ ကြားလိုက်ရတယ်။ ဒါတင်မကသေးဘူး။ သမ္မတရွေးပွဲမှာ ထရန့် အနိုင်ရဖို့ရာမှာလည်း ဖေ့စ်ဘွတ်က အကူအညီပေးတယ်ဆိုပြီး သတင်းတွေက ဖော်ပြကြတယ်။ ဘယ်မှာလဲ ကိုယ်ပိုင်လွတ်လပ်ခွင့်လို့သာ မေးလိုက်ချင်တော့တယ်။ ဒါတင်မကသေးဘူး အမုန်းစကားတွေဖြန့်တယ်။ အယူဝါဒတွေဖြန့်တယ်။ လူတွေကို မှိုင်းတိုက်ပြီး လိုရာပုံသွင်းဖို့အတွက် ဖေ့စ်ဘွတ်ကို သုံးလာကြတယ်။

> **"ဖေ့စ်ဘွတ်သုံးလိုက်တာနဲ့ ကိုယ့်ရဲ့ ကိုယ်ရေးအချက်အလက်တွေ၊ ကိုယ်တင်လိုက်တဲ့ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ အားလုံးဟာ ကိုယ်မပိုင်တော့ဘူး။ ဥပမာ ကိုယ့်ဆီက အသုံးလိုမယ့်အချက်အလက်၊ အကြောင်းအရာတွေဟာ အကျိုးရှာတဲ့ စီးပွားရေးအုပ်စုတွေ၊ ကိုယ်လိုရာဖန်တီးဖို့အတွက် အသုံးချမယ့် အစိုးရတွေရဲ့လက်ထဲကို ရောက်သွားတဲ့အခါ ဖေ့စ်ဘွတ်ကို လိုသလိုဖန်တီးပြီး လူသားတွေကို ဝါဒဖြန့်ကြတယ်။ လွှမ်းမိုးဖို့ ကြိုးစားကြတယ်။ အဲဒါတွေကို မခံစားနိုင်တဲ့ နိုင်ငံတွေလည်း ရှိတယ်။ အဲဒီနိုင်ငံတွေကတော့ ရုရှားနဲ့ တရုတ်နိုင်ငံပါပဲ။ ရုရှားဟာ VK ကို ရွေ့သလို တရုတ်ကလည်း WeChat လိုနေရာတွေကို ပလက်ဖောင်းအဖြစ် ပြောင်းလဲအသုံးပြုတယ်။ ဒါမှလည်း အတွေးအခေါ်အမှားတွေ၊ ဆိုက်ဝါး(Psywar) တွေကနေ ကင်းဝေးမှာဖြစ်တာကြောင့်ပါ"**

**မြန်မာနိုင်ငံမှာ ဖေ့စ်ဘွတ်ကနေ မိတ်ဆွေဖွဲ့၊ အလိမ်အညာဇာတ်လမ်းတွေဆင်ပြီး ငွေတွေ ဆုံးရှုံးသွားကြရသူတွေ၊ အိမ်ထောင်ရှိလျက်နဲ့ လေလှိုင်းကြားက အချစ်ဇာတ်လမ်းအသစ်တွေကြောင့် မိသားစု ပျက်စီးသွားရသူတွေ၊ ဆယ်ကျော်သက်ကလေးတွေကို အွန်လိုင်းကနေ ဖြားယောင်းသွေးဆောင်တဲ့အတွက် ပျက်စီးသွားရတဲ့ဘဝတွေ၊ ဖေ့စ်ဘွတ်ပေါ်က ဆေးမြီးတိုတွေကို ယုံစားပြီး အသက်ပေးလိုက်ရတဲ့ ရောဂါသည်တွေ၊ ငွေကြေးသိန်းပေါင်း သောင်းနဲ့ချီပြီး အလွဲသုံးစားလုပ်ကြသူတွေ၊ ပရဟိတအမည်ခံပြီး နာမည်ပျက်တော့ အကောင့်ပါဖျက်ပြီး ငွေထုပ်ပိုက် ထွက်ပြေးကြသူတွေ...။ အများကြီး ရှိခဲ့ပါပြီ။ ဒါပေမယ့် အခုချိန်ထိလည်း ယုံကြည်နေကြဆဲ၊ ဖေ့စ်ဘွတ်ကို ကမ္ဘာထင်နေကြဆဲလူတွေ အများကြီး ရှိနေဆဲပါ။**

အမုန်းတရားတဲ့။ မမြင်ရတဲ့ လေလှိုင်းထဲမှာ အပြင်မှာမပြောဝံ့တဲ့ မကြားဝံ့မနာသာ ဖရုသဝါစာတွေကို အမျိုးသမီးလေးတွေကတောင် အားရပါးရ ပြောကြဆိုကြတယ်။ ဒါတင်မကသေးဘူး။ ဘယ်နေရာမှာ ဘာဖြစ်နေပြီဆိုတာမျိုး ကောလာဟလမျိုးစုံကိုလည်း မြင်ရတယ်။ ပြီးခဲ့တဲ့ငါးနှစ်မှာ NLD အစိုးရ တက်လာတဲ့အခါ Social Media ကို အရေးတကြီး ကိုင်တွယ်လိုက်တယ်။ SMMT ကို သန်းပေါင်းများစွာ အကုန်ခံပြီး ထိန်းချုပ်လိုက်တယ်။ ပြည်သူတွေကတော့ အင်တာနက်မြန်နှုန်း မြင့်လာတာနဲ့အမျှ ပိုက်ဆံအကုန်ခံပြီးတော့ကို သုံးလိုက်ကြတဲ့ အင်တာနက်။ ပထမဆုံး မြန်မာတွေ ခံစားရတာက Culture ထိခိုက်လာကြတာ။ အားလုံး ပွင့်လင်းလာခဲ့ကြတာလား၊ ရိုင်းစိုင်းလာခဲ့ကြတာလား ပြန်စဉ်းစားကြည့်စေလိုပါတယ်။

အမျိုး၊ ဘာသာ၊ သာသနာကို ထိပါးလို့ ဆတ်ဆတ်ထိမခံ ရေးကြည့်ပါလား။ စာမျက်နှာတွေ၊ ကိုယ်ပိုင်အကောင့်တွေ ချက်ချင်း ပိတ်သွားတတ်တယ်။ အဲဒီကာလမှာ တပ်မတော်ကို စော်ကားချင်တိုင်း စော်ကား၊ ဘာသာ၊ သာသနာကို ထိပါးချင်တိုင်းထိပါး အကောင့်တွေမပိတ်ဘူး၊ စာမျက်နှာတွေ မပိတ်ဘူး။ အနီတွေကို ထိခိုက်လို့ကတော့ ကွန်မြူနတီစတန်းဒက်(Community Standard)နဲ့ မညီပါဘူးဆိုပြီး အကောင့်က ပိတ်သွားကြရစမြဲ။ အမုန်းတရားတွေ ပြန့်ပွားလာတယ်။ လူအချင်းချင်း လေးစားမှု၊ စာနာထောက်ထားမှု ဆိုတာတွေကို ပြည်သူတွေဆုံးရှုံးခဲ့တယ်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မဲမသမာမှုတွေအတွက်၊ အမှန်တရားအတွက်၊ ပြည်သူတွေ တောင့်တလွှန်းတဲ့ ဒီမိုကရေစီ တင်းပြည့်ကျပ်ပြည့်ဖြစ်လာဖို့အတွက် ယာယီသမ္မတက နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာတယ်။ တပ်မတော်ကို အာဏာလွှဲအပ်တယ်။ အရာအားလုံးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားတည်ဆဲဥပဒေတွေအတိုင်း စနစ်တကျ ဆောင်ရွက်နေတာ မြင်ရတယ်။ အဲဒီမှာ အများဆုံးမြင်ရတဲ့ အဖျက်အမှောင့်တွေဟာ ဖေ့စ်ဘွတ်ပေါ်မှာ အခြေတည်လာတာ တွေ့ရတယ်။ ပြည်သူတွေကို မြှောက်ပင့်ပေးတယ်။ လမ်းပေါ်ထွက်ကြတယ်။ ထင်ရှားကျော်ကြားသူတွေကို သွေးဆောင်ပြီး ရှေ့ကထွက်ခိုင်းတယ်။ ဒီဖေ့စ်ဘွတ်ကနေ တရားမဝင်တဲ့ အသင်းအဖွဲ့တွေ တည်ထောင်တယ်။ အလှူငွေဆိုတဲ့ သူတို့အင်အားကောင်းဖို့ ရန်ပုံငွေတွေကိုလည်း ဖေ့စ်ဘွတ်ခ်ကနေ ချိတ်ဆက်တယ်။ ဝန်ထမ်းတွေကို CDM အတင်းလုပ်ခိုင်းတယ်။ တာဝန်ကျေပွန်ပြီး အလုပ်ကို ဆက်ဆင်းနေတဲ့ ဝန်ထမ်းတွေကို ခြိမ်းခြောက်၊ အကျပ်ကိုင်၊ အရှက်ခွဲ စတာတွေကိုလည်း ဖေ့စ်ဘွတ်ကနေ အဓိက လုပ်ကိုင်ကြတယ်။

တပ်မတော်နဲ့ လုံခြုံရေးတာဝန် ယူထားရတဲ့ ပြည်သူ့ရဲတွေ အခက်ကြုံအောင် ပြည်သူတွေကို သွေးထိုးပေးကြတာလည်း ဒီပလက်ဖောင်းကပဲ ဆိုတာ ငြင်းမရပါဘူး။ အသံတိတ်သပိတ်၊ အမှိုက်သပိတ်၊ ပန်းသပိတ်၊ လုံချည်သပိတ်၊ နေ့သပိတ်၊ ညသပိတ် အကုန်လုံးကို ဒီလူမှုကွန်ရက် ဖေ့စ်ဘွတ်ပေါ်ကနေ စည်းရုံးလှုံ့ဆော်ကြတာတွေက အများဆုံးပါပဲ။ လူတွေကို သပိတ်ကနေ ဆူပူအကြမ်းဖက်မှုအထိ ဖြစ်လာစေဖို့ စေ့ဆော်မှုတွေကလည်း ဖေ့စ်ဘွတ်ပေါ်မှာ အခြေခံတယ်။ အကြမ်းဖက်မှုတွေကို နှိမ်နင်းရင်း သေဆုံးမှုဖြစ်စဉ်တွေ ဖြစ်တဲ့အခါမှာ မီးလောင်ရာလေပင့် သူရဲကောင်းဆိုပြီး နောက်ထပ် မိုက်ရူးရဲဆန်ဆန်ထွက်လာမယ့် လူငယ်တွေကို ဖိတ်ခေါ်ကြပြန်တယ်။ နိုင်ငံတကာက ပြည်တွင်းရေးကို ဝင်ရောက်ပါဝင်ဖို့၊ တိုင်းပြည် သွေးချောင်းစီးဖို့ ရည်ရွယ်ကြံစည်ကြတယ်။ သတင်းအမှားတွေနဲ့ ကောလာဟလတွေ တစ်ကမ္ဘာလုံးကို ပျံ့သွားနိုင်အောင် လူမှုကွန်ရက်ကို အခြေပြုပြီး ပုံဖော်နေကြတယ်။

အစိုးရရဲ့ တရားဝင်စာမျက်နှာတွေဖြစ်တဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တပ်မတော် သတင်းမှန်ပြန်ကြားရေး၊ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ပေါ်တယ်လ်၊ မြန်မာ့အလင်း၊ ကြေးမုံ စာမျက်နှာတွေကို Report လုပ်ကြတယ်။ ဒီစာမျက်နှာတွေဟာ သတင်းအမှားတွေ ဖြန့်ဝေပါတယ်ဆိုပြီး အများမြင်ကွင်းကပျောက်ကွယ်အောင် လုပ်ပစ်လိုက်တာပါ။ အဲဒီတော့မှသာ အစိုးရရဲ့ ဆောင်ရွက်ချက်တွေ၊ လက်ရှိ မြေပြင်အခြေအနေအမှန်တွေကို ပြည်သူတွေ ပြတ်တောက်သွားကြမယ်။ နိုင်ငံတော်ရဲ့ပကတိအခြေအနေကို ပြည်သူတွေ မျက်ခြည်ပြတ်သွားကြမယ်။ ဒါမှသာ သူတို့သိမ်းသွင်းလိုတဲ့ အခြေအနေကို ဖန်တီးနိုင်မယ်။ အဲဒီ စာမျက်နှာတွေဟာ Like သိန်းနဲ့ချီ များပြားတဲ့ စစ်မှန်တဲ့စာမျက်နှာတွေပါ။ အဲဒီလိုအရာတွေကို ဖေ့ဘွတ်ကလည်း ကွန်မြူနတီစတန်းဒက်နဲ့ မညီပါဘူးဆိုပြီး အပြာရောင် အမှန်တံဆိပ်ကလေးကိုမှ မကြည့်ဘဲ ပိတ်လိုက်ကြတယ်။ အမှန်က သတင်းအမှန်တွေကို နိုင်ငံတကာက မမြင်နိုင်၊ မတွေ့နိုင်အောင် အဖျက်အမှောင့်လုပ်ငန်းတွေ အောင်မြင်အောင် အဆိပ်ပင်ရေလောင်းလိုက်တာလို့ပဲ ဆိုချင်ပါတယ်။

အာဏာရှင်အများစုဟာ ဒီမိုကရေစီရဲ့ အသီးအပွင့်အဖြစ် ပေါ်ထွက်လာတဲ့ ဖေ့စ်ဘွတ်ကို ဒီမို

*စာမျက်နှာ ၂၄ သို့*



> **"မြန်မာနိုင်ငံမှာ ဖေ့စ်ဘွတ်ကနေ မိတ်ဆွေဖွဲ့၊ အလိမ်အညာဇာတ်လမ်းတွေဆင်ပြီး ငွေတွေဆုံးရှုံးသွားကြရသူတွေ၊ အိမ်ထောင်ရှိလျက်နဲ့ လေလှိုင်းကြားက အချစ်ဇာတ်လမ်းအသစ်တွေကြောင့် မိသားစုပျက်စီးသွားရသူတွေ၊ ဆယ်ကျော်သက်ကလေးတွေကို အွန်လိုင်းကနေ ဖြားယောင်းသွေးဆောင်တဲ့အတွက် ပျက်စီးသွားရတဲ့ဘဝတွေ၊ ဖေ့စ်ဘွတ်ပေါ်က ဆေးမြီးတိုတွေကို ယုံစားပြီး အသက်ပေးလိုက်ရတဲ့ ရောဂါသည်တွေ၊ ငွေကြေး သိန်းပေါင်းသောင်းနဲ့ချီပြီး အလွဲသုံးစားလုပ်ကြသူတွေ၊ ပရဟိတအမည်ခံပြီး နာမည်ပျက်တော့ အကောင့်ပါဖျက်ပြီး ငွေထုပ်ပိုက် ထွက်ပြေးကြသူတွေ...။ အများကြီး ရှိခဲ့ပါပြီ။ ဒါပေမယ့် အခုချိန်ထိလည်း ယုံကြည်နေကြဆဲ၊ ဖေ့စ်ဘွတ်ကို ကမ္ဘာထင်နေကြဆဲလူတွေ အများကြီးရှိနေဆဲပါ"**

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၁၆

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအား ဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ဖြင့်ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | Aye Myat Thu https://www.facebook.com/ayemyatthuofficial | အေးမြတ်သူ  | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Thiha Tun https://www.facebook.com/thiha.thihatun.9 | သီဟထွန်း  | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | Aung Khant Hmue https://www.facebook.com/profile.php?id=100014930615060 | အောင်ခန့်မှူး  | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Khaing (Zinnia) https://www.facebook.com/yeemon.khaing.52 | ရီမွန်ခိုင်  | မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | Pauk Si https://www.facebook.com/pauk.si.731 | ပေါက်စီ  | အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | YaminShweyi https://www.facebook.com/yaminshweyi | ယမင်းရွှေရည်  | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ခေတ္တစင်ကာပူနိုင်ငံ) | ၅၀၅-က |  |
| ၇ | HmueThet Aung (Hmue) https://www.facebook.com/hmuse.aung.71 | မှူးသက်အောင်  | လယ်ဝေးမြို့၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၈ | Thein Gi https://www.facebook.com/theingi.sh | သိင်္ဂီ  | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | Tunnaing Lin https://www.facebook.com/tunnaing.lin.7 | ထွန်းနိုင်လင်း  | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | မင်း သိုက် https://www.facebook.com/profile.php?id=100012300841402 | မျိုးမင်းသိုက်  | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | Amne Sia https://www.facebook.com/profile.php?id=100008667396471 | အိမ့်မျက်ချယ်  | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Kyaw Kyaw Min Hlaing https://www.facebook.com/sco.field.7965 | ကျော်ကျော်မင်းလှိုင်  | မြို့သစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Steven Mang https://www.facebook.com/thang.mang.54 | သန်းကက်မန်း  | ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၄ | Sanda La Min Htun https://www.facebook.com/sanda.lamin.5 | စန္ဒာလမင်းထွန်း  | မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၅ | Aung ThetPaing (ကြီးအောင်သက်ပိုင်) https://www.facebook.com/aungthetpaing.atp | အောင်သက်ပိုင်  | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | Naing Sitaung (Rocker Gyi Tattoo) https://www.facebook.com/naingsitaung.naingsitaung | နိုင်စစ်အောင်  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၇ | Han HtooZaw https://www.facebook.com/hanthoo.zaw.9 | ဟန်ထူးဇော်  | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | Zarni Kyaw https://www.facebook.com/znjuly | ဇာနည်ကျော်  | အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၉ | Daw Hay Mar Soe https://www.facebook.com/profile.php?id=100005319169169 | ဟေမာစိုး  | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၂၀ | Kyaw Thu Lin https://www.facebook.com/profile.php?id=100009191076146 | ကျော်သူလင်း  | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |

အထက်ပါပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။
နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

# အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်နိုင်ဖို့ အချိန်မီ အိမ်ပြန်လာကြစေချင်တယ်

## ထွန်းထွန်း(ခရေရိပ်)

နွေနေက ပူလွန်းလှတယ်။ ပြီးခဲ့တဲ့ အပတ်ကတော့ ကပ္ပလီပင်လယ်ပြင်မှာ မုန်တိုင်းရှိတာမို့ မိုးတွေရွာတယ်။ နွေဆိုမှတော့ ပူမှာပေါ့၊ ပြဿနာမရှိပါဘူး။ ထီးဆောင်းပြီးတော့ သွားလာ၊ အရိပ်ထဲမှာနေ။ မုန်တိုင်းမိုးကြောင့် အပြင်မထွက်ဘဲ နေလိုက်တယ်။ အဆင်ပြေပါတယ်။ ကိုယ်က အရိပ်အကာအောက်မှာ လုံခြုံပေမယ့် တစ်ဆက်တည်း သတိရမိတာက တော့ EAO များတည်ရှိရာ နေရာတွေနဲ့ ပြည်ပနိုင်ငံတွေကို ထွက်ပြေးတိမ်းရှောင်နေတဲ့ အချို့သော ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်တွေနဲ့ နိုင်ငံ့ဝန်ထမ်းအချို့၊ ပြည်သူအချို့ကိုပါ။ အခုလို မိုးရွာရင် ဘယ်လိုနေမယ်မသိ၊ လုံလုံခြုံခြုံမှ ရှိပါ့မလား။

မှန်မမှန်မသိပေမယ့် မမှန်ပါစေနဲ့လို့လည်း ဆုတောင်းမိပါတယ်။ အွန်လိုင်းမှာတက်လာတဲ့ ပုံတွေအရတော့ နေရာကျဉ်းကျဉ်းလေးမှာ သူတို့တွေ ကြပ်ကြပ်တည်းတည်းနေရတဲ့ပုံတွေ တွေ့ရပါတယ်။ လူငယ်လူရွယ်တွေ များပါတယ်။ တချို့ အမျိုးကောင်းသမီးလေးတွေ လိင်အကြမ်းဖက်ခံရတယ်လို့လည်း ရေးထားတာ ဖတ်ရပါတယ်။ လူမှုကွန်ရက်က သတင်းတွေဟာ အများအားဖြင့် မမှန်တတ်တာများလို့ မမှန်ပါစေနဲ့၊ အဖြစ်မှန် မဟုတ်ပါစေနဲ့လို့ ဆန္ဒပြုမိပါတယ်။ ဘဝအတွက် ဘာအာမခံချက်မှ မပေးနိုင်တဲ့၊ တရားဥပဒေစိုးမိုးမှု မရှိတဲ့ နေရာဒေသမှာ ဒီလိုဖြစ်ရပ်တွေက တကယ်တော့ မဆန်းလှပေမယ့် ငယ်ရွယ်သူတွေ ဘဝတစ်သက်တာ ပန်းကောင်းအညွန့်ကျိုးဖြစ်ရမယ့်၊ မိဘတွေ တစ်သက်တာ ယူကျုံးမရရင်နင့်ရမယ့်အရေးကြောင့် မဖြစ်စေချင်တာ စေတနာအမှန်ပါ။

ဖောက်ခွဲရေးသင်တန်းတက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ဆက်သွယ်ထွက်ခွာဖို့ ကြံရွယ်သူတွေ အသွားမှာ၊ ပြန်ဝင်အလာမှာ ဖမ်းမိတာတွေကိုတော့ နိုင်ငံပိုင်သတင်းမီဒီယာတွေမှာ ကြားရ မြင်ရတယ်။ "ရန်သူရဲ့ ရန်သူဟာ မိတ်ဆွေ"ဆိုတဲ့ သီအိုရီကို နားလည်ပေမယ့် ဒီလောက် အတွေးအခေါ် ခေါင်းပါးပြီး စဉ်းစားဆင်ခြင်ဉာဏ် နည်းပါးတဲ့အတွက် မြန်မာနိုင်ငံရှေ့ရေးအတွက် ရင်လေးမိတာ အမှန်ပါ။

ဒီလိုတွေမြင်တော့ သားသမီးရှိတဲ့ မိဘတစ်ဦးမို့ ကိုယ်ချင်းစာမိပါတယ်။ မိဘတွေ ဘယ်လောက်များ စိတ်ပူပန်နေရှာမလဲ၊ စိုးရိမ်သောကတွေ ဖိစီးနှိပ်စက်နေမလဲဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။

**လမ်းမှားပေါ်ကို တွန်းတင်**

တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရတဲ့ ဖေဖော်ဝါရီလနောက်ပိုင်းမှ စတင်ကာ မိဘရင်ခွင်မှာ ရှိနေရမယ့်အရွယ် ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေကို လူပုဂ္ဂိုလ်စွဲနဲ့ သွေးဆူအောင်၊ လမ်းပေါ်ထွက်လာအောင်၊ ဆူပူအုံကြွမှုမှာ ပါဝင်လာအောင် ပြည်တွင်းက ဖျက်လိုဖျက်ဆီးလုပ်လိုသူတွေ၊ ပြည်ပက ကြိုးကိုင်လှုပ်ရှားသူတွေက ဆွဲဆောင်စည်းရုံးကြပါတယ်။ လမ်းမှားပေါ်ကို တွန်းတင်လိုက်ကြပါတယ်။

ငယ်ရွယ်တဲ့၊ ဖြူစင်နုနယ်တဲ့၊ ဘာအရောင်မှ အစွန်းအထင်းမရှိသေးတဲ့ ကျောင်းသား ကျောင်းသူလေးတွေဟာ မသမာသူတို့ရဲ့ အရောင်ဆိုးမှုမှာ ညစ်ထေးပြီး စိတ်ကြမ်းတွေဝင်လာပါတယ်။ ဆူပူအုံကြွမှုတွေမှာ ပါဝင်လာကြပါတယ်။ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ကင်းမဲ့စေတဲ့ အကြမ်းဖက်မှုလုပ်ဆောင်ချက်တွေအထိ လုပ်ဆောင်လာစေဖို့ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ကြပါတယ်။ သားသမီးတွေက အတွေ့အကြုံမရှိလို့ မိုက်မှားတာကို နားလည်ပေးလို့ရပေမယ့် မိဘတွေကိုယ်တိုင်က မိုက်တွင်းနက်ပြီး သားသမီးငယ်တွေကို အားပေးအားမြှောက်ပြုနေတာမြင်ရလို့ ဒီလိုမိဘတွေကြောင့် ဒီလိုသားသမီးတွေ ဖြစ်တည်လာတာပဲလို့ ကောက်ချက်ချမိတာလည်း အမှန်ပါ။

ထွက်ပြေးတိမ်းရှောင်ခဲ့ကြ

**အဖြူရောင်ပေါ်မှာ ဘယ်လောက်ပဲသေးငယ်တဲ့ အစွန်းအထင်းဖြစ်ပါစေ၊ သိသာပါတယ်။ ထင်လွယ် မြင်လွယ်ရှိပါတယ်။ ဒီလိုပါပဲ၊ ဘယ်လိုအမှားအယွင်းကိုမှ မလုပ်ဆောင်ဖူးတဲ့၊ ဖြူစင်တဲ့ လူငယ်လေးတွေအတွက်တော့ ထိလွယ်ရှလွယ်ပါတယ်။ ဆူပူအုံကြွမှုမှာပါဝင်မိတဲ့အတွက် အပြစ်ပေး အရေးယူခံရမှာကို ကြောက်ရွံ့ထိတ်လန့်ပြီး ခုလို ထွက်ပြေးတိမ်းရှောင်ကြတာလို့ ထင်ပါတယ်။**

**သွေးဆူပေါက်ကွဲလွယ်တဲ့အရွယ်တွေ ဖြစ်တဲ့အတွက် လတ်တလော စိတ်ခံစားချက်ကို အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို လူငယ်တွေ ဝေဖန်ပိုင်းခြားနိုင်မှာ မဟုတ်သေးပါဘူး။ ဝါဒမှိုင်းတိုက်မှုတွေကြောင့် ထင်ရာစိုင်းနေကြဦးမှာဖြစ်ပါတယ်။ အချိန်တစ်ခု ရောက်လာတဲ့အခါ၊ ခေါင်းအေးသွားတဲ့အခါ မှန်ကန်တဲ့အဖြေတစ်ခု ထုတ်နိုင်လာပါလိမ့်မယ်။**

**ဒီမိုကရေစီဟု ကြွေးကြော်ကာ ဆန္ဒပြ ဆူပူ** အုံကြွခဲ့ကြပေမယ့်လည်း လူငယ်တို့ရဲ့ လုပ်ရပ်တွေဟာ အမှန်တကယ်ပဲ ဒီမိုကရေစီလမ်းကြောင်းနဲ့ ညီညွတ်ရဲ့လား၊ အမှန်တကယ် နိုင်ငံရေးနဲ့ပတ်သက်ပြီး ခံယူချက်ပြင်းထန်လို့ ဒီနေရာကို ရောက်လာတာလားဆိုတာ လူငယ်တို့ အသိဆုံးဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ရှေ့ဆက်တိုးမလား၊ မိဘတို့ရဲ့ မေတ္တာအရိပ်၊ အချုပ်အခြာအာဏာပိုင် ကိုယ့်နိုင်ငံ အရိပ်အောက်ကို ပြန်ဝင်မလားဆိုတာ ဆင်ခြင် စဉ်းစားရမှာ ဖြစ်ပါတယ်။

**ပြန်လည်ဖိတ်ခေါ်နေ**

ယခုအချိန်မှာ အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးကို ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားတွေကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ပြန်လည်ဖိတ်ခေါ်နေပါတယ်။ NLD ပါတီဝင်တွေ၊ NLD ပါတီကို ထောက်ခံသူ အစွန်းရောက်တွေ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားတဲ့ ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတွေကြောင့် အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ မြန်မာနိုင်ငံသားများဟာ စိုးရိမ်စိတ်တွေဖြစ်ပေါ်ပြီး အခုလို တိမ်းရှောင်နေတာဖြစ်ပါတယ်။

CRPH အမည်ခံ မတရားအသင်းနဲ့ ဆက်စပ်နေတဲ့ ပုဂ္ဂိုလ်အချို့ရဲ့ ထုတ်ပြန်ခဲ့တဲ့ အာဏာရှင်ဆန်တဲ့ ထုတ်ပြန်ချက်၊ ပြောကြားချက်တွေအပေါ်မှာလည်း ထပ်မံစိုးရိမ်နေကြပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွား ဘဝ အဆင်မပြေ ခက်ခဲမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် မိမိတို့ နေရပ်ဒေသအသီးသီးကို ပြန်လာလိုတဲ့ဆန္ဒတွေ ဖြစ်ပေါ်နေတယ်လို့လည်း သိရပါတယ်။

**အရေးယူမှုမရှိ**

မိမိ နေရပ်ဒေသအသီးသီးကို စွန့်ခွာတိမ်းရှောင်နေကြသူတွေကလည်း မိမိတို့နိုင်ငံသားတွေသာ ဖြစ်တဲ့အတွက် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ နေရာဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့ကိုယ်ပိုင်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း သတင်းထုတ်ပြန်ထားတာကိုလည်း တွေ့ရပါတယ်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှာလည်း ဒီမိုကရေစီတော်လှန်ရေးဆိုပြီး လူငယ်တွေ တောခိုကြ၊ ပြည်ပနိုင်ငံတွေကို ထွက်ပြေးကြပါတယ်။ သွားခါစတော့ မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်၊ ယုံကြည်ချက်တွေနဲ့ ပျော်ပျော်ပါးပါး၊ ပြီးတော့သာ ဘဝတွေပျက်၊ အသက်တွေ ဆုံးရှုံးခဲ့ကြရတဲ့ သာဓကတွေလည်း ရှိပါတယ်။ အမှားဆိုတာ ဘယ်သူမှ မကင်းနိုင်ပါဘူး။ မှားတာကိုသိရင် အချိန်မီပြုပြင်၊ မှားရင် ဝန်ခံ၊ အမှန်ကို ပြုပြင်လို့ရပါတယ်။ ပြုပြင်ဖို့ရာ ခေါင်းမမာစေချင်ပါဘူး။ လူငယ်တွေအနေနဲ့ ယဉ်ကျေးသူတွေရဲ့ တိုက်တွန်းချက်ကို နာယူကြပါ။ မေတ္တာကို ခံယူကြပါ။ အမှန်မြင်ပါစေ။

**အချိန်မီအိမ်ပြန်ကြဖို့ တိုက်တွန်းလို**

အချိန်လွန်မှ မိမိတို့လျှောက်ခဲ့တဲ့လမ်းအတွက် နောင်တတစ်ဖန် ပူပန်ရမှာကို မဖြစ်စေချင်ပါဘူး။ ဒါကြောင့် မောင်မောင်ခေါ်တုန်း ဗျာ ထူးစေချင်ပါတယ်။ လူငယ်တို့ ဘေးရန်အန္တရာယ်မကျရောက်ဘဲ အိမ်ပြန်လာမယ့်အချိန်ကို မိဘ၊ ဆွေမျိုး၊ ညီအစ်ကို၊ မောင်နှမတွေကလည်း မျှော်နေကြပါတယ်။

လူငယ်တွေအနေနဲ့ မြေစာပင်အဖြစ်က ရုန်းထွက်ခဲ့ပါ။ မြန်မာ့အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးနိုင်ဖို့ လူငယ်တွေရဲ့အားတွေ လိုအပ်ပါတယ်။ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးမှာ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်နိုင်ဖို့၊ အချိန်မီ အိမ်ပြန်ကြဖို့ တိုက်တွန်းလိုပါတယ်။ ။

- **အဖြူရောင်ပေါ်မှာ ဘယ်လောက်ပဲသေးငယ်တဲ့ အစွန်းအထင်းဖြစ်ပါစေ၊ သိသာပါတယ်။ ထင်လွယ် မြင်လွယ်ရှိပါတယ်။ ဒီလိုပါပဲ၊ ဘယ်လိုအမှားအယွင်းကိုမှ မလုပ်ဆောင်ဖူးတဲ့၊ ဖြူစင်တဲ့ လူငယ်လေးတွေအတွက်တော့ ထိလွယ်ရှလွယ်ပါတယ်။ ဆူပူအုံကြွမှုမှာ ပါဝင်မိတဲ့အတွက် အပြစ်ပေး အရေးယူခံရမှာကို ကြောက်ရွံ့ထိတ်လန့်ပြီး ခုလို ထွက်ပြေးတိမ်းရှောင်ကြတာလို့ ထင်ပါတယ်။**
- **သွေးဆူပေါက်ကွဲလွယ်တဲ့အရွယ်တွေဖြစ်တဲ့အတွက် လတ်တလော စိတ်ခံစားချက်ကို အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို လူငယ်တွေ ဝေဖန်ပိုင်းခြားနိုင်မှာ မဟုတ်သေးပါဘူး။ ဝါဒမှိုင်းတိုက်မှုတွေကြောင့် ထင်ရာစိုင်းနေကြဦးမှာဖြစ်ပါတယ်။ အချိန်တစ်ခု ရောက်လာတဲ့အခါ၊ ခေါင်းအေးသွားတဲ့အခါ မှန်ကန်တဲ့အဖြေတစ်ခု ထုတ်နိုင်လာပါလိမ့်မယ်။**
- **ဒီမိုကရေစီဟု ကြွေးကြော်ကာ ဆန္ဒပြ ဆူပူအုံကြွခဲ့ကြပေမယ့်လည်း လူငယ်တို့ရဲ့လုပ်ရပ်တွေဟာ အမှန်တကယ်ပဲ ဒီမိုကရေစီလမ်းကြောင်းနဲ့ ညီညွတ်ရဲ့လား၊ အမှန်တကယ် နိုင်ငံရေးနဲ့ပတ်သက်ပြီး ခံယူချက်ပြင်းထန်လို့ ဒီနေရာကို ရောက်လာတာလားဆိုတာ လူငယ်တို့ အသိဆုံး ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ရှေ့ဆက်တိုးမလား၊ မိဘတို့ရဲ့မေတ္တာအရိပ်၊ အချုပ်အခြာအာဏာပိုင် ကိုယ့်နိုင်ငံအရိပ်အောက်ကို ပြန်ဝင်မလားဆိုတာ ဆင်ခြင်စဉ်းစားရမှာဖြစ်ပါတယ်။**

---

*စာမျက်နှာ ၂၂ မှ*

ကရေစီ အယောင်ဆောင် လက်နက်တစ်ခုအဖြစ် အသုံးချခံလာရတယ်လို့ပဲ ယူဆမိပါတယ်။ လူမှုကွန်ရက်ဆိုတာလို့ မထင်ရတော့လောက်အောင် လူတစ်စုရဲ့ အကျိုးစီးပွားအတွက် အသုံးချလိုက်ကြတာပါပဲ။ ဖေ့စ်ဘွတ်ကို ထူထောင်လိုက်တဲ့အတွက် ထူထောင်သူဟာ ကမ္ဘာကျော် ငွေကြေးချမ်းသာသူစာရင်း ဝင်သွားတယ်။ ဖေ့စ်ဘွတ်ကို အသုံးပြုကြသူတွေဟာ ကောင်းကျိုးဆိုးကျိုးတွေကို တွဲဝေခံစားကြရတယ်။ ဒါပေမယ့် အသုံးပြုသူတွေနဲ့ တည်ထောင်သူတို့ထက် အကျိုးစီးပွား ဖြစ်ထွန်းသွားသူတွေက ဖေ့စ်ဘွတ်ကို လက်နက်သဖွယ် သဘောထားပြီး မိမိတို့အလိုရှိရာကို ဆောင်ယူ၊ အမြတ်ထုတ်ကြတဲ့လူတွေဖြစ်တယ် ဆိုတာကိုတော့ ပြည်သူတွေ သိစေလိုလှပါပြီ။

ဒါကြောင့် ဖေ့စ်ဘွတ်ဟာ မသုံးတတ်ရင် ဘေးဖြစ်သလို၊ လူထုအပေါ်၊ နိုင်ငံအပေါ် အမြတ်ထုတ်လိုသူတွေအတွက်တော့ လက်ကိုင်တုတ်သဖွယ် ဖြစ်နေတယ်ဆိုတာကို သတိပြုကြပါလို့ တိုက်တွန်းလိုက်ပါရစေတော့။ ။

# နိုင်ငံရေးစပ်ဆေး

သမားအို

**"အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံ/ရုံး/ဌာနနှင့် ကင်းကွာနေသော ဝန်ထမ်းများအနေဖြင့် အလုပ်ပြန်လည် ဝင်ရောက်ထမ်းဆောင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဆေးနှင့်နီးနွယ်တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်နေသော ဆေးပညာရှင်များနှင့် ကုသရေးပိုင်းတွင် ပါဝင်သော ပုဂ္ဂိုလ်များအတွက် ဂုဏ်ဒြပ်နှင့်ကိုက်ညီသည့် ချီးမြှင့်ငွေများအား လာမည့်ဧပြီလကုန်မှစ၍ စတင်ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများ အဆင်ပြေစေရန် ဝန်ကြီးဌာနမှ အထူးအလေးထားစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း"** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက (၂၃-၃-၂၁) ရက်နေ့မှာ ပြောခဲ့ပါတယ်။

ဒီစကားကတော့ အစာမကြေ ရင်ပြည့်ရင်ကယ်ဖြစ်နေတဲ့ သမားပျိုတွေအတွက် အစာကြေဆေးလေးတစ်ခွက်ပဲ ဖြစ်ပါလိမ့်မယ်။ ကိုယ့်ဆန္ဒကြောင့်ပဲဖြစ်ဖြစ်၊ တွန်းအားတွေ ဆွဲအားတွေကြောင့်ပဲဖြစ်ဖြစ် ကိုယ့်လူနာတွေကို ကျောခိုင်းပြီး ကိုယ်မြတ်နိုးတဲ့လုပ်ငန်းခွင်ကို ပစ်ခွာခဲ့ရတဲ့အချိန်တိုင်း၊ နေ့တိုင်းမှာ ပြောမပြနိုင်တဲ့ ဝေဒနာတွေကိုယ်စီရှိကြမှာပါ။ ဖေဖော်ဝါရီနဲ့မတ်လ နှစ်လတာကာလအတွင်း ဆရာဝန်တွေနဲ့ ကင်းကွာနေရတဲ့ ရပ်ရွာဒေသတွေ ဘယ်လိုဖြစ်ကုန်မလဲဆိုတာ ဘယ်သူမှပြောမပြလည်း သိပြီးသားပါ။

## ၃၃ ချက်က ဆီးကြို

သမားပျိုတို့ကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်က ဖျောင်းဖျောင်းဖျဖျနဲ့ အာမခံကာ ခေါ်နေတာကိုကြည့်ပြီး ကံကောင်းပေစွလို့ ထင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၈၈ အရေးအခင်းအပြီး အလုပ်ထဲပြန်ဝင်လာတဲ့ သမားအိုတွေကို ၃၃ ချက်က ဆီးကြိုခဲ့လို့ပါပဲ။ အလုပ်ကထွက်ချင်ရင်ထွက်၊ နိုင်ငံရေးလုပ်ချင်ရင်ထွက်၊ တကယ်ပဲ ဝမ်းနုတ်ဆေးကြမ်းကြီးကို သောက်မြိုခဲ့ကြရတာပါ။ သက်ပြည့်ပင်စင်ကလည်း ယူလို့မရ၊ လုပ်သက်ပင်စင်ကလည်း မပြည့်သေးတဲ့ ကျွန်တော်တို့အတွက် ဒီလိုခက်ခဲတဲ့အချိန်မှာ အကွက်ရွှေ့သွားတဲ့သူတွေလည်းရှိပါရဲ့။ စာချုပ်မပြည့်သေးတဲ့ နိုင်ငံခြားပညာသင်ပြန် ပါရဂူတွေရယ်၊ နိုင်ငံရေးထဲ ခြေစုံပစ်ဝင်ချင်သူတွေအတွက် အကွက်ပဲ။

"ဝန်ထမ်းဆိုတာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့" အဲဒီတုန်းကတည်းက ရှင်းရှင်းလင်းလင်း ပြောထားခဲ့ပါတယ်။ ဒါက တစ်ပါတီနိုင်ငံရေးစနစ်နဲ့ ကွာခြားသွားပါတယ်။ အဲဒီကာလ နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က အတိအလင်းကြေညာပေးခဲ့ပါတယ်။ ပါတီစုံနိုင်ငံရေးကို အခြေခံတဲ့ ဒီမိုကရေစီနိုင်ငံမျိုးသွားဖို့ ပြင်ဆင်တဲ့အခါမှာ ဒါဟာအရေးအကြီးဆုံးအချက်ပါပဲ။ **ဘယ်အစိုးရပဲ တက်တက် ဝန်ထမ်းဆိုတဲ့ အခြေခံအဆောက်အဦဟာ အခိုင်ခံ့ဆုံးအုတ်မြစ်နေရာမှာ တာဝန်ယူရမှာကိုး။** ၁၉၈၃ ခုနှစ်ကတည်းက အသံသဲ့သဲ့ကြားလာရတဲ့ ပါတီစုံဒီမိုကရေစီစနစ် ပြောင်းလဲရေးကိစ္စတွေဟာ ၂၀၁၀ ကျမှပဲ စတင်ပေါ်ပေါက်လာတော့တယ်။

သမားအိုတို့ အဝေးကနေ လှမ်းပြီးကြည့်နေရတဲ့ ဒီမိုကရေစီခေတ်မှာ တက်ကြွလှုပ်ရှား အောင်မြင်နေကြတဲ့ သမားပျိုလေးတွေကို ကြည့်ခဲ့၊ အားကျခဲ့၊ အားရခဲ့ပါတယ်။ ထက်မြက်၊ သွက်လက်၊ ကျွမ်းကျင်တဲ့ လူငယ်ဆရာဝန်တွေရဲ့ လက်ထဲမှာ ကိုဗစ်-၁၉ ဆိုတဲ့ ကပ်ရောဂါကို အန်တုရုန်းထွက်နိုင်ခဲ့တဲ့ လူနာပေါင်း တစ်သိန်းခွဲတောင် ရှိခဲ့ပါတယ်။ ကံဆိုးလို့ သေသွားခဲ့တဲ့လူ သုံးထောင်ကျော် ရှိခဲ့ပေမယ့် ကမ္ဘာ့စံနှုန်းဖြစ်ခဲ့တဲ့ သေပျောက်မှု ၂ ရာခိုင်နှုန်းမျှသာဖြစ်တဲ့အတွက် ဆေးမရှိတဲ့ ကပ်ရောဂါဆိုးကြီးကို ဆေးမပါဘဲ မပြည့်မစုံတဲ့ကြားထဲက ယှဉ်ပြိုင်ရင်ဆိုင်ခဲ့ကြတဲ့သတ္တိက ချီးကျူးစရာပါ။

နှိုင်းယှဉ်လာကြကြေးဆိုရင်တော့ မြန်မာနိုင်ငံနဲ့ တစ်ပြိုင်တည်းလိုလို ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ခဲ့တဲ့ အမေရိကန်နိုင်ငံမှာ ကူးစက်ခံရသူ သန်းပေါင်း သုံးဆယ်ကျော်ရှိပြီး ရောဂါကြောင့် သေဆုံးခဲ့သူ ခြောက်သိန်းနီးပါးရှိသွားပြီဖြစ်ပါတယ်။ အမေရိကန်ကို ထပ်တူကျချတဲ့ ဘရာဇီးနိုင်ငံမှာလည်း လူသုံးသိန်းကျော် သေဆုံးခဲ့ပြီးဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံရဲ့ ကျန်းမာရေးစနစ်ဟာ ပြိုလဲလုဖြစ်နေပြီလို့လည်း ဆိုနေကြပါတယ်။ ကျွန်တော်တို့သမားအိုတွေရဲ့ ဆရာကြီးဖြစ်တဲ့ အင်္ဂလိပ်တွေရဲ့ စံပြကျန်းမာရေးစနစ်ဟာလည်း ကိုဗစ်-၁၉ နဲ့တွေ့တော့မှ အလဲလဲအကွဲကွဲဖြစ်နေတာ အခုထိပါပဲ။

ဥရောပနိုင်ငံတွေကစလို့ တောင်အမေရိကနိုင်ငံများအဆုံး မပြည့်စုံတဲ့ကျန်းမာရေးစနစ်ကို မကျေနပ်ကြောင်း ဆန္ဒတွေပြခဲ့ကြပါတယ်။ ရာထောင်ချီတဲ့ အသက်တွေဆုံးရှုံးသွားခဲ့ကြတဲ့ ဆရာဝန်တွေ၊ ဆရာမတွေ၊ ကျန်းမာရေးဝန်ထမ်းတွေအတွက် ဝမ်းနည်းပူဆွေးကြသလို၊ ကျန်းမာရေးဝန်ထမ်းတွေကလည်း သူတို့ရဲ့ဆန္ဒတွေကို ပုံစံအမျိုးမျိုးနဲ့ ထုတ်ဖော်နေကြပါတယ်။ **ဒါပေမယ့် သူတို့ရဲ့လုပ်ငန်းခွင်ကိုတော့ စွန့်ခွာပြီးမသွားကြပါဘူး။ စွန့်ခွာလို့လည်း မရပါဘူး။ ဥပဒေအရလည်း ခွင့်မပြုပါဘူး။ ပုဂ္ဂလိကဆေးရုံတွေမှာလည်း လုပ်ငန်းခွင်ကစွန့်ခွာပြီး ဆန္ဒပြတဲ့ ဆရာဝန်၊ ဆရာမတွေကို လက်ခံမှာ မဟုတ်ပါဘူး။**

ဒီမှာတော့ ဆေးရုံတွေ၊ ဆေးခန်းတွေကို စွန့်ပစ်ပြီးထွက်ခွာသွားကြတာ တစ်ရက်၊ တစ်လ မကတော့ဘဲ နှစ်လကျော်လာပါပြီ။ ဒါတောင်မှ အပြစ်မတင်ဘဲ လုပ်ငန်းခွင်ထဲပြန်လာရင် အဆင်ပြေပြေလက်ခံဖို့ စီစဉ်ဆောင်ရွက်နေကြတာကိုတွေ့ရတော့ ပညာရှင်တွေအပေါ်မှာထားတဲ့ သဘောထားကို လေးစားမိပါတယ်။

> **"ဆရာဝန်ဆိုတာ လူနာနဲ့တွဲရပါမယ်။ ဆေးကောင်းဝါးကောင်းနဲ့ တွဲရပါမယ်။ ပံ့ပိုးမယ့်လုပ်ငန်းခွင်ကောင်းကောင်း၊ ပူးပေါင်းဆောင်ရွက်မယ့် ကျွမ်းကျင်သူကောင်းကောင်း လိုအပ်ပါတယ်။ အသက်တွေကို ကယ်တင်ကြရမှာလေ။ ကြာကြာဝါးမှ ခါးမှန်းသိ ဆိုတာလိုပဲ CDM လုပ်နေရင်းနဲ့ အတွဲအစပ်မှားနေတဲ့ အခြေအနေကိုစဉ်းစားပြီး ရုန်းထွက်ဖို့လိုအပ်နေ"**

## ဆန္ဒကိုထိန်းချုပ်တတ်လာ

လူဆိုတာ မွေးဖွားလာစဉ်ကတည်းက သူ့ဆန္ဒကိုသူ ထုတ်ဖော်ပြီးထွက်လာတဲ့သူတွေချည်းပါပဲ။ အမိဝမ်းထဲမှာ နွေးနွေးထွေးထွေးနဲ့ ကိုးလလွယ်ခံခဲ့ရပေမယ့် ဆယ်လဖွားတဲ့အခါမှာ ဇိမ်မကျတော့ဘဲ ငိုရတယ်။ အေးလို့ငိုတယ်၊ ပူလို့ငိုတယ်၊ ဆာလို့ငိုတယ်၊ သေးစိုလို့ငိုတယ်၊ ထွေးပွေ့မယ့်သူမရှိလို့ ငိုတယ်။ ပတ်ဝန်းကျင်နဲ့ နေသားကျလာပြီဆိုရင်တော့ အခြေအနေကိုကြည့်ပြီး ငိုတတ်လာတယ်။ တစ်နည်းအားဖြင့် **ကိုယ့်ဆန္ဒကိုယ် လွတ်လွတ်လပ်လပ်ထုတ်ဖော်ရာကနေပြီး ဆန္ဒကိုထိန်းချုပ်တတ်လာတယ်။ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနဲ့အတူတွဲပါလာတဲ့ စိတ်ခံစားရင့်ကျက်မှုပဲဖြစ်တယ်။**

"ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစားစွာ ကာကွယ်စောင့်ရှောက်ပါအံ့" လို့ သစ္စာဆိုထားတဲ့ပုဂ္ဂိုလ်တွေ စွန့်ခွာသွားတဲ့ ဆေးရုံ၊ ဆေးခန်းတွေမှာ ဝေဒနာတွေကို အလူးအလဲခံစားရင်း ကုပေးမယ့်၊ ကယ်ပေးမယ့်သူကို စောင့်မျှော်ရင်း အသက်ဆုံးရှုံးသွားခဲ့တဲ့ လူတွေအတွက် ဆေးတစ်ခွက်လေးတောင်မှ ပေးဖို့မစဉ်းစားခဲ့ဘူးဆိုတဲ့ နောင်တမျိုးတော့ မရစေချင်ပါဘူး။

## အသက်ကိုပင် ကယ်တင်နိုင်

"ဆေးကောင်းတော့ သန်းခေါင်း" ဆိုတဲ့ စကားလည်းရှိပါတယ်။ သန်းတစ်ကောင်ရဲ့ခေါင်းလောက်မှမရှိတဲ့ ဆေးလေးပင်ဖြစ်လင့်ကစား အစွမ်းထက်ခဲ့ရင် အသက်ကိုပင် ကယ်တင်နိုင်တယ်လို့ မြန်မာမှုနယ်ပယ်မှာ ယုံကြည်ကြပါတယ်။ စစ်မှန်တဲ့ အစွမ်းရှိတဲ့ဆေးဖြစ်ရမယ့်အပြင် "အနာနဲ့ဆေး တည့်အောင်ပေး၊ ပျောက်ရေးမခက်ပါ" လို့ ယုံကြည်နိုင်တဲ့ဆေးမျိုး ဖြစ်ရပါမယ်။

"ကျွန်ုပ်သည် လူသားတို့အားဘေးဥပဒ်ဖြစ်စေမည့်ဆေး၊ သေစေတတ်သည့်ဆေးများကို ကိုယ်တိုင်ပေးခြင်းမှသော်လည်းကောင်း၊ သူတစ်ပါးအားပေးစေခြင်းမှသော်လည်းကောင်း အခါခပ်သိမ်းရှောင်ကြဉ်ပါအံ့" လို့လည်း ကျွန်တော်တို့ ကတိသစ္စာပြုထားရပါသေးတယ်။ နိုင်ငံ့ဝန်ထမ်း သမားပျိုတို့အနေဖြင့် ဆန္ဒဖော်ထုတ်ခွင့်ရှိပါတယ်။ ဒီမိုကရေစီနည်းကျကျ တစ်ပါးသူကို ထိခိုက်နစ်နာမှုမျိုး မရှိစေရဘဲ ဆန္ဒပြနိုင်ပါတယ်။ သူတစ်ပါးဆိုတာထက် မိမိတို့ကို အသက်သခင်လို့ အားကိုးယုံကြည်ပြီး ပုံအပ်ထားတဲ့လူနာတွေကို ထိခိုက်နစ်နာစေအောင် ကာလရှည်ကြာစွာ CDM လုပ်ထားတာကတော့ ပြန်စဉ်းစားစေချင်တယ်။ ကိုယ်ပိုင်မေတ္တာ၊ စေတနာနဲ့ မိမိရဲ့ဆန္ဒကို ထိန်းချုပ်ဖို့လိုပါလိမ့်မယ်။

ဆေးသမားတော်တွေကို ဆေးစကားနဲ့ပဲ ဥပမာ ပေးချင်ပါတယ်။ အခု ကွမ်းယာဆိုင်တွေမှာ ရောင်းနေကြတဲ့ စပ်ဆေးတွေကို ကျွန်တော်တို့ မကြိုက်ဘူးလေ။ ဒီဆေးတွေကို စပ်ဟပ်စုပေါင်းပြီး ပလတ်စတစ်အိတ်လေးထဲ ထည့်ရောင်းနေကြတာ ဘယ်လောက်တောင် အန္တရာယ်ရှိမလဲ။ ဆေးစွမ်းကောင်းတွေဖြစ်တဲ့ ပရက်ဒနီစလုံးတွေ၊ ဒက်ဆာမက်သာဇုံးတွေ၊ အေဇီသရိုမိုင်ဇင်ဆေးတွေကို ပါရာစီတာမောတို့၊ ဆေးရောင်စုံ ဗီတာမင်တွေနဲ့ပေါင်းစပ်ပြီး တစ်ခွက်ကောင်းပေးကာ ရောင်းကောင်းအောင် ကြော်ငြာနေတာကို ယုံတဲ့သူတွေကလည်းယုံ၊ လက်ဆင့်ကမ်းကြော်ငြာပေးသူကလည်းပေး။ ဒါတွေဟာ တစ်ပွဲထိုး ကောင်းသလိုလိုရှိပေမယ့်လည်း ရောဂါကို ခဏတာသာ သက်သာစေပြီး တကယ်မပျောက်ဘဲ နာတာရှည်ဖြစ်၊ ဘေးထွက်ဆိုးကျိုးတွေကလည်း ဗရပွနဲ့မို့ အထူးတားမြစ်နေကြရတယ်။

## လုပ်ငန်းခွင်ထဲပြန်ဝင်ကြဖို့ အချိန်ကျပါပြီ

အခုလည်း သမားပျိုတို့လုပ်နေကြတဲ့ CDM ဆိုတာကို ပြန်စဉ်းစားကြဖို့လိုအပ်ပါတယ်။ ဆရာဝန်ဆိုတာ လူနာနဲ့တွဲရပါမယ်။ ဆေးကောင်းဝါးကောင်းနဲ့ တွဲရပါမယ်။ ပံ့ပိုးမယ့်လုပ်ငန်းခွင် ကောင်းကောင်း၊ ပူးပေါင်းဆောင်ရွက်မယ့် ကျွမ်းကျင်သူကောင်းကောင်း လိုအပ်ပါတယ်။ အသက်တွေကို ကယ်တင်ကြရမှာလေ။ ကြာကြာဝါးမှ ခါးမှန်းသိ ဆိုတာလိုပဲ CDM လုပ်နေရင်းနဲ့ အတွဲအစပ်မှားနေတဲ့ အခြေအနေကိုစဉ်းစားပြီး ရုန်းထွက်ဖို့လိုအပ်နေပါပြီ။ ဆေးပညာရှင်တွေရဲ့ ကတိသစ္စာကို မေ့လျော့နေရာကနေပြီး သစ္စာရှိ၊ ကတိတည်စွာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းခွင်ထဲ ပြန်ဝင်ကြဖို့ အချိန်ကျပါပြီ။

"ဆရာဝန်ဖြစ်သွားတဲ့ လူနာမရှိဘူး၊ လူနာဖြစ်သွားတဲ့ ဆရာဝန်တော့ရှိတယ်"ဆိုတဲ့စကားလေးကို ကျွန်တော်သတိထားမိပါတယ်။ လူနာတွေ၊ လူနာရှင်တွေကတော့မသိပါဘူး။ ဆရာဝန်လည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ပါပဲ။ ရောဂါတွေပတ်လည်ဝိုင်းနေတဲ့ ဝန်းကျင်ထဲမှာ မဖျားမနာတဲ့ ဆရာဝန်ဆိုတာမရှိပါဘူး။ တိုက်နယ်ဆေးရုံလိုနေရာမျိုးမှာ တစ်ယောက်တည်း အစွမ်းကုန်ကြဲနေရတဲ့ဆရာဝန်မှာ ရောဂါကြီးကြီးဖြစ်နေရင် ချက်ချင်းကုသပေးမယ့်သူလည်း အနားမှာမရှိပါဘူး။

ပြည်သူလူထုအနေနဲ့လည်း အဲဒီလိုအချိန်မျိုးမှာ တတ်သမျှ၊ မှတ်သမျှ၊ လက်လှမ်းမီသမျှ ဆေးတွေကိုပဲ ဆွဲသောက်ကြရတာပါ။ စပ်ဆေးတွေနဲ့တွေ့လို့ကတော့ ဒုက္ခ။ အရောင်လည်းစုံတယ်၊ ကြည့်လို့ကလည်း ကောင်းတယ်၊ ဒါပေမယ့် အထဲမှာ ဘာပါမှန်းမသိတဲ့ စပ်ဆေးကို အားကိုးမိရင်တော့ ငါးပါးမှောက်ရလိမ့်မယ်။

သမားပျိုတို့ ဘေးကင်း၊ ရန်ကင်း၊ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ **"နိုင်ငံရေးစပ်ဆေး" နဲ့ ကင်းဝေးကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။** ။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၆**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေး ဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ မင်းစိုး (လ/ထ ဆရာဝန်) | စစ်ကွင်းတိုက်နယ် ဆေးရုံ | ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ ဖြိုးဝေအောင် (လ/ထ ဆရာဝန်) | မင်းလှ ပြည်သူ့ဆေးရုံ | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ သဲစုမွန် (လ/ထ ဆရာဝန်) | မင်းလှ ပြည်သူ့ဆေးရုံ | မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ သက်ဖြိုးဟိန်း (လ/ထ ဆရာဝန်) | ဒိုက်ဦး ပြည်သူ့ဆေးရုံ | ပဲခူးမြို့။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ကြည်မင်းသန့် (လ/ထ ဆရာဝန်) | ကြို့ပင်ကောက် ပြည်သူ့ဆေးရုံ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ငြိမ်းချမ်းပြည့်ဖြိုး (လ/ထ ဆရာဝန်) | ကြို့ပင်ကောက် ပြည်သူ့ဆေးရုံ | ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ ယမင်းသက်ဦး (လ/ထ ဆရာဝန်) | ကြို့ပင်ကောက် ပြည်သူ့ဆေးရုံ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ ပြည့်ဖြိုးအောင် (လ/ထ ဆရာဝန်) | အုန်းနဲ့ တိုက်နယ်ဆေးရုံ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ အေးပပမျိုး (အထူးကု) | ဥတ္တရသီရိမြို့နယ် အထူးကုဆေးရုံ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ စုစုမြတ်အောင် (လ/ထဓာတ်မှန်) | ကသာမြို့ပြည်သူ့ဆေးရုံ | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ သီသီဟန် (အထူးကု) | နေပြည်တော် ပြည်သူ့ဆေးရုံကြီး | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ သူဇာဝင်းဟန် (အထူးကု) | လယ်ဝေး ပြည်သူ့ဆေးရုံကြီး | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ စောအေးမောင်သန်း (အထူးကု) | နေပြည်တော် ပြည်သူ့ဆေးရုံကြီး | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ နန္ဒာဝင်း (အထူးကု) | နေပြည်တော် ပြည်သူ့ဆေးရုံကြီး | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ စုနွယ်ဦး (အထူးကု) | ဥတ္တရသီရိကလေးရောဂါ အထူးကုဆေးရုံကြီး | ပျဉ်းမနားမြို့။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ ဇော်နိုင်ဖြိုး (အထူးကု) | ကသာ ပြည်သူ့ဆေးရုံ | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ ကျော်စွာလင်း (အထူးကု) | မင်္ဂလာဒုံပြည်သူ့ ဆေးရုံကြီး | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ အောင်မြင့်ကျော် (လ/ထ ဆရာဝန်) | ညောင်ရွှေ ပြည်သူ့ဆေးရုံ | ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ စောမြတ်သစ္စာ (ကျန်းမာရေးမှူး) | ကလော ပြည်သူ့ဆေးရုံ | ကလောမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ မျိုးမင်းနိုင် (မေ့ဆေးဆရာဝန်) | နေပြည်တော် ပြည်သူ့ဆေးရုံကြီး | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် ကသာမြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာဇော်နိုင်ဖြိုး(ခွဲစိတ်အထူးကု ဆရာဝန်)သည် မြသုခဆေးရုံ၌လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ကျော်စွာလင်း(အထူးကု)သည် ဆာကူရာ ဆေးရုံ၌လည်းကောင်း၊ ညောင်ရွှေမြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာ အောင်မြင့်ကျော် (လ/ထ ဆရာဝန်)သည် ကျော်ခံတွင်းနှင့် သွားဆေးခန်း၌လည်းကောင်း၊ ကလောမြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာစောမြတ်သစ္စာသည် လင်းသစ္စာအထူးကုဆေးရုံနှင့် ကိုယ်ပိုင်ဆေးခန်း၌ လည်းကောင်း၊ နေပြည်တော်ပြည်သူ့ဆေးရုံမှ ဒေါက်တာ မျိုးမင်းနိုင်(မေ့ဆေးဆရာဝန်)သည် ကောင်းသစ် ဆေးရုံ၌ လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါ အတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ ဇော်နိုင်ဖြိုး (ခွဲစိတ်အထူးကုဆရာဝန်၊ ကသာမြို့ပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် “မြသုခ” ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဇော်နိုင်ဖြိုး

စာမျက်နှာ ၂၇ သို့

# CDM လှုပ်ရှားမှု၊ ကျောင်းသားသမဂ္ဂလှုပ်ရှားမှု၊ ဆန္ဒပြဝါဒဖြန့်မှုများနှင့် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူများကို ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁၆

**ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများကို ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Bullying ပြုလုပ်ခြင်းများ၊ ကျောင်းသားသမဂ္ဂလှုပ်ရှားမှုများ၊ ဆန္ဒပြဝါဒဖြန့်မှုများ၊ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေယာယီဈေးအရှေ့၌ CDM လှုပ်ရှားမှု၊ ကျောင်းသားသမဂ္ဂလှုပ်ရှားမှု၊ ဆန္ဒပြ ဝါဒဖြန့်မှုများနှင့် ဆူပူအကြမ်းဖက်မှုများတွင် အဓိက ပါဝင်ဆောင်ရွက်နေကြသူများဖြစ်သည့် ခန့်သူအောင် (၂၀ နှစ်)(ဘ)ဦးအေးချို (ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဖြိုးကျော်နိုင်(၂၁ နှစ်) (ဘ)ဦးမျိုးသန့်၊ (ကျောင်းသားသမဂ္ဂအဖွဲ့ဝင်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ မင်းဟိန်းခန့် (၂၃ နှစ်) (ဘ)ဦးအောင်ညွန့်သန်း (ကျောင်းသားသမဂ္ဂအဖွဲ့ဝင်ဟောင်း)နှင့် ယဉ်မြတ်နိုးဦး(၂၂ နှစ်) (ဘ)ဦးဇော်ဦး(ကျောင်းသားသမဂ္ဂဘဏ္ဍာရေးမှူး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့ ၄ ဦးကို ဧပြီ ၁၃ ရက် ညနေပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။ **(ယာပုံ)**

ထို့ပြင် ၎င်းတို့၏ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်သူ ၁ ဦးဖြစ်သည့် ဗဟန်းမြို့နယ် ယုဇနတာဝါ (၁၀)လွှာ အခန်း(၁၀၀၈/ဘီ)နေ ဦးသိန်းတန်၏ နေအိမ်ကို ဧပြီ ၁၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် ရှာဖွေစစ်ဆေးရာ ၎င်းအားတွေ့ရှိခြင်းမရှိဘဲ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး ၎င်းအား ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




*စာမျက်နှာ ၂၆ မှ*




ဒေါက်တာ ကျော်စွာလင်း (အထူးကုသမားတော်၊ မင်္ဂလာဒုံမြို့နယ် ပြည်သူ့ဆေးရုံကြီး)အား ဆေးကုသခွင့်ပေးထားသည့် "ဆာကူရာ"ဆေးရုံ



ဒေါက်တာ ကျော်စွာလင်း



ဒေါက်တာ စောမြတ်သစ္စာ (ကလောပြည်သူ့ဆေးရုံ )ပိုင်ဆိုင်သည့် "လင်းသစ္စာ" (၂၄)နာရီ အထူးကုဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ စောမြတ်သစ္စာ



ဒေါက်တာ စောမြတ်သစ္စာ (ကလောပြည်သူ့ဆေးရုံ )ဖွင့်လှစ်ကုသနေသည့် ကိုယ်ပိုင်ဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ စောမြတ်သစ္စာ



ဒေါက်တာ အောင်မြင့်ကျော် (ညောင်ရွှေပြည်သူ့ဆေးရုံ ) ဖွင့်လှစ်ကုသနေသည့် "ကျော်"ခံတွင်းနှင့်သွားဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ အောင်မြင့်ကျော်



ဒေါက်တာမျိုးမင်းနိုင်(နေပြည်တော်ပြည်သူ့ဆေးရုံခုတင်-၁၀၀၀)အား ဆေးကုသခွင့်ပေးထားသည့်"ကောင်းသစ်"ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာမျိုးမင်းနိုင်

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာဆေးရုံများ၌ CDM လှုပ်ရှားမှုတွင်ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၁၆**

ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရေးတို့အတွက် နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်နေသူများ၏ သွေးထိုး လှုံ့ဆော်မှုများဖြင့် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိရာတွင် အများပြည်သူ လူထု အထိတ်တလန့်ဖြစ်စေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။




လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခံရသည့် ထားဝယ်မြို့ရှိ မြဝတီဘဏ်ကို တွေ့ရစဉ်။

**ပေါက်ကွဲမှုစစ်ဆေး**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံလမ်းရှိ ဌာနာရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးနေရာ၌ ဧပြီ ၁၅ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် ပေါက်ကွဲမှု တစ်ခုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါနေရာ၌ PVC အပိုင်းအစများနှင့် ဘောစေ့များတွေ့ရှိရပြီး အဆိုပါ ပေါက်ကွဲမှုကြောင့် လူများ ထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိကြောင်း သိရှိရသည်။

အလားတူ ယနေ့နံနက် ၅ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ရေးလမ်းရှိ မြဝတီဘဏ်ရှေ့၌ လုံခြုံရေးဆောင်ရွက်နေစဉ် ဥတ္တမ်ာကြီး မီးပွိုင့်ဘက်မှ မောင်းနှင်လာသည့် Wave-100 ဆိုင်ကယ်ပေါ်မှ အကြမ်းဖက်သူ အမျိုးသား ၂ ဦး (စိစစ်ဆဲ) က လက်လုပ်ဗုံး ၂ လုံးဖြင့် ပစ်ပေါက်၍ ရေး လမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွားခဲ့ရာ လက်လုပ်မိုင်း ၁ လုံးမှာ ဘဏ်ရှေ့သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ကျန် ၁ လုံးမှာ ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း ၁ လုံးကို အများပြည်သူ အန္တရာယ်မဖြစ်စေရေး စစ်မြေပြင် အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရှိရသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးသို့ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ဆူပူအကြမ်းဖက်သူတစ်ဦးက အသံဗုံး ၂ လုံးဖြင့် လာရောက် ပစ်ခတ်ထွက်ပြေးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရော်ဘာကျည်ဖြင့် ခြောက်လှန့်ပစ်ခတ် ဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။ အဆိုပါမိုင်း ပေါက်ကွဲမှုကြောင့် လူများထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်းနှင့် ရော်ဘာကျည် ထိမှန်ဒဏ်ရာရရှိခဲ့သည့် အကြမ်းဖက်သူကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိပြီး တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**လက်လုပ်မိုင်းပေါက်ကွဲ**

အလားတူ နံနက် ၉ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၇၉) ရပ်ကွက် ပဲခူးမြစ်လမ်း မြနန္ဒာကားမှတ်တိုင်အနီး၌ လက်လုပ်မိုင်း (၁) လုံး ပေါက်ကွဲခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ လက်လုပ်မိုင်း ပေါက်ကွဲခဲ့သည့်နေရာ၌ သံဘောစေ့ ၅၀ ခန့်၊ ဓာတ်ခဲ ၃ လုံး၊ ဓာတ်မြေဩဇာအနည်းငယ်၊ ဆားကစ်ပြား ၁ ခု၊ ကော်အပိုင်းအစတချို့ကို စစ်ဆေးတွေ့ရှိရပြီး လူနှင့် အဆောက်အအုံများ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

ထို့အတူ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခါမကျေးရွာ နတ်စင်အနီးရှိ ရေကန်ဟောင်းအတွင်း၌ လက်လုပ်ဗုံး ၁ လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ အရှည် ၆ လက်မ၊ လုံးပတ် ၂ လက်မခန့်ရှိ PVC ရေပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်အသံဗုံး ၁ လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး လူ/ပစ္စည်း ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ် (၇) ရပ်ကွက် ဖိုးရာဇာလမ်းရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးကို ဆိုင်ကယ် ၁ စီးဖြင့် အကြမ်းဖက်သူ အမျိုးသား ၂ ဦး (စိစစ်ဆဲ) မှ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက် ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါရုံးရှေ့၌ ပေါက်ကွဲမှုမရှိသေးသည့် တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံးကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ထို့အတူ မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ရှမ်းပြည်နယ် သီပေါမြို့နယ် သီပေါ-လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၁၃၃/၀-၁) ကြားရှိ ငြိမ်းချမ်းရေးစေတီ၏ တောင်တက်လမ်း ၁ ဖာလုံခန့်အကွာ လမ်းဝဲဘက် မြေကာနံရံ၌ ပလတ်စတစ်ထုပ် ၂ ထုပ်ကို မသင်္ကာဖွယ် တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပလတ်စတစ်ထုပ် ၂ ထုပ်အတွင်းမှ ဝိုင်ယာကြိုးများ တပ်ဆင်ထားသည့် လက်လုပ်ဗုံး ၂ လုံးကို စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ လက်လုပ်ဗုံးများကို အများပြည်သူ အန္တရာယ်မဖြစ်စေရေး ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့နယ် ထားဝယ်-သရက်ချောင်း ကားလမ်း ပေါက်ကိုင်းတံတား အနီး၌ ဆိုင်ကယ်တစ်စီးဖြင့် အကြမ်းဖက်သူ အမျိုးသား ၂ ဦး (စိစစ်ဆဲ) က လက်လုပ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက် ထွက်ပြေးသွား၍ ပေါက်ကွဲခဲ့ရာ အဆိုပါတံတားအနီး လမ်းဘေးရှိ ကျောက်မော်ကျေးရွာမှ ကျောက်ရပ်ကျေးရွာသို့ သွယ်တန်းထားသော ပုဂ္ဂလိကရေပေးဝေရေး ရေပိုက်လိုင်း၏ ၂ လက်မ ရေပိုက်တွင် အလျား ၃ လက်မခန့် ပေါက်ထွက် ပျက်စီးခဲ့ကြောင်း သိရှိရသည်။

**လုံခြုံရေးအင်အားတိုးမြှင့်**

လက်လုပ်ဗုံး ပေါက်ကွဲမှုဖြစ်စဉ်များနှင့် ပတ်သက်၍ ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး အလားတူဖြစ်စဉ်များ ထပ်မံဖြစ်ပွားမှုမရှိစေရေး လုံခြုံရေးအင်အား တိုးမြှင့်ချထား၍ နေ့/ညလှည့်ကင်းများ မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကို အခွင့်ကောင်းယူကာ နိုင်ငံတော်ပိုင် အဆောက်အအုံနှင့် တံတားများ မီးရှို့ဖျက်ဆီး

**နေပြည်တော် ဧပြီ ၁၆**

နိုင်ငံတော်အတွင်း လူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြမှုမှ ဆူပူဆန္ဒပြခြင်း၊ ဆူပူဆန္ဒပြရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုခြင်း၊ လူပုဂ္ဂိုလ်ဆိုင်ရာ အငြိုးအတေးများကို အခြေခံ၍ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ပစ္စည်းများ လုယူခြင်းတို့ကို အသိဉာဏ်ဆင်ခြင်တုံတရားကင်းမဲ့စွာ ကြံစည်အားထုတ် ပြုလုပ်လာမှုများကို တွေ့ရှိနေရသည်။

ထိုသို့လုပ်ဆောင်ရာ၌ ဧပြီ ၁၅ ရက် ည ၁၂ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မထွဲကျေးရွာ ကျေးလက်ကျန်းမာရေးဦးစီးဌာနဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာကို အကြမ်းဖက်သူ လူအုပ်စုမှ မီးရှို့ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ရွာသူရွာသားများ၏ ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် ည ၁၂ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီတွင် ကနီမြို့နယ် လည်ရှည်ကျေးရွာအနီး မုံရွာ-ကလေးဝ ကားလမ်း၌ ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၂၀၀ ခန့်က လမ်းပိတ်ဆို့ကာ မုံရွာမြို့ဘက်မှ ကနီမြို့ဘက်သို့ မောင်းနှင်လာသည့် Honda Fit ယာဉ်တစ်စီးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ယာဉ်မောင်းဖြစ်သူ ဦးသန့်ဇင်ထွန်းနှင့် ၎င်း၏ဇနီးဖြစ်သူတို့မှာ လမ်းဘေးလျှိုအတွင်း၌ ပုန်းအောင်းနေရကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ရာ လည်ရှည် ကျေးရွာအနီးအရောက်၌ ဆူပူအကြမ်းဖက်သူများက လမ်းကို အတားအဆီးများဖြင့် ပိတ်ဆို့ကာ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြု ဝိုင်းဝန်းပစ်ခတ် တိုက်ခိုက်သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမိကရဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ည ၇ နာရီတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စု အတွင်းမှ အမျိုးသား ၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် တူမီးသေနတ် ၁၉ လက်၊ လက်လုပ်ဗုံး ၅ လုံးတို့ကို သိမ်းဆည်းရမိခဲ့ကာ လျှိုအတွင်းပုန်းအောင်းနေသော ဦးသန့်ဇင်ထွန်းနှင့် ၎င်း၏ဇနီးအား ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရှိရသည်။

အလားတူ ဧပြီ ၁၆ ရက် နံနက် ၅ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နှင့် မိကျောင်းအင်းကျေးရွာ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အလျားပေ ၃၀၊ အကျယ် ၁၆ ပေခန့်ရှိ သံပေါင်ဘေလီ ဆတ်သွားချောင်းတံတားကို အကြမ်းဖက် သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ


**နေပြည်တော် ဧပြီ ၁၆**


နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်နှင့် ချင်းပြည်နယ် ထန်တလန်မြို့၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ဧပြီ ၁၅ ရက်နှင့် ယနေ့တို့တွင် တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများ နှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည် သဘောပေါက်ကာ တူမီးသေနတ် ၁၂ လက်၊ လေသေနတ် ၉ လက်၊ လက်လုပ် သေနတ် ၁၂ လက်၊ ဒူးလေး ၂ လက်နှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅

(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။


## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၉-၄၃၀၂၇၃၃၇၊ ၀၉-၄၃၀၁၉၁၆၂
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၂၀၁၁၄၀၀၅၊ ၀၉-၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၅၁၆၆၅၄၃၊ ၀၉-၄၂၀၁၃၆၉၆၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၉-၆၈၇၉၀၂၇၃၇၊ ၀၉-၆၇၃၄၅၄၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၉-၉၇၅၃၂၈၆၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့်
ပေးပို့၍လည်း ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်-

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

5% Discount အမြန်ဆုံး ရယူလိုက်ပါ

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း၊ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း - ၀၉ - ၄၃၀၂၇၃၃၇၊ ၀၉ - ၄၃၀၁၉၁၆၂
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ၀၉ - ၄၅၀၅၃၉၅၅၃၊ ၀၉ - ၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း - ၀၉ - ၄၃၀၃၆၀၃၀၊ ၀၉ - ၄၄၈၀၄၂၂၁၄၊
  ၀၉ - ၄၂၀၁၄၅၆၁၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း - ၀၉ - ၄၅၀၀၂၅၁၄၅၊ ၀၉ - ၄၅၀၀၂၅၅၇၀၊
  ၀၉ - ၇၇၃၀၉၄၉၃၁
- The Global New Light of Myanmar(ရန်ကုန်)
  ၀၉ - ၂၅၀၂၀၄၆၅၃၊ ၀၉ - ၇၇၀၆၇၇၅၁၃၊
  ၀၉ - ၉၈၃၉၂၄၉၉၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း - ၀၉ - ၂၀၅၁၆၈၃၊ ၀၉ - ၄၄၂၂၇၁၁၀၇
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း - ၀၉ - ၂၅၄၄၃၆၆၃၀၊ ၀၉ - ၄၂၂၁၇၀၁၀၄
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း - ၀၉ - ၂၅၀၂၀၄၆၅၁၊ ၀၉ - ၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း - ၀၉ - ၆၈၇၉၀၂၇၁၇၊ ၀၉ - ၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း - ၀၉ - ၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း - ၀၉ - ၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း - ၀၉ - ၉၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း - ၀၉ - ၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း - ၀၉ - ၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း - ၀၉ - ၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း - ၀၉ - ၇၈၁၉၀၇၈၀၇

**သင့်လုပ်ငန်းများအောင်မြင်ဖို့**

အမြို့မြို့အနယ်နယ်ပျံ့သည့် မြန်မာ့အလင်း ကြေးမုံ The Global New Light of Myanmar

သတင်းစာတွင် ကြော်ငြာထည့်ကြစို့

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

အမှတ်၃၈၊ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့

ဖုန်း -၅၄၁၇၉၅ ၊ ၅၅၈၄၃၇

### အလှူရှင်များသို့ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ သဒ္ဓါ၊ စေတနာ ၊ မေတ္တာတို့ဖြင့် ငွေအလှူ ၊ အစွန်းအလှူ၊ လုပ်အားဒါနအလှူ စဉ်ဆက်မပြတ်ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်း ပြည်ပ အလှူရှင်များနှင့်စေတနာဆရာဝန်ကြီးများအားလုံးတို့ ၁၃၈၃ ခုနှစ်၊ နှစ်သစ်မင်္ဂလာအခါသမယတွင် အန္တရာယ်အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ကျန်းမာခြင်း၊စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့

## ဇီဝမျိုးစုံမျိုးကွဲတွေ ကွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်မြမြ
### (အထက-၁၊ တောင်ကြီး-ငြိမ်း)
### အသက် (၈၀)

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ နယ်မြေ (၁၅)၊ အမှတ် (ရ/၁၇)နေ (ဦးချစ်ဖေ-ဒေါ်နန်းဆိုင်နွံ)တို့၏သမီးလတ်၊ (ဦးစဝ်အောင်တိုး-ဒေါ်ရွှေနု)တို့၏သမီးချွေးမ၊ (ဦးစိန်လွင်)-ဒေါ်နန်းဆိုင်စင့်၊ ဦးစိုင်းထွန်းဦး-(ဒေါ်နန်းရွှေယု)၊ (ဦးစိုင်းအောင်ချစ်-ဒေါ်ဖြူဖြူဦး)၊ (ဒေါ်ခင်မြသင်း)၊ ဒေါက်တာဦးထွန်းအေးဖေ-ဒေါ်ကြည်ကြည်အေးတို့၏ညီမ၊ ဦးစိုင်းသိန်းမောင်-ဒေါ်ခင်ချစ်အေးတို့၏အစ်မ၊ ဦးခင်မောင်ဝင်း၏ဇနီး၊ ဒေါ်နန်းယိုင်းယိုင်းဝင်း၊ ဦးစိုင်းဖြိုးမခ-ဒေါ်သန္တာဦးတို့၏မိခင်၊ နန်းအိမ့်မခ၏ ချစ်လှစွာသောအဘွားသည် ၁၄-၄-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၂၁ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့ နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်း ကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆) နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရ ပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## (၁၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
### ဒုတိယဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း)
### (ကြည်း-၇၆၃၁)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၁၇-၄-၂၀၂၁ ရက်တွင် (၁၁)နှစ်ပြည့်ပြီဖြစ်သော်လည်း မိသားစုအားလုံးက ဖခင်ကြီး၏ကျေးဇူးတရားများကို သတိရ အောက်မေ့ဆဲပါ။ ဖခင်ကြီးအတွက်ရည်စူး၍ ပြုလုပ်သောကောင်းမှုကုသိုလ် အစုစုတို့ကို အမျှပေးဝေပါသည်။ ဖခင်ကြီးရောက်ရာ အေးချမ်းမြင့်မြတ်သောဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး ဒေါ်လှမြိုင်နှင့် သားသမီးမြေးမြစ်များ**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ညံတော၊ (၁၅)လမ်းရှိ ဦးပိုင်အမှတ်(၁၀၄)၊ မြေယာအမှတ်(155) ဂရန်အမှတ်တွဲအမှတ် (၆၆၂/၉၂-၉၃)၊ မြေ ရေိယာ ဝဒသမ ဝ၇၆ ကေရှိ ကျွန်မပိုင်မြေနှင့် အိမ်ဂရန်မူရင်းပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာဌာနတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ဆောင်ရွက်ပြီး ဂရန်မိတ္တူမှန် ပြန်လည်ထုတ်ယူမည်ဖြစ်ပါသောကြောင့် ယင်းဂရန်မိတ္တူမှန်ထုတ်ယူခြင်းနှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရာမတ်ဘီ(ခ)ဒေါ်မတ်ဘီ
၉/မမန(နိုင်)ဝ၁၈၇၃၁
အမှတ်(၁၁၂)၊ (၁၅)လမ်း၊ (၁၅)ကွက်၊
ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၅၂၈၆၈၃၉၅

### အများသိစေရန်ကြေညာခြင်း

ယာဉ်အမှတ် ID/9671 Honda Insight 2E-2၏ ယာဉ်သက်သေခံ စာအုပ်နှင့် အာမခံစာအုပ်(မူရင်း)များ ပြန်လည်တွေ့ရှိပြီးဖြစ်ပါသဖြင့် ၄-၄-၂၀၂၁ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းခဲ့သည့် ပျောက်ဆုံးကြောင်း ကြော်ငြာအား ရုပ်သိမ်းပါကြောင်း အသိပေးအပ်ပါသည်။

ဒေါ်သီရိလှိုင်
ဖုန်း-၀၉-၅၁၁၄၅၁၅

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ (၁၂)ရပ်ကွက်၊ ဘုရားလမ်းနေ ဦးကြည်ရွှေ-ဒေါ်တင်ပြုံးတို့၏သမီး ဒေါ်စန္ဒာမြင့် ၉/ခမစ(နိုင်)ဝ၁၈၃၈၅ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ သူ့သဘောအတိုင်း လုပ်ဆောင်သွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ တာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါကြောင်း။

ဖခင် ဦးကြည်ရွှေ ၇/ညလပ(နိုင်)ဝ၁၅၉၉၄

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် (၃၆၊ ပြည်တော်သာ)၊ ဦးပိုင်အမှတ်(၁၃၄)၊ မြေရိယာ ဝဒသမ ဝ၆၆ကေရှိ မြေကွက်အား မြေငှားဂရန် (အမည် ပြောင်း၊ သက်တမ်းတိုး) လျှောက်ထား နိုင်ရေး ဦးနိုင်လင်းအောင် ၁၂/ပဘတ(နိုင်) ဝဝ၂၆၃၈မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (RA-VI၊ ကွက်ပြင်)၊ ဦးပိုင်အမှတ်(၈-ဃ/၁၀၁)၊ မြေယာအမှတ်(57/377)၊ မြေရိယာ ဝဒသမာ၈၃ကေရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးနိုင်လင်းအောင် ၁၂/ပဘတ (နိုင်)ဝဝ၂၆၃၈မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇/ဆင်ခေါင်းကြီး)၊ အကွက်အမှတ် (၆၆၄-က၊ ဆင်ခေါင်းမြောက်) ဦးပိုင်အမှတ် (၉/၂)၊ မြေရိယာ ၁ဒသမ ၃၅ကေရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်ယဉ်ယဉ်အေး ၁/မညန(နိုင်)ဝ၇၅၅ဝ၈မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်း ကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြု ခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည် တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြု ခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်း ကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင် လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထား ခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထား ရှိခြင်းများမပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင် နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှ ထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူး ထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိ လူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာလေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်း ရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ ပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်နှင့် အောင်လံမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေ သူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မဲရုံ ၁၂၀ ရုံ | ၁၀၁၆၅၈ | ၁၀၆၀၂၈ | ၃၃၈၇ | ၇၉၃ | ၁၂၆၃၀ |
| ၂ | မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မဲရုံ ၂၄၄ ရုံ | ၁၈၈၆၇၅ | ၁၅၈၂၈၁ | ၁၆၂၆၆ | ၉၉၆ | ၁၇၈၄၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်နှင့် အောင်လံမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၆၄၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၃၄၉၈၇ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၂၂၃၆၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၂၆၂၆၊ မြေပြင်လက်ကျန် ၁၀၉၃၀၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၇၇၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၄၅၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | မင်းလှမြို့နယ် | ၁၂၀ | ၁၁၆၇၃၄ | ၇၉၃၈၁ | ၃၇၃၅၃ | ၃၆၄၀၃ | ၁၀၀၀ | ၅၀ |
| ၂ | အောင်လံမြို့နယ် | ၂၄၄ | ၂၁၈၂၅၃ | ၁၄၂၉၈၀ | ၇၅၂၇၃ | ၇၂၉၀၂ | ၂၇၇၈ | ၄၀၇ |
| | စုစုပေါင်း | ၃၆၄ | ၃၃၄၉၈၇ | ၂၂၂၃၆၁ | ၁၁၂၆၂၆ | ၁၀၉၃၀၅ | ၃၇၇၈ | ၄၅၇ |

*စာမျက်နှာ ၁၆ ကော်လံ ၁* ❖

# မဟာသင်္ကြန်(အတက်နေ့)တွင် နေပြည်တော်၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲတော်နွှဲပျော်



ဇေယျာသီရိမြို့နယ် ကျည်တောင်ရေဆိပ်၌ လာရောက်အပန်းဖြေ ရေကစားကြသူများကို တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၁၆

၂၀၂၂ ခုနှစ် ဧပြီလ ၁၆ ရက် (၁၃၈၂ ခုနှစ် တန်ခူးလဆန်း ၅ ရက်) မြန်မာ့ရိုးရာ မဟာသင်္ကြန်(အတက်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ကုသိုလ်ကောင်းမှုပြုသူများ၊ ရေပက်ခံကားများ၊ ရေပက်ခံထွက်ကြသူများကို တွေ့ရပြီး စတုဒိသာမဏ္ဍပ်များတွင်လည်း အကျွေးအမွေးများဖြင့် ညှော်ခံကြသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ လေ့ခွင်းတောင် တန်ခိုးကြီးဘုရား၊ ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်စေတီ၊ လောကရန်နိုမ်စေတီ၊ ရန်အောင်မြင်ရွှေလက်လှဘုရား၊ သတ္တသတ္တာဟ သံဝေဇနိယလေးဌာနစေတီ၊ ဖောင်တော်ချက်မစေတီနှင့် အခြားတန်ခိုးကြီးဘုရားကျောင်းကန်များတွင် ဆွမ်း၊ ရေချမ်း၊ တံခွန်ကုက္ကားနှင့် ရွှေသင်္ကန်းများ လှူဒါန်းပူဇော်ကြသူများ၊ တရားစခန်းများတွင် တရားဘာဝနာပွားများအားထုတ်ကြသူများ၊ ရပ်ကွက်ကျေးရွာများအတွင်း အန္တရာယ်ကင်းပရိတ်နာယူကြသူများနှင့် သီတင်းသီလဆောက်တည်ကြသူများကို တွေ့မြင်ရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍

# ဂရန်နာဒါကိုအနိုင်ယူပြီး မန်ယူတို့ ယူရိုပါလိဂ်ဆီမီးဖိုင်နယ် တက်ရောက်



ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနှင့် လာလီဂါကလပ် ဂရန်နာဒါအသင်းတို့ပွဲစဉ်ကို ဧပြီ ၁၆ ရက်နံနက်ပိုင်းတွင် မန်ယူအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး- ဂိုးမရှိဖြင့် မန်ယူအသင်း ယူရိုပါလိဂ် ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

မန်ယူအသင်းသည် ပထမအကျော့တွင် ဂရန်နာဒါကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသော်လည်း ယနေ့ပွဲစဉ်တွင် ဒဏ်ရာရနေသည့် ကစားသမားများနှင့် အသင်းခေါင်းဆောင် မက်ဂွိုင်းယားတို့ကို ချန်လှပ်ကာ အဓိကကစားသမားအများစုဖြင့် ဂရန်နာဒါအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဂရန်နာဒါအသင်းကလည်း ပထမအကျော့ကရှုံးကြွေးကို ချေဖျက်ကာ နောက်တစ်ဆင့်တက်ရောက်နိုင်ရန်အတွက် အားထားရသည့် ကစားသမားအများစုဖြင့် မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဂရန်နာဒါအသင်းသည် မန်ယူအသင်းအပေါ် ဂိုးပေါက်ကန်သွင်းမှု အသာစီးရယူနိုင်ခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❒